# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### ဆင်းရဲဒုက္ခတို့ မကျရောက်

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက် | ၂၀၂၁ ခုနှစ်၊ ဇူလိုင် ၅ ရက်၊ တနင်္လာနေ့ | အတွဲ (၆၀)၊ အမှတ် (၂၇၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုကာကွယ်နိုင်ရန်အတွက် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ပါးစပ်နှင့် နှာခေါင်းစည်း အခမဲ့ဖြန့်ဝေခြင်း(Mask Campaign) များ ပြုလုပ်



ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ကျန်းမာရေးအသိပညာပေးခြင်း ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၄**

ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုကို ထိရောက်စွာကာကွယ်၍ ရောဂါကွင်းဆက်များ ဖြတ်တောက်နိုင်ရန်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ပါးစပ်နှင့် နှာခေါင်းစည်း (surgical mask) အရေအတွက်စုစုပေါင်း ၁၂၀၅၀၀၀၀ ခုကို နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများထံသို့ ဇွန်လအတွင်း ဖြန့်ဝေထားရှိပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ ပါးစပ်နှင့် နှာခေါင်းစည်း (surgical mask) များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်နှင့် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများသည် ရောဂါကူးစက်နိုင်ခြေမြင့်မားသော လူစည်ကားရာနေရာများဖြစ်သည့် မြို့နယ်အသီးသီးရှိ ဈေး၊ ဘဏ်၊ လမ်းဆုံ၊ ကားဂိတ်၊ မြို့အဝင်အထွက်ဂိတ် စသည့်နေရာများတွင် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ နီးနွယ်ဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ရောဂါကာကွယ်ရေး ကျန်းမာရေးအသိပညာပေးခြင်းနှင့် ပါးစပ်နှင့် နှာခေါင်းစည်း အခမဲ့ဖြန့်ဝေပေးခြင်း (Mask Campaign)များ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ယနေ့ ဖတ်စရာ

**မြိတ်မြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ရာသီ၌ ၄၂၄၉၃ ဧက စိုက်ပျိုးနိုင်ရန် လျာထား ဆောင်ရွက်လျက်ရှိ**

ပြည်တွင်းသတင်း စာ - ၅

**တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းခြောက်သောင်းကျော် ကုသပေးနိုင်ခဲ့**

ပြည်တွင်းသတင်း စာ - ၉

**ပူတာအိုခရိုင် မချမ်းဘော့ မြို့နယ်အတွင်းရှိ ထာဝ ကြိုးတံတား တည်ဆောက်ခြင်း လုပ်ငန်းပြီးစီး**

ပြည်တွင်းသတင်း စာ - ၁၉



မြန်မာ့အလင်း

# အထူးဂရုထား ရှောင်ရှားရမည့် ဒယ်လ်တာ

ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်းရောဂါပိုးများ ပေါ်လာပြီးနောက် ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှု အရှိန်အဟုန်ဖြင့် ပြန်လည်မြင့်တက်လာသည်။ မျိုးရိုးဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါပိုး လေးငါးမျိုး ပေါ်ထွက်လာသည့်အနက် ဒယ်လ်တာဟု အမည်ပေးထားသည့်ပိုးက တစ်ကမ္ဘာလုံးတွင် ဗိုလ်စွဲသည်ဟု ဆိုရမည်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံပေါင်း ၁၀၀ နီးနီးတွင် ဒယ်လ်တာ ဗီဇပြောင်းရောဂါပိုးက ဝင်ရောက်ပျံ့နှံ့နေပြီဖြစ်သည်။

ဒယ်လ်တာဗီဇပြောင်းရောဂါပိုးက ကူးစက်မှုနှုန်း ပိုမိုမြန်ဆန်၍၊ ရောဂါပိုမိုပြင်းထန်ကာ ရောဂါလက္ခဏာမှာလည်း မူလကိုဗစ်-၁၉ နှင့် ကွဲပြားခြားနားမှုအချို့ရှိနေရာ အထူးဂရုစိုက်ဖို့ လိုအပ်သည်။ ဒယ်လ်တာပိုးကူးစက်ခံထားရသူတစ်ဦးနှင့် အနီးကပ် ထိတွေ့ဆက်ဆံသူများအနက် ၄၀ ရာခိုင်နှုန်းမှာ ရောဂါကူးစက်ခံရနိုင်သည်။ ရောဂါပြင်းထန်၍ ဆေးရုံတက်ရောက်ရမှုနှင့် သေဆုံးမှုမှာလည်း ပိုမို၍ မြင့်မားသည်။ ဒယ်လ်တာ၏ ရောဂါလက္ခဏာများတွင် အသက်ရှူကျပ်ခြင်း၊ အဆုတ်တွင် ရောဂါဖြစ်ခြင်းတို့အပြင် နှာခေါင်းပိတ်ခြင်း၊ နှာရည်ကျခြင်း၊ လည်ချောင်းနာခြင်း၊ ခေါင်းကိုက်ခြင်း၊ အဖျားဝင်ခြင်းတို့လည်း ပါဝင်နေရာ သာမန်အအေးမိခြင်းနှင့် မှားယွင်းနိုင်ပြီး ဒယ်လ်တာပိုးကူးစက်ခံရသူအချို့မှာ အနံ့ပျောက်ခြင်း၊ အရသာပျောက်ခြင်းလက္ခဏာများ မဖြစ်ပေါ်ခြင်းကြောင့်လည်း သာမန်အအေးမိဖျားနာခြင်းနှင့် မှားယွင်းနိုင်သည်။

မြန်မာနိုင်ငံအတွင်း ဗီဇပြောင်းရောဂါပိုးများ ကူးစက်ဝင်ရောက်လာမှုတွင် ကံအကြောင်းမလှစွာပင် ဒယ်လ်တာဗီဇပြောင်းပိုးလည်း ပါဝင်လာသည်ကို တွေ့ရှိရပြီး နေ့စဉ်နှင့်အမျှ ရောဂါပိုးကူးစက်မှုနှုန်း မြင့်တက်လာကာ သေဆုံးမှုလည်း ပိုမိုများပြားလျက်ရှိနေသည်။ အမေရိက၊ ဥရောပ၊ အာရှနိုင်ငံ ပေါင်း ၁၀၀ ခန့်တို့တွင် ဒယ်လ်တာပိုးကူးစက်ပျံ့နှံ့မှု မြင့်တက်လာခြင်းအပေါ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက လွန်စွာအန္တရာယ်ကြီးမားသည့် အခြေအနေအဖြစ် သတိပေးထားသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံအတွင်း ရောက်ရှိနေပြီဖြစ်သည့် ဒယ်လ်တာပိုးကူးစက်ပျံ့နှံ့မှုအပေါ် အထူးဂရုပြုရန် လိုအပ်နေပြီဖြစ်ပြီး မေ့မေ့လျော့လျော့၊ ပေါ့ပေါ့ဆဆဖြင့် နေထိုင်ရင်း ရောဂါကူးစက်ခံရသည့်အခြေအနေသို့ ရောက်ရှိမသွားစေရန် သတိပေးတိုက်တွန်းလိုသည်။

ကိုဗစ်-၁၉ ရောဂါပိုးကူးစက်သည်ဟုဆိုရာတွင် လူ့ခန္ဓာကိုယ်အတွင်းသို့ မျက်စိ၊ နှာခေါင်း၊ ပါးစပ်တို့မှ ဝင်ရောက်ခြင်းဖြစ်သည်။ ယင်းသို့ ဝင်ရောက်သည်ဟု ဆိုရာတွင်လည်း ရောဂါပိုး လေထုထဲလွင့်ပျံလာသည်ကို ရှူရှိုက်မိခြင်း၊ ရောဂါပိုးကျရောက် တွယ်ကပ်နေသည့် အရာဝတ္ထုတစ်ခုခုကို လက်ဖြင့်ကိုင်တွယ်မိပြီး ယင်းလက်ဖြင့်ပင် မျက်စိ၊ နှာခေါင်း၊ ပါးစပ်တို့ကို ပွတ်သပ်ကိုင်တွယ်မိခြင်းစသည်တို့မှ ဝင်ရောက်ကူးစက်ခံရခြင်းဖြစ်သည်။ အပေါ်ခွံတွင် အဆီများ ဖုံးလွှမ်းနေသည့် ဆူးဘောလုံးပုံသဏ္ဌာန် ကိုဗစ်-၁၉ ရောဂါပိုးကို ပညာပေးပိုစတာများတွင် မိမိတို့ တွေ့ဖူးမြင်ဖူးကြပြီး ဖြစ်သည်။ ယင်းရောဂါပိုးသည် စကားကျယ်လောင်စွာပြောခြင်း၊ သီချင်းဆိုခြင်း၊ နှာချေ ချောင်းဆိုးခြင်းတို့မှတစ်ဆင့် လေထုထဲသို့ မိနစ်အနည်းငယ်ကြာ ရောက်ရှိလွင့်မျောပြီး အောက်သို့ကျသည်။ သာမန်အားဖြင့် ငါးရက်ခန့်ကြာပြီးလျှင် သေသွားသည်။

သို့ဖြစ်ရာ လေအေးပေးစက်တပ်ဆင်ထားသော အိပ်ခန်း၊ အလုပ်ခန်း၊ ရုံးခန်းတို့ကို နေရောင်ခြည်ရရှိရန် လေဝင်လေထွက်တို့ကောင်းမွန်စေရန် တံခါးများ ဖွင့်ထားပြီး လေအေးပေးစက်များအစား ပန်ကာများ သုံးစွဲရန် ကျန်းမာရေးပညာရှင်များက အကြံပြုတိုက်တွန်းထားသည်။ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်တို့ကို ပါးစပ်၊ နှာခေါင်းစည်းနှင့် မျက်နှာကာတို့ဖြင့် ကာကွယ်ထားရန်၊ အိပ်ရေးဝဝအိပ်၊ အာဟာရပြည့်အောင်စား၊ ပေါ့ပေါ့ပါးပါး လေ့ကျင့်ခန်းတို့လုပ်ရန်၊ လူစုလူဝေးကိုရှောင်၊ လက်ကိုဆပ်ပြာဖြင့် မကြာ မကြာဆေးရန်တို့ကို မပြတ်သတိပေးလျက်ရှိရာ ကိုဗစ်-၁၉ မူလရောဂါပိုးထက် ပိုမိုပြင်းထန်ကူးစက်မြန်သော ဒယ်လ်တာမျိုးဗီဇပြောင်းရောဂါမှ ရှောင်ရှားနိုင်ရေး လူတိုင်းလူတိုင်း ဂရုပြု၍ ကျင့်သုံးကြစေရန် အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါကြောင်း။ ။

# တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီက စာသင်တိုက်များသို့ လှူဖွယ်ဝတ္ထုငွေနှင့်ပစ္စည်းများ လှူဒါန်း



ထားဝယ် ဇူလိုင် ၄

တနင်္သာရီတိုင်း ဒေသကြီး ထားဝယ်မြို့ ဘုန်းကြီးကျောင်းစာသင်တိုက်တွင် သံဃာတော်များ ကိုဗစ်-၁၉ ကာလအတွင်း ဆွမ်းခံမထွက်ရသဖြင့် ကိုဗစ် စည်းကမ်းများနှင့်အညီ သီတင်းသုံးနိုင်ရေးအတွက် ဇူလိုင် ၃ ရက်က တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီမှ ဇေယျဝတီစာသင်တိုက်နှင့် ဇောတိကာရုံစာသင်တိုက်များသို့ လှူဖွယ်ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ရှေးဦးစွာ ဆရာတော်များထံမှ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများတို့က ငါးပါးသီလ ခံယူဆောက်တည်ခဲ့ကြပြီး အနုမောဒနာတရားနာကြားကြသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီက ဇေယျဝတီစာသင်တိုက်သို့ ဝတ္ထုငွေကျပ် ၂၆၂၅၀၀၀၊ ဆန် ၁၂ ပြည်အိတ် ၇၀၊ ဆီ ၅ လီတာဘူး ၂၀၊ အာလူး ၁၀ ပိဿာငါးအိတ်၊ ကြက်သွန်နီ ၁၀ ပိဿာငါးအိတ်၊ ကြက်သွန်ဖြူ ၁၀ ပိဿာနှစ်အိတ်၊ ငါးခြောက် ၁၅ ပိဿာနှင့် ဇောတိကာရုံစာသင်တိုက်သို့ ဝတ္ထုငွေကျပ်၂၁၁၀၀၀၀၊ ဆန် ၁၂ ပြည်အိတ်၂၀၊ ဆီ ၅ လီတာ ၁၀ ဘူး၊ အာလူး ၁၀ ပိဿာ နှစ်အိတ်၊ ကြက်သွန်နီ ၁၀ ပိဿာ နှစ်အိတ်၊ ကြက်သွန်ဖြူ ၁၀ ပိဿာ တစ်အိတ်၊ ငါးခြောက် ၁၀ ပိဿာ စသည်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်အောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူတို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

# နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ သထုံခရိုင်ဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ သင်တန်းကျောင်းများတွင် မိုးရာသီကာလ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၄**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ သထုံခရိုင် ဦးစီးမှူးရုံးနှင့် သင်တန်းကျောင်းများရှိ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ သင်တန်းသူများအနေဖြင့် သစ်ပင်နှင့် သစ်တော၏တန်ဖိုးကို နားလည်ချစ်မြတ်နိုးသည့် စိတ်ဓာတ်ကို ဖော်ဆောင်ပေးရန် ရည်ရွယ်၍ သထုံခရိုင်ဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုး ရေးသင်တန်းကျောင်း သထုံ၊ ရေးနှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း မုဒုံ၊ ရေးစုစုပေါင်းသင်တန်းကျောင်းလေးကျောင်း၌ ဇူလိုင် ၁ ရက် နံနက်ပိုင်းက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို သက်ဆိုင်ရာ သင်တန်းကျောင်းအလိုက် ပြုလုပ်သည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ပင် ၁၆၀ ၊ နှစ်ရှည်ပင် ၉၂ ပင်၊ အရိပ်ရလေကာပင် ၂၆၀ စုစုပေါင်း ၅၁၂ ပင် စိုက်ပျိုးကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးဆိုင်ရာ ဆရာဖြစ်သင်တန်းဆင်း

**ဝက်ထီးကန် ဇူလိုင် ၄**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်အတွင်းရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (ဝက်ထီးကန်) တွင် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးဆိုင်ရာ ဆရာဖြစ်သင်တန်းအမှတ်စဉ် (၁/၂၀၂၁) သင်တန်းဆင်းပွဲအခမ်းအနားကို ဇူလိုင် ၂ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ထွန်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များနှင့် ထူးချွန်ဆုရရှိသော သင်တန်းသား သင်တန်းသူများအား ဆုများ ချီးမြှင့်ကာ သင်တန်းသားများ ကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

သင်တန်းဆင်းပွဲသို့ လေ့ကျင့်ရေးသင်တန်းကျောင်း ကျောင်းအုပ်ကြီး ရဲမှူးကြီး စန်းကို၊ ဒုကျောင်းအုပ်နှင့်တပ်ဖွဲ့ဝင်များ၊ အကျဉ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်အေးနှင့် တပ်ဖွဲ့ဝင်များ၊ ဝက်ထီးကန်တိုက်နယ်ဆရာဝန် ဒေါက်တာတင်ဋ္ဌေးဋ္ဌေးအိ၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း ဝက်ထီးကန်မှ စခန်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးလွင်နှင့် အရာထမ်း အမှုထမ်းများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်သည်။



အဆိုပါသင်တန်းကို ဇွန် ၂၁ ရက်မှ ဇူလိုင် ၂ ရက်အထိ ၁၂ ရက်ကြာ ဖွင့်လှစ်ခဲ့ပြီး မြန်မာနိုင်ငံအတွင်းရှိ မူးယစ်ဆေးဝါးသုံးစွဲမှု လျော့နည်းပပျောက်ရေးအတွက် ပြန်လည်ထူထောင်ရေးစခန်းများမှ အရာထမ်း အမှုထမ်းများအား အရည်အသွေးမြှင့်တင်ပြီး စာတွေ့ လက်တွေ့ သင်ကြားပို့ချသည့် သင်တန်းဖြစ်ကြောင်း သိရသည်။

**မောင်ရွှေဝင်း (ပြည်)**

# ပြည်သူ့လုံခြုံရေးစနစ်

မိမိတို့တာဝန်ယူပြီးနောက်ပိုင်း နိုင်ငံရေးအရ ဆန္ဒပြမှုများရှိလာကြောင်း၊ တာဝန်ယူရသည့်အခြေအနေအား အကြိမ်ကြိမ် ရှင်းလင်းပြောကြားထားသော်လည်း နားလည်သဘောပေါက်သူများရှိသကဲ့သို့ နားမလည်သူများလည်းရှိကြောင်း၊ ယခုအခါ ဆူပူသောင်းကျန်းမှုများမှတစ်ဆင့် အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်လာကြောင်း၊ လက်နက်ကိုင်သောင်းကျန်းသူများ၏ နယ်မြေများအတွင်း ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများ တက်ရောက်ခြင်း၊ မတရားအသင်းအဖြစ်ကြေညာထားသည့် CRPH ၊ NUG ၊ PDF များဖွဲ့စည်း၍ အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ပြီး ဖျက်ဆီးရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိလာကြကြောင်း၊ ပြည်သူများ လုံခြုံရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အဖွဲ့အစည်းများပူးပေါင်း၍ ပြည်သူ့လုံခြုံရေးစနစ်ဖြင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၄-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

# ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး ဒုတိယအကြိမ် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ပုံမှန်အစည်းအဝေး တက်ရောက်

**နေပြည်တော် ဇူလိုင် ၄**

ဒုတိယအကြိမ် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ပုံမှန်အစည်းအဝေး(၁/၂၀၂၁)ကို ယမန်နေ့ နံနက်ပိုင်းက လမ်းမတော်မြို့နယ် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီရုံး အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

### ပူးပေါင်းဆောင်ရွက်

ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးက ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၏ တာဝန်ခံဝန်ကြီးဌာနဖြစ်သည်နှင့်အညီ အင်ဂျင်နီယာကောင်စီ၏ လုပ်ငန်းများကို ရှေ့ဆက်လက်ပြီးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအနေဖြင့် ရှေ့ဆက်လက်ပြီး နိုင်ငံတကာစံနှုန်းများနှင့်အညီ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များ ပြင်ဆင်သည့်လုပ်ငန်းများ၊ အင်ဂျင်နီယာပညာ မြှင့်တင်သည့်လုပ်ငန်းများ၊ အင်ဂျင်နီယာများ စဉ်ဆက်မပြတ် လေ့လာသင်ကြားရေးနှင့် အင်ဂျင်နီယာကျင့်ဝတ်၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ကိုင်နိုင်ရေး၊ အင်ဂျင်နီယာနှင့် အင်ဂျင်နီယာပညာရေး ဒေသတွင်းနိုင်ငံတကာ အသိအမှတ်ပြုရရှိရေးလုပ်ငန်းများ အောင်မြင်အောင် ဆက်လက်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။ အင်ဂျင်နီယာ အရည်အသွေးစနစ်ကျစေရန်အတွက် နာယကကြီးများ၊ ကောင်စီဝင်များနှင့် ပြင်ပပညာရှင်များအားလုံး ပူးပေါင်းဆောင်ရွက် ကြိုးပမ်းကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက အမှာစကား ပြောကြားသည်။

### ဆက်လက်ကျင်းပခဲ့

ယင်းနောက် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၏ ယနေ့ကျင်းပသည့် ပထမ (၆) လပတ် ပုံမှန်အစည်းအဝေးတွင် လစ်လပ်သွားသော ကောင်စီဝင်တစ်ဦး၏နေရာ၌ နာယကကြီးများရှေ့မှောက်တွင်ကတိသစ္စာပြုခန့်ထားခြင်းနှင့် တွဲဖက်အတွင်းရေးမှူး(၁)အဖြစ် အတည်ပြုခန့်ထားခြင်းများဆောင်ရွက်ပြီး အစည်းအဝေး (ပထမပိုင်း) အစီအစဉ်ကို အောင်မြင်စွာ ကျင်းပပြီးစီးကာ အစည်းအဝေး (ဒုတိယပိုင်း) နှင့် (တတိယပိုင်း) တို့ကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။



ဒုတိယအကြိမ် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ပုံမှန်အစည်းအဝေး(၁/၂၀၂၁)ကို ကိုဗစ်-၁၉ ညွှန်ကြားချက်များနှင့်အညီ ကျင်းပစဉ်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးနှင့် အဖွဲ့သည် ရန်ကုန်-ပုသိမ်လမ်း (ရန်ကုန်တိုင်းဒေသကြီးအပိုင်း)အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် (ဧရာဝတီတိုင်းဒေသကြီးအပိုင်း) အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုတို့ကိုလည်းကောင်း၊ မိုင်တိုင်အမှတ် (၃၂/၄ နှင့် ၃၂/၅) ကြားရှိ ကဇန်းတံတားချဉ်းကပ်လမ်း ကွန်ကရစ်လမ်းတိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ လင်းလွန်းပင်တံတားတိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဗိုလ်မြတ်ထွန်းတံတားနှင့် ဧရာဝတီတံတား (ညောင်တုန်း) တို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျုံကနောင် (ပန်းတနော်)-ရွှေလောင်း- ဝါးခယ်မလမ်း မိုင်တိုင်(၃/၇ မှ ၁၃/၄) အတွင်း (၉ မိုင် ၄ ဖာလုံ)ကို (၁၈)ပေအကျယ် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများဆောင်ရွက်ထားရှိမှုနှင့် တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂)မှ တာဝန်ယူတည်ဆောက်နေသော ကျွန်းကုန်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်တို့ကိုလည်းကောင်း၊ ကျွန်းကုန်း- မြောင်းမြလမ်းနှင့် မြောင်းမြ- မြင်းကဆိပ်- ကံကုန်း- ပုသိမ်လမ်း ပြုပြင်ထိန်းသိမ်းထားရှိမှုနှင့် ပမ္မဝတီတံတား(မြင်းကဆိပ်)တည်ဆောက်ရေးလုပ်ငန်းခွင်တို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

### တာဝန်ယူတည်ဆောက်

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပုသိမ်မြို့ပြဖွံ့ဖြိုးရေးနှင့် မြို့တွင်းလမ်းများ အခြေအနေကိုလည်းကောင်း၊ တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၆)မှ တာဝန်ယူတည်ဆောက်ပြီးစီးခဲ့သည့် ပုသိမ်တံတား အမှတ်(၂)သို့လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၄**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိစက်ရုံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၄**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဇူလိုင် ၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်ရှိ စက်မှုဓမ္မာရုံ၌ စက်မှုဝန်ထမ်းဟောင်းများနှင့် တွေ့ဆုံဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်လျက်ရှိသော အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်းအောက်ရှိ ဆပ်ပြာမှုန့်စက်ရုံသို့ရောက်ရှိပြီး သက်သာဆပ်ပြာရည်နှင့် သက်သာဆပ်ပြာမှုန့်များ ထုတ်လုပ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဆေးဝါးစက်ရုံ(အင်းစိန်) ခေတ်မီသိုလှောင်ရုံအတွင်း သတ်မှတ်စံထိုင်းဆအတိုင်း ကွန်ပျူတာစနစ်အသုံးပြု၍ ကုန်ကြမ်းများနှင့် ထုတ်လုပ်ပြီးဆေးဝါးများ သိုလှောင်ထားရှိမှုအခြေအနေနှင့် မြွေများမွေးမြူရေးဌာနတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)

**ကြပ်မတ်လိုက်နာ**

ထို့နောက် စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူးက လုပ်ငန်းလည်ပတ်ဆောင်ရွက်နေသည့် အခြေအနေနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက **"နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်ပမှ ဆေးဝါးအများအပြား တင်သွင်းနေရကြောင်းသိရှိရသဖြင့် ပြည်တွင်း၌အသုံးများသည့်ဆေးများကို နိုင်ငံပိုင်ဆေးဝါးစက်ရုံများမှ လုံလောက်စွာ ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ရန်"** လမ်းညွှန်မှုပြုထားသဖြင့် ပြည်တွင်းလိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းပေးနိုင်ရေးအတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ရန်၊ ထုတ်လုပ်မှုနှင့် သိုလှောင်မှုလုပ်ငန်းများကို စံပြုသတ်မှတ်ထားသော လုပ်ငန်းစဉ်များအတိုင်း ကြပ်မတ်လိုက်နာဆောင်ရွက်ရန် မှာကြားသည်။

**ပေါင်းစပ်ညှိနှိုင်း**

ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် လှည်းကူးမြို့နယ်ရှိ အသည်းရောင်အသားဝါဘီပိုးကာကွယ်ဆေးထုတ်လုပ်သည့် စက်ရုံသို့ရောက်ရှိပြီး စက်ရုံတာဝန်ခံက စက်ရုံဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဆေးဝါးများကို ကောင်းမွန်သော ထုတ်လုပ်မှုနည်းစဉ်များအတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူများအတွက် မရှိမဖြစ်လိုအပ်




လျက်ရှိသော ကာကွယ်ဆေးများ ထုတ်လုပ်နိုင်ရေးကြိုတင်ပြင်ဆင်ထားကြစေလိုကြောင်း မှာကြားပြီး အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေး ထုတ်လုပ်သည့် နည်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် စက်မှုဝန်ကြီးဌာနပိုင် အင်းစိန်လမ်းနှင့် အောင်သိဒ္ဓိလမ်းထောင့်ရှိ ယခင် ယန္တရားဝင်းနှင့် အမှတ်(၂၀၅) ကမ်းနားလမ်း အလုံမြို့နယ်ရှိ ရေခဲထုတ်လုပ်သည့် စက်ရုံဟောင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် မြစ်ကြီးနားမြို့ရှိ အလုပ်သမားရေးရာဆိုင်ရာနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာရုံးများ စစ်ဆေး




**နေပြည်တော် ဇူလိုင် ၄**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ဇူလိုင် ၃ ရက် နံနက်ပိုင်းက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့သစ်ရပ်ကွက်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ကချင်ပြည်နယ်ဦးစီးမှူးရုံးသို့ရောက်ရှိပြီး လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။ (ဝဲပုံ)

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ရောရပ်ကွက်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြစ်ကြီးနားခရိုင်ဦးစီးမှူးရုံးအဆောက်အအုံနှင့် မြစ်ကြီးနားမြို့နယ် ဦးစီးမှူးရုံး၏ မှတ်တမ်းခန်းအခြေအနေတို့ကို လည်းကောင်း၊ အလုပ်သမားရေးရာဆိုင်ရာ ပြည်နယ်နှင့် မြို့နယ် လူမှုဖူလုံရေးအဖွဲ့ ရုံးအဆောက်အအုံ၊ ရုံးခန်းများအခြေအနေနှင့် လူမှုဖူလုံရေး၊ မြတ်မွန် အထွေထွေရောဂါကုဆေးခန်းတို့ကို လည်းကောင်း၊ ကချင်ပြည်နယ်နှင့် မြစ်ကြီးနားမြို့နယ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးခန်းများနှင့် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး အဆောက်အအုံ အခြေအနေတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရုံးဖွင့်လှစ်ဆောင်ရွက်မှုနှင့် ရုံးအဆောက်အအုံများ အခြေအနေကို လိုက်လံရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက ရုံးသန့်ရှင်းသာယာလှပရေး၊ ရုံးစာရွက်စာတမ်းများ လုံခြုံရေး၊ ရုံးဝင်းအတွင်း ပြည်သူများအတွက် ခေတ္တနားနေဆောင်များ စီစဉ်ပေးရေး၊ ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါ တားဆီးကာကွယ်ရေးအတွက် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ နေထိုင်ကြရေးမှာကြား၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်နှင့် ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ (၅)နှစ်သင်တန်းဝင်ခွင့်စာမေးပွဲဖြေဆိုမှု "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ကြည့်ရှုအားပေး

**ဟိုပန် ဇူလိုင် ၄**

၂၀၂၁ - ၂၀၂၂ ပညာသင်နှစ် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း) ပထမနှစ် ဝိဇ္ဇာသိပ္ပံနှင့် အေဂျီတီအိုင်သင်တန်းနှင့် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ် ပညာရေးဘွဲ့(B.Ed) (၅)နှစ် သင်တန်းအမှတ်စဉ်(၉) သင်တန်းအတွက် ဝင်ခွင့်စာမေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲက ဟိုပန်မြို့ အခြေခံပညာအထက်တန်းကျောင်း စာမေးပွဲခန်းမတွင်ကျင်းပရာ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီနပ်နှင့် အဖွဲ့ဝင်များ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စိုးတင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးရဲဝင်းထိုက်နှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးပြီး ဝင်ခွင့်ဖြေဆိုသည့် ကျောင်းသား ကျောင်းသူများကို အားဖြည့်အချိုရည်များ ပေးအပ်ခဲ့သည်။

"ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းမှ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှင့် အေဂျီတီအိုင်သင်တန်းသို့ အမျိုးသားရှစ်ဦး၊ အမျိုးသမီးခြောက်ဦး စုစုပေါင်း ၁၄ ဦး၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(၅)နှစ်သင်တန်းသို့ အမျိုးသားသုံးဦး၊ အမျိုးသမီးငါးဦး စုစုပေါင်း ရှစ်ဦး ဖြေဆိုခဲ့သည်။

ဆက်လက်၍ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌသည် Clean and Green အစီအစဉ်ဖြင့် ဆောင်ရွက်နေသည့် နမ့်ဆောင်ချောင်း သဲနုန်းဆယ်ယူခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ ခရိုင်လမ်းဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးလင်းအောင်က လုပ်ငန်းဆောင်ရွက် ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုး



**နေပြည်တော် ဇူလိုင် ၄**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ် (၁) တည်ဆောက်ရေး (ပေါင်းလောင်းဝင်း) အတွင်း၌ ကျင်းပသည်။

ရေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး၊ ဒုတိယဝန်ကြီး ဦးသန့်စင်နှင့် အမြဲတမ်းအတွင်းဝန် ဦးသန်းဇော်တို့က ရတနာတန်းဝင် ကျွန်းပင်များကို လည်းကောင်း၊ ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဌာနအကြီးအကဲများက ပျိုးပင်များကို လည်းကောင်း သတ်မှတ်နေရာများတွင် တစ်ပြိုင်တည်း စိုက်ပျိုးပေးကြသည်။

ထို့နောက် အရာထမ်း၊ အမှုထမ်းများက ပိတောက်၊ ကျွန်း၊ ပျဉ်းကတိုး၊ မန်ကျည်းရှား၊ စွယ်တော်၊ မြန်မာ့ရှား၊ ငုရွှေ၊ ပုန်းညက်၊ ကုက္ကိုစသည့် ပျိုးပင်ပေါင်း ၁၀၀၀ စုပေါင်းစိုက်ပျိုးကြသည်ကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနအကြီးအကဲများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ (ယာပုံ) သတင်းစဉ်

# မြိတ်မြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ရာသီ၌ ၄၂၄၉၃ ဧက စိုက်ပျိုးနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိ

**မြိတ် ဇူလိုင် ၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ရာသီတွင် လယ်မြေဧကပေါင်း ၄၂၄၉၃ ဧကကို မိုးစပါးစိုက်ပျိုးနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း မြိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဝင်းမြတ်စိုးထံမှ သိရသည်။

"ကျွန်တော်တို့ဌာနက စပါးအထွက်နှုန်းတိုးအောင် အဓိကဦးစားပေးဆောင်ရွက်နေတာက မျိုးကောင်းမျိုးသန့် မျိုးပွားစပါးတွေကို တောင်သူတွေ စိုက်ပျိုးနိုင်ဖို့ မျိုးကောင်းမျိုးသန့်ထုတ်လုပ်တဲ့ စိုက်ခင်းတွေထူထောင်ပြီး မျိုးကောင်းမျိုးသန့်စပါးများ တောင်သူတွေရရှိဖို့ ဆောင်ရွက်နေပါတယ်။ ယခုနှစ် မိုးစပါးစိုက်ရာသီမှာတော့ မြိတ်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ခြောက်အုပ်စုမှာ မျိုးကောင်းမျိုးသန့် မျိုးပွားစိုက်ခင်းဧကပေါင်း ၁၇၀ ကျော်ခန့်ကို စိုက်ပျိုးနေပါတယ်။ တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာ စိုက်ဧကပေါင်း ၂၂၀၀၀၀ ခန့်ရှိပါတယ်။ အဲဒီအထဲမှာ မြိတ်မြို့နယ်က စပါးစိုက်ဧကအများဆုံး ပါဝင်ပါတယ် " ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းမြတ်စိုးက ပြောသည်။



တနင်္သာရီတိုင်းဒေသကြီးသည် ဆန်စပါးဖူလုံမှုနည်းပါးသည့်ဒေသတစ်ခုဖြစ်ပြီး ဆန်ဖူလုံမှုမရှိသည့်အတွက် ဒေသ၏လိုအပ်ချက် ၂၄ ရာခိုင်နှုန်းခန့်ကို ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသောဆန်များအား ဝယ်ယူစားသုံးနေရသည့်အတွက် ဒေသခံတောင်သူများကို စပါးအထွက်နှုန်းများ တိုးတက်မြင့်မားလာစေရန် ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီသော စပါးမျိုးကောင်းမျိုးသန့်များကို စိုက်ပျိုးထုတ်လုပ်နိုင်စေရန် မြိတ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက နည်းပညာပေးခြင်း သင်တန်းများဖွင့်လှစ်ကာ အသိပညာပေးဟောပြောခြင်း၊ လက်တွေ့သရုပ်ပြပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ မြိတ်မြို့နယ်တွင် ဆည်ရေသောက်ဧရိယာမရှိသည့်အတွက် သဘာဝမိုးရေကိုသာ အဓိကထားစိုက်ပျိုးလျက်ရှိပြီး နှစ်စဉ် မိုးစပါးရာသီချိန်တွင် မိုးစပါးများကို ကလွင်၊ စန္ဒဝတ်၊ ကျောက်ဖျာ၊ သစ်ယာဝ၊ ရေမြစ်ကြီး၊ သဘွတ်၊ ပင်းအို၊ အင်္ဂမော်၊ ပသောင်း၊ တောင်ဖီလာ၊ စလွန်း၊ မင်းသန်း၊ တောင်ရှည်၊ တောင်ညို၊ တညက်၊ မဇော၊ တုံဗျောစသည့်ကျေးရွာအုပ်စုများတွင် အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့မြို့နယ်ကတော့ ဒေသဝမ်းစာဖူလုံရေးအတွက် ၇၆ ရာခိုင်နှုန်းခန့် ရှိပါတယ်။ ရေမြေရာသီဥတုနဲ့သင့်တော်တဲ့ စပါးမျိုးအနေနဲ့ လက်ရှိအနေအထားမှာ ဆင်းသုခ၊ သီရိသုခစပါးမျိုး၊ တောင်သူတွေအနေနဲ့ ရေမြေရာသီဥတုနဲ့ကိုက်ညီတဲ့ ဒီလိုစပါးမျိုးတွေ စိုက်ပျိုးကြဖို့ နည်းပညာပေးတွေ၊ အသိပညာပေးတာတွေ ဆောင်ရွက်နေပါတယ်" ဟု မြို့နယ်ဦးစီးမှူး ဦးဝင်းမြတ်စိုးက ပြောသည်။

မြိတ်ခရိုင်တွင် စပါးစိုက်ဧကပေါင်း ၁၂၀၀၀၀ ဧကရှိပြီး မြိတ်မြို့နယ်တွင် ယခင်နှစ် မိုးစပါးစိုက်ရာသီအချိန်က စပါးစိုက်ဧက ၄၂၄၉၃ ဧကကို စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကစပါးထွက်နှုန်းမှာ တင်း ၇၀ ကျော်ခန့်ထွက်ရှိခဲ့ကြောင်း၊ ယခုနှစ် မိုးစပါးစိုက်ရာသီတွင်လည်း စပါးစိုက်ဧက ၄၂၄၉၃ ဧကကို စိုက်ပျိုးနိုင်ရန် လျာထားဆောင်ရွက်နေကြောင်း မြိတ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မြင့်ဦး(မြိတ်)**




နေပြည်တော် ဒက္ခိဏသီရိဈေးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ကျန်းမာရေး အသိပညာပေးခြင်းနှင့် ပါးစပ်နှင့် နှာခေါင်းစည်းအခမဲ့ ဖြန့်ဝေပေးစဉ်။ *(သတင်း - ရှေ့ဖုံး)*



မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ကျန်းမာရေးအသိပညာပေးခြင်းနှင့် ပါးစပ်နှင့် နှာခေါင်းစည်း အခမဲ့ဖြန့်ဝေပေးစဉ်။ *(သတင်း - ရှေ့ဖုံး)*

# “ဆောင်းဒါးသို့ ကျောင်းသွားစို့”

မောင်အောင်

“ဒါနဲ့ နေစမ်းပါဦး။ ဟိုတစ်နေ့က တီဗွီထဲ တွေ့လိုက်ပါတယ် ဆောင်းဒါးရက်ကန်းကျောင်းဆိုတာ။ ဆောင်းဒါးဆိုတာ ဘာအဓိပ္ပာယ်လဲကွ၊ ဆောင်ဒါးပဲ ကြားဖူးပါတယ်။ ဆောင်းဒါးဆိုတော့ ဆောင်းတွင်းမှာ ဒါးတွေထုတ်လို့ ဆောင်းဒါးလို့ ခေါ်တာလား။”

အမေ့ရွာသို့ရောက်နေခိုက် ကျွန်တော်၏အစ်ကိုကြီးက မေးလိုက်ခြင်းဖြစ်သည်။ အစ်ကိုကြီးက အသက်ရှစ်ဆယ်ကျော်။ ၁၀ တန်းအထိ ကျောင်းနေခဲ့သူဖြစ်၍ ဗဟုသုတရှိသည်။ သတင်းစာဖတ်သည်။ တီဗွီကြည့်သည်။ လူပျိုလူလွတ်ဖြစ်၍ တီဗွီကို သတင်းရော၊ ဇာတ်လမ်းတွေပါ မကျန် ကြည့်တတ်သူဖြစ်၍ နှံ့စပ်သည်။ သို့ဖြစ်၍လည်း ပြီးခဲ့သည့်အပတ်ထဲက တီဗွီတွင် လွှင့်ထုတ်သွားခဲ့သည့် ဆောင်းဒါးရက်ကန်းသင်တန်းကျောင်းနှင့် ပတ်သက်၍ သူ့စိတ်ထဲမရှင်းသည်ကို ကျွန်တော့်ကို မေးလာခြင်းဖြစ်ပါသည်။

“ဒီလိုအစ်ကိုရေ အဲဒီ ဆောင်းဒါးရက်ကန်းသင်တန်းကျောင်းက အမရပူရမှာရှိတာ။ မန္တလေး၊ စစ်ကိုင်းသွားတဲ့ ကားလမ်းပေါ်မှာရှိတာ၊ အမရပူရကတော့ အစ်ကိုသိပါတယ်၊ ရက်ကန်းလုပ်ငန်းနဲ့ နာမည်ကြီးတဲ့မြို့လေ။”

“ရက်ကန်းနဲ့တင် နာမည်ကြီးတာ မဟုတ်ဘူးကွ။ အရှင်ဇနကာဘိဝံသရဲ့ ဘုန်းကြီးကျောင်းလည်းရှိလို့ နာမည်ကြီးတာ။ တောင်မြို့လို့လည်း ခေါ်တယ်လေကွာ။”

“ဟုတ်ကဲ့၊ အဲဒီအမရပူရမှာ ဟိုးအရင်ကတည်းက မြန်မာ့ရိုးရာလက်ရက်ကန်းစက်တွေရှိခဲ့တယ်။ လက်ရက်ကန်းကတော့ အစ်ကိုလည်းသိတဲ့အတိုင်း လွန်းပြေးအောင် ရက်ကန်းရက်တဲ့ လူက ဟိုဘက်ဒီဘက်လက်နဲ့ ပစ်ပေးရတယ်။ ခြေထောက်နဲ့လည်း ဘယ်ညာတစ်လှည့်စီ နင်းပြီး ရက်ကန်းခတ်ရတယ်။”

ကျွန်တော်က အစ်ကို့ကို လက်ရက်ကန်းအကြောင်း ရှင်းပြဖြစ်သည်။

“ဒို့ ရှေးမြန်မာလက်ရက်ကန်းအကြောင်း ငါသိပါတယ်ကွာ။ အဲ ဒါပေမယ့် မင်းပြောတော့မှ မျက်စိထဲပေါ်လာတယ်။ အဲဒါနဲ့ ဆောင်းဒါးနဲ့ ဘာဆိုင်လို့လဲ။”

“ဆိုင်တယ် အစ်ကိုရဲ့။ အဲဒီ ၁၉၁၄ ခုနှစ်လောက်တုန်းက အထက်မြန်မာပြည် တရားရေးမင်းကြီးက မစ္စတာအယ်လ်အိပ်ချ်ဆောင်းဒါး (Mr. LH. Saunders) တဲ့။ အဲဒီမစ္စတာဆောင်းဒါးက အင်္ဂလန်က ပြန်လာတော့ လွန်းပျံလက်ခတ်ကို ယူလာပြီး မြန်မာ့ရိုးရာလက်ရက်ကန်းစင်ပေါ်တင်ပြီး အမရပူရနယ်မှာရှိကြတဲ့ ရက်ကန်းခတ်တဲ့ လုပ်ငန်းရှင်တွေကို ရက်ခတ်ပြသပေးခဲ့တယ်။ အဲဒီ လွန်းပျံလက်ခတ်နဲ့ရက်တော့ လွန်းကိုလက်နဲ့ မထိုးရတော့ဘဲ သူ့အလိုအလျောက်သွားတာကြောင့် အနံကြီးကြီးလည်း ရက်နိုင်တယ်။ လက်နဲ့ ဟိုဘက်ကနေ ဒီဘက် ဒီဘက်ကနေ ဟိုဘက် ပြန်ပစ်နေရတာကြာပြီး၊ သူ့အလိုအလျောက်သွားတော့ ပိုပြီးမြန်လာတယ်။ အဲဒါကြောင့် ရက်ကန်းသမားတွေက ကြိုက်ကြတယ်။ သူတို့က သင်တန်းဖွင့်ပြီး သင်ပေးဖို့ တောင်းဆိုတာကြောင့် ရက်ကန်းသင်တန်း စပြီးပေါ်လာတာ။”

“ကဲ အဲဒီတော့ မင်းပြောတဲ့ မစ္စတာဆောင်းဒါးက စပြီးကျောင်းတည်ထောင်ပေးခဲ့လို့ ဆောင်းဒါးသင်တန်းကျောင်းလို့ ခေါ်တာပေါ့ကွာ။ ဟုတ်လား။”

ကျွန်တော်က စကားအရှည်ကြီးပြောလိုက်သဖြင့် အစ်ကိုက ကြားဖြတ်ပြီး အဆုံးသတ်ပေးလိုက်ခြင်းဖြစ်သည်။

“ဟုတ်တာပေါ့ အစ်ကိုရ။ ဒီလိုခေါ်ရုံတင်မကဘူး ရက်ကန်းလောကမှာ “လွန်းပျံအစ ဆောင်းဒါးက” လို့တောင် ဆိုရိုးစကားလေး ရက်ကန်းလောကမှာ ပေါ်ခဲ့တာပေါ့။”

“အေး ထားပါတော့၊ ဒို့မြန်မာ့ရိုးရာလက်ရက်ကန်းတုန်းက အနံဘယ်လောက် ရက်လို့ရသလဲ။”

“ဟုတ်တယ်အစ်ကို၊ ကျွန်တော်တို့ လွန်းပျံခတ်မသုံးခင်က အထည်သားကို အနံ ၂၄ လက်မပဲ ရက်နိုင်တယ်။ အစ်ကိုလည်း မီပါတယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းကတောင် နှစ်နံစပ်လုံချည်တွေ ဝတ်ခဲ့ရတယ်။ အဲဒီလက်ရက်ကန်းက အနံသေးဖြစ်တော့ အချိန်လည်း ကြာတယ်။ ရက်ရတာလူလည်းပင်ပန်းတာပေါ့။” အခုလွန်းပျံလက်ခတ်နဲ့ကျတော့ အနံက ၄၅ လက်မအထိ ရက်နိုင်တယ်။ လူလည်းမပင်ပန်း၊ မြန်လည်း ပိုပြီးမြန်တာကြောင့် လူတွေက ပိုပြီး ကြိုက်ကြတယ်။”

“အေး ဟုတ်ပါပြီ၊ အခုနောက်ပိုင်းရော အရင်တုန်းကလို ရက်ကန်းစင်တွေလား”

“မဟုတ်တော့ဘူးအစ်ကို၊ ကျွန်တော်တို့ နိုင်ငံလွတ်လပ်ရေးရပြီး ၁၉၅၂-၅၃ ခုနှစ်မှာ ဂျပန်နိုင်ငံလုပ် ဟာရာဒါ (HARADA)၊ ဟီရာနို (HIRANO)နဲ့ စူဇူကီး(SUZUKI) ဆိုတဲ့ စက်ရက်ကန်းစင်တွေရောက်လာပြီး လက်ရက်ကန်းအဆင့်ကနေ စက်ရက်ကန်းအဆင့်ကို ကျွန်တော်တို့ရောက်ခဲ့တယ်။ လက်မှုလယ်ယာကနေ စက်မှုလယ်ယာကို အခုအချိန်ထိ ပြောင်းနေတုန်းပဲ ရှိသေးပေမယ့် လက်ရက်ကန်းကနေ စက်ရက်ကန်းအဆင့်ကတော့ လွန်ခဲ့တဲ့ နှစ်ပေါင်း (၇၀) လောက်ကတည်းက ပြောင်းနိုင်ခဲ့တာ။”

ကျွန်တော်က ရက်ကန်းပညာ ပြောင်းလဲတိုးတက်လာပုံကို သာသာထိုးထိုး ရှင်းပြလိုက်ခြင်းဖြစ်သည်။

“အေး အေး ကောင်းပါပြီ။ မင်းအဲဒီကျောင်းကို ရောက်ဖူးသလား။ အဲဒီကျောင်းက အခုလက်ရှိအစိုးရရဲ့ ဘယ်ဌာနအောက်မှာရှိတာလဲ။”

“ရောက်ဖူးတယ်အစ်ကို၊ ပြီးခဲ့တဲ့ မေလဆန်းက အဲဒီကျောင်းကို ကျွန်တော်ရောက်ခဲ့တယ်။ ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအောက်မှာရှိတာ။ အဲပြီးခဲ့တဲ့ ဖွန်လမှာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနထပ်ပြီး ဖွင့်လိုက်တော့ အဲဒီသမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက် ပါသွားတယ်။”

“အဲဒီကျောင်းမှာ ရက်ကန်းပဲ သင်တာလား၊ ဒီ့ပြင်ဘာသင်တန်းတွေ ရှိသေးလဲ”

“ရှိသေးတယ်အစ်ကို၊ အဲဒီကျောင်းမှာက ချည်မျှင်နဲ့အထည်အလိပ် အတတ်ပညာဒီပလိုမာ (၁)နှစ်သင်တန်း၊ ချည်မျှင်နဲ့ အထည်အလိပ်ကျွမ်းကျင်သူ (၁)နှစ်သင်တန်း၊ လက်ရက်ကန်း (၆)လ သင်တန်း၊ ရိုးရာလွန်းရာကျ အချိတ် (၆)လ သင်တန်းနဲ့ ရွှေချည်ထိုး၊ ငွေချည်ထိုး(၃)လသင်တန်းတွေလည်း ရှိသေးတယ်။”

“မင်း ဆောင်းဒါးသင်တန်းကျောင်းက ဒီပလိုမာလက်မှတ်တောင် ပေးနိုင်တယ်ဆိုတော့ သင်တန်းကျောင်းအဆင့် ဘယ်ဟုတ်တော့မလဲကွ။”

အစ်ကိုက ဆောင်းဒါးရက်ကန်းသင်တန်းကျောင်းတွင် ဖွင့်လှစ်သည့် သင်တန်းများကို သိလိုက်ရ၍ အတွန့်တက်လိုက်ခြင်းဖြစ်သည်။

“ဟုတ်ပါတယ် အစ်ကို၊ ဆောင်းဒါးရက်ကန်းသင်တန်းကျောင်းရဲ့ နာမည်အပြည့်အစုံက **“ဆောင်းဒါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံ”**ပါ။ လူတွေက အလွယ်ခေါ်နေကြလို့ပါ။”

**“အေးသိပ်တော့အလွယ်မကြိုက်ကြနဲ့ ဟေ့။ လှတာမကြာ ညစာခက်တတ်တယ်”** ဆိုတာကြားဖူးတယ် မဟုတ်လား။ အလွယ်တော့မလိုက်ကြနဲ့။ ဒါနဲ့ မင်းအခုနပြောတဲ့ သင်တန်းတွေက အသက်မွေးဝမ်းကျောင်းသင်တန်းတွေပဲကွ။ ဒီပြင်ရော ဘာသင်တန်းတွေ ဖွင့်သေးလဲ။”

ဆောင်းဒါး သင်တန်းကျောင်းနဲ့ ပတ်သက်ပြီး အစ်ကိုအများကြီး စိတ်ဝင်စားသွားပုံရသည်။

“ဟုတ်တယ် အစ်ကို၊ ဆောင်းဒါးရက်ကန်းသိပ္ပံမှာ ရက်ကန်းလုပ်ငန်းနဲ့ ဆိုင်တဲ့ စက်ရက်ကန်းမောင်း၊ စက်ပြင် (၂)လသင်တန်း၊ တိုင်းရင်းသားရိုးရာ ဂျပ်ခုတ်(၁)လသင်တန်း၊ လက်ရက်ကန်း ဖဲနှပ်ကောက်(၁)လသင်တန်း၊ အထည်ပန်းပုံရိုက်နှင့် ဆေးရေးပန်းချီ (၂) ပတ်သင်တန်း၊ သဘာဝဆေးဆိုး (၁၀) ရက်သင်တန်း၊ စာစည်းကြိုးရက်လုပ်နည်း (၂)ပတ်သင်တန်းနဲ့ စက်အပ်ချုပ်နည်းပညာ(၁)လ သင်တန်းတွေလည်း ဖွင့်ပါသေးတယ်။”

“အေး ကောင်းတယ်ကွာ။ ဒို့နိုင်ငံက လူငယ်တွေ အထူးသဖြင့် အမျိုးသမီးတွေအတွက် တကယ့်ကိုအကျိုးရှိတဲ့သင်တန်းတွေပဲကွ။ ဒါနဲ့ ဒီအသက်မွေးဝမ်းကျောင်းပညာတွေသင်ပေးတော့ အဲဒီသင်တန်းတွေတက်ချင်ရင် ကျောင်းလခ ဘယ်လောက်ပေးရသလဲ။ လူတိုင်းရော တက်လို့ရရဲ့လား။ ကျောင်းဖွင့်တာကို ဒို့နယ်က လူတွေက ဘယ်လိုလုပ် သိမလဲ။”

*စာမျက်နှာ ၇ သို့*



အထည်ပန်းပုံရိုက်နှင့် ဆေးရေးပန်းချီ ရေးဆွဲနေစဉ်။

❑ **၁၉၁၄ ခုနှစ်လောက်တုန်းက အထက်မြန်မာပြည် တရားရေးမင်းကြီးက မစ္စတာအယ်လ်အိပ်ချ်ဆောင်းဒါး (Mr. LH. Saunders) တဲ့။ အဲဒီမစ္စတာဆောင်းဒါးက အင်္ဂလန်က ပြန်လာတော့ လွန်းပျံလက်ခတ်ကိုယူလာပြီး မြန်မာ့ရိုးရာလက်ရက်ကန်းစင်ပေါ်တင်ပြီး အမရပူရနယ်မှာရှိကြတဲ့ ရက်ကန်းခတ်တဲ့ လုပ်ငန်းရှင်တွေကို ရက်ခတ်ပြသပေးခဲ့တယ်။ အဲဒီ လွန်းပျံလက်ခတ်နဲ့ရက်တော့ လွန်းကို လက်နဲ့မထိုးရတော့ဘဲ သူ့အလိုအလျောက်သွားတာကြောင့် အနံကြီးကြီးလည်း ရက်နိုင်တယ်။ လက်နဲ့ ဟိုဘက်ကနေ ဒီဘက် ဒီဘက်ကနေ ဟိုဘက် ပြန်ပစ်နေရတာကြာပြီး၊ သူ့အလိုအလျောက်သွားတော့ ပိုပြီးမြန်လာတယ်။ အဲဒါကြောင့် ရက်ကန်းသမားတွေက ကြိုက်ကြတယ်။ သူတို့က သင်တန်းဖွင့်ပြီး သင်ပေးဖို့ တောင်းဆိုတာကြောင့် ရက်ကန်းသင်တန်းစပြီးပေါ်လာတာ။**

# ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**ပဲခူး ဇူလိုင် ၄**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း ဦးဆောင်၍ ဇူလိုင် ၃ ရက် မွန်းလွဲ ၃ နာရီခွဲက ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီရုံး အစည်းအဝေးခန်းမတွင် ပဲခူးတိုင်းဒေသ ကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၆/၂၀၂၁) အား Online Zoom Meeting System ဖြင့် ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိမှုသည် နေ့စဉ်စာရင်းများအရ မြင့်တက် လျက်ရှိ၍ ကာကွယ်ထိန်းချုပ်ရေးအပိုင်းကို ထိထိ ရောက်ရောက် မြန်မြန်ဆန်ဆန် ကိုင်တွယ်ဖြေရှင်း သွားရမည်ဖြစ်ကြောင်း၊ ဆေးရုံသို့ရောက်ရှိလာသည့် PUI လူနာများအား အောက်ဆီဂျင်လုံလောက်စွာ ရရှိနိုင်ရေး အောက်ဆီဂျင်အိုးများ ချက်ချင်းဖြည့်ဆည်း ပေးသွားမည်ဖြစ်ကြောင်း၊ ဆေးရုံများ၌ အောက်ဆီဂျင် ပိုက်လိုင်းများ ပြင်ဆင်ရန်နှင့် အသစ်တပ်ဆင်ရန် လိုအပ်ပါက တင်ပြပေးရန်၊ ပြည်သူများ မဖြစ်မနေ အပြင်ထွက်ရပါက ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာန၏ ညွှန်ကြားချက်များအတိုင်း သွားလာနိုင်ရေး အသိပညာပေးခြင်းအား အရှိန်အဟုန်မြှင့် ဆက်လက် ဆောင်ရွက်သွားရန်၊ ဆေးရုံသို့ရောက်ရှိလာသော သေဆုံးလူနာများသည် နောက်ကျမှရောက်ရှိလာ သည့်အတွက် ရပ်ကွက်၊ ကျေးရွာအတွင်း ဆယ်အိမ် မှူး၊ ရာအိမ်မှူးများမှတစ်ဆင့် အမြန်ဆုံးအကြောင်း ကြားရန်နှင့် ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ပျံ့နှံ့မှု ထိန်းချုပ်နိုင်ရေးအတွက် လုပ်သင့်လုပ်ထိုက်သည် များကို ထိထိရောက်ရောက် ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာ ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာ သီဟက ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့နေမှုနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းစဉ်များကို လည်း ကောင်း၊ ကောင်စီအဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းစဉ် များအပေါ် အကြံပြုဆွေးနွေးခဲ့ပြီး ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက မြို့နယ်အလိုက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုနှင့် ကျန်းမာရေး နှင့်ပတ်သက်သည့် လိုအပ်ချက်များကို တင်ပြခဲ့ရာ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ က လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေး ခဲ့သည်။

အဆိုပါအစည်းအဝေးသို့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း၊ ကောင်စီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ပြည်သူ့ ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာသီဟ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

---

*စာမျက်နှာ ၆ မှ*

အစ်ကိုက သူ သိချင်သည်များကို အားတက်သရော မေးလာခြင်းဖြစ်သည်။

“အစ်ကို့မေးခွန်းတွေက များလွန်း တော့ ကျွန်တော်တောင် ဘယ်ကစပြီး ဖြေရမယ်မှန်းမသိတော့ဘူး။”

“ဟ မေးရတာပေါ့ကွ။ မင်း ဆောင်းဒါး ကျောင်းက ဒို့ရွာက မိန်းကလေးတွေ အတွက် အရေးကြီးတယ်လေကွာ။ ရက်ကန်းမတက်ရင်တောင် စက်ချုပ်က ပါနေတော့ ဒါတွေက တက်ထားသင့်တယ် လေကွာ။”

“ဟုတ်ကဲ့ ကောင်းပါပြီ။ ကျွန်တော် ဖြေမယ်နော်၊ အဲဒီရက်ကန်းသိပ္ပံ သင်တန်းကျောင်းတက်ရင် သင်တန်း ကြေးတွေ၊ အဆောင်နေခတွေ တစ်ပြားမှ မပေးရတဲ့အပြင် သင်တန်းလာတက်တဲ့ သင်တန်းသူ၊ သင်တန်းသားတွေကို တစ်လငွေသုံးသောင်း နိုင်ငံတော်က ထောက်ပံ့ပေးပါတယ်။ ဒါက စားသောက် စရိတ်အတွက်ပါ။ နေစရာအဆောင် ပေးပါတယ်။ အဆောင်မှာ ရေမီးအပြည့် အစုံပါ။ ဒါကိုလည်း နိုင်ငံတော်က ထောက်ပံ့ပါတယ်။ ကျောင်းဖွင့်မယ့်ရက် ကိုတော့ သတင်းစာကနေပြီး ကြေညာ ပေးပါတယ်။ တီဗွီတို့၊ ရေဒီယိုတို့မှာလည်း သတင်းအဖြစ် ကြေညာပေးပါတယ်။”

“အေး ကောင်းတယ်ကွာ။ ဒါနဲ့ အဲဒီ လို ရက်ကန်းကျောင်း၊ အသက်မွေးဝမ်း ကျောင်း သင်တန်းကျောင်းတွေက အမရပူရမှာပဲရှိသလား။ ဒီပြင်ဘယ်မှာ ရှိသေးလဲ။”

“ရက်ကန်းသင်တန်းကျောင်းတွေ က ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသ ကြီးနဲ့ ရန်ကုန်တိုင်းဒေသကြီးကလွဲရင် ကျန်တဲ့ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေ မှာ အားလုံးရှိပါတယ်။ ကချင်ပြည်နယ် မှာဆိုရင် မြစ်ကြီးနားမှာ၊ ကယား ပြည်နယ် လွိုင်ကော်၊ ကရင်ပြည်နယ် ဘားအံ၊ ချင်းပြည်နယ်မှာဆိုရင် မင်းတပ် နဲ့ ဖလမ်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှာ ဆိုရင် မုံရွာ၊ ပဲခူးတိုင်းဒေသကြီးမှာ ရွှေတောင်၊ မကွေးတိုင်းဒေသကြီးမှာ ပခုက္ကူ၊ မန္တလေးတိုင်းဒေသကြီးမှာ မိတ္ထီလာနဲ့ အမရပူရ၊ မွန်ပြည်နယ်မှာ မုဒုံ၊ ရခိုင်ပြည်နယ်မှာ စစ်တွေနဲ့ ရှမ်း ပြည်နယ်မှာဆိုရင် တောင်ကြီးနဲ့ ကျောက်မဲမှာရှိပါတယ်။ ဆောင်းဒါး ကျောင်းကတော့ သိပ္ပံအဆင့်ဖြစ်ပြီး ကျန်တာတွေကတော့ သင်တန်းကျောင်း အဆင့်တွေပါ။”

“အေးကောင်းတယ်ကွာ။ ဒီတစ်ချက် မှာ သဘာဝဆေးဆိုးသင်တန်းဖွင့်တာနဲ့ သွားပြီးကြုံတယ်။ အဲဒီမှာ သင်တန်းသူ၊ သင်တန်းသား ၂၀ တက်ပြီးနေတယ်။”

“အေး နေစမ်းပါဦး။ အဲဒီသဘာဝ ဆေးဆိုးနည်းပညာဆိုတာ ဘာလဲ။” မင်းစောစောက သင်တန်းတွေအကြောင်း ပြောကတည်းက မေးမလို့ စဉ်းစားထား တာ။”

“သဘာဝဆေးဆိုးနည်းသင်တန်းက ကျွန်တော်လည်း အဲဒီမှာတွေ့တော့မှ ရေလုပ်သားတွေက ငါးဖမ်းပိုက်တွေကို မဲမဲခေါက်နဲ့ ဆေးဆိုးတာပဲ။ ပိုက်တွေ လည်း ပိုပြီးခိုင်တယ်လေ။ ဓာတုဗေဒ ဆိုးဆေးတွေက အရောင်တော့ ကောင်းပါရဲ့၊ ချည်တောင်ဆွေးသေး တယ်။ ကျွန်တော့်တပည့်တစ်ယောက် ကျွန်တော်ပေးတဲ့လုံချည်ကို အမြတ် တနိုးနဲ့ အလှူသွားတဲ့အချိန် ဝတ်သွား လိုက်တာ၊ လူကြားထဲ လုံချည်ကွဲသွားလို့ ပြန်ပြောတော့ ကျွန်တော်က အကြီး



မြန်မာ့လက်ရက်ကန်း ရက်လုပ်နေစဉ်။

နဲ့ကို ငါတော့ နိုင်ငံတော်ကို အများကြီး ကျေးဇူးတင်သွားပြီကွာ။ ဒို့လူကြီးတွေ ရည်ရွယ်ချက်ကောင်းကောင်းနဲ့ ကိုယ့် နိုင်ငံက ပြည်သူတွေ စားဝတ်နေရေး အဆင်ပြေအောင်၊ မိသားစုဝင်ငွေရရှိ အောင် ဘက်ပေါင်းစုံက လုပ်ပေးနေတာ။ အဲဒါကိုသိတဲ့လူတွေကတော့ အဲဒီ အကျိုးကို ခံစားနေရတာပေါ့။ ဒါနဲ့ မင်း ဆောင်းဒါးအပြင် ကျန်တဲ့သင်တန်း ကျောင်းတွေရော ရောက်ဖူးသလား။ ဒီကိုဗစ်ကာလကြီးမှာ ကျောင်းတက်တဲ့ လူရော ရှိသလား။”

“ရောက်ဖူးတယ်အစ်ကို။ ပြီးခဲ့တဲ့ မေလထဲကပဲ ပခုက္ကူရက်ကန်းနဲ့ အသက် မွေးပညာ သင်တန်းကျောင်းကို ရောက်ခဲ့ တယ်။ ကျွန်တော်တို့ ရောက်တဲ့အချိန် အတော်လေး စိတ်ဝင်စားသွားတယ်။ ကုက္ကိုရွက်တို့၊ တမာရွက်တို့၊ ဗာဒံရွက်တို့ မဲမဲခေါက်၊ မန်ကျည်းခေါက်၊ သီးခေါက်၊ ကုက္ကိုခေါက်၊ အဲဒီကျွန်တော်တို့ သဘာဝ အသီးအပင်တွေက အရွက်တွေ၊ အခေါက် တွေကနေ အရောင်တွေဖြစ်နေတာ၊ အဲဒီက အရောင်နဲ့ အထည်ရက်မယ့် ချည်ကို ဆေးဆိုးရတာ။”

“မင်းဟာက ဟုတ်ရော ဟုတ်ရဲ့ လား။ ဆေးကရော ခိုင်ရဲ့လား။”

အစ်ကိုကြီးက မယုံသင်္ကာအသံဖြင့် မေးလာခြင်းဖြစ်သည်။

“ဟုတ်တယ် အစ်ကိုကြီး။ ကျွန်တော် လည်း ပထမတော့ မယုံဘူးလေ။ အဲ ဒါပေ မယ့် အစ်ကိုကြီးလည်း သတိထားမိမယ် လေ။ ကျွန်တော်တို့ မြစ်ဝကျွန်းပေါ်မှာ အကျယ်ရယ်တော့ ဒီကောင်က ဘာပြော တယ်မှတ်သလဲ။ “အဘကသာ ရယ်နေ၊ ကျွန်တော့်မှာ လူကြားထဲမှာ မျက်နှာ ဘယ်လိုထားရမှန်း မသိဘူး”တဲ့။ ကျွန်တော်ကလည်း သူများပေးထား တာတွေကို ၄-၅-၁၀ နှစ် သိမ်းထားပြီး ပြန်ပေးတော့ အဲဒီလိုဖြစ်တာ။”

“မင်းလုံချည်ကိစ္စ ခဏထားစမ်းပါ ကွာ၊ သဘာဝဆိုးဆေးအကြောင်း ဆက်ပြီးပြောစမ်းပါဦး။”

ကျွန်တော့်အစ်ကိုကြီး သဘာဝ ဆိုးဆေးကို အတော်စိတ်ဝင်စားသွားပုံ ရသည်။

“အဲဒီ သဘာဝအရွက်တွေ၊ အခေါက် တွေကို ရေနဲ့ပြုတ်ပြီး ကိုယ်လိုချင်တဲ့ အရောင်ကိုဆိုးရုံပဲ။ ဓာတုဆိုးဆေးတွေ က Chemicals (ဓာတုပစ္စည်း) တွေ ဖြစ်လို့ အရေပြားကင်ဆာတို့ ဘာတို့ ဖြစ်စေတယ်။ သဘာဝဆိုးဆေးကတော့ ဘာမှ လူကိုအန္တရာယ်မဖြစ်စေတဲ့အပြင် ဆေးရောင်လည်းခိုင်တာမို့ တကယ် သုံးသင့်တာ။ အဲ ဒါပေမယ့် အရွက်တွေ၊ အခေါက်တွေ ကြိတ်ရတာ၊ ပြုတ်ရတာ ကြောင့် အလုပ်ရှုပ်တယ်ဆိုပြီး လူတွေ မသုံးကြတာ။ တကယ်တော့ သဘာဝက သာ လူတွေအတွက် အကောင်းဆုံးပါ။”

“အေးကွာ မင်းတို့ အသက်မွေးဝမ်း ကျောင်းပညာသင်ကျောင်းက သင်ပေး တာတွေက တယ်ပြီး စိတ်ဝင်စားဖို့ ကောင်းပါတယ်။”

ကျွန်တော့် အစ်ကိုကြီး အသေးစား စက်မှုလုပ်ငန်းကို အတော်လေးစိတ်ဝင် စားသွားပုံရသည်။

“ဒါတင် မဟုတ်သေးဘူး အစ်ကိုကြီး ရေ၊ ကျွန်တော်တို့ အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာနက ဆီးယို၊ ဆီးဖျော်ရည်တို့၊ နနွင်းမှုန့်တို့၊ ငရုတ်သီး မှုန့်တို့ထုတ်လုပ်တဲ့ လုပ်ငန်းတွေ၊ ဆပ်ပြာ၊ ခေါင်းလျှော်ရည်၊ လက်သန့် ဆေးရည်၊ ဖယောင်းတိုင်၊ အမွှေးတိုင်၊ ခြင်ဆေး၊ ချေးချွတ်ဆေး၊ မှင်တို့ သုတ်ဆေးလုပ်တဲ့ လုပ်ငန်းတွေလည်း သင်ပေးသေးတယ်။ အခု ကိုဗစ်ဖြစ်နေတဲ့ ကာလကြီးမှာ သူများတွေ အလုပ်မရှိ လို့ ဝင်ငွေမရှိဖြစ်နေတဲ့အချိန်မှာ ကျွန်တော်တို့ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ရုံးချုပ်ကတောင် လက်သန့်ဆေးရည် ထုတ်ရောင်းပြီး ဝန်ထမ်းတွေကို ဝန်ထမ်းသက်သာ ထောက်ပံ့နိုင်သေးတယ်။”

“အေး အေး ရပါပြီကွာ ဒီလောက်ဆို သဘောပေါက်ပါပြီ။ ကဲ အေးထွန်းတို့၊ မြင့်နိုင်တို့၊ ဘုမတို့ အချိန်ဖြုန်းမနေကြနဲ့ အသေးစား စက်မှုလက်မှုလုပ်ငန်းက သင်တန်းခေါ်ရင် **“ဆောင်းဒါးသို့ ကျောင်း သွားဖို့”** ပြင်ကြပေတော့။”

အသက်(၈၀)ကျော် ကျွန်တော့် အစ်ကိုကြီး၏အသံက အားမာန်အပြည့် ဖြင့် တက်ကြွနေပါသည်။

# ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ဘားအံ ဇူလိုင် ၄**

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား အသက် ၂၅ နှစ်အောက် မြို့နယ်ပေါင်းစုံ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၃ ရက်က ဘားအံမြို့ အောင်သံလွင် အားကစားကွင်း၌ ကျင်းပသည်။



အဆိုပါ ဘောလုံးပြိုင်ပွဲကို နေပြည်တော်တွင် ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်၂၅နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲသို့ ကရင်ပြည်နယ် ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ရန်နှင့် အောင်မြင်မှုများရရှိရန် ရည်ရွယ် ကျင်းပပေးသည့် ပြိုင်ပွဲဖြစ်ပြီး မြို့နယ်ခုနစ်မြို့နယ်မှ ဘောလုံးအသင်း ခုနစ်သင်းက ပွဲစဉ်ပေါင်း ၁၂ ပွဲဖြင့် ယှဉ်ပြိုင်ကစားခဲ့ကြကာ ဗိုလ်လုပွဲစဉ်အဖြစ် ဘားအံမြို့နယ် ဘောလုံးအသင်းနှင့် လှိုင်းဘွဲ့မြို့နယ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ဘောလုံးဝါသနာရှင် ပရိသတ်များက ပါးစပ်၊ နှာခေါင်းစည်းများ တပ်ဆင်ပြီး တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေ၍ ကိုဗစ်-၁၉ ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့် အညီ ကြည့်ရှုအားပေးကြရာ ဘားအံမြို့နယ် ဘောလုံးအသင်းက လှိုင်းဘွဲ့အသင်းကို သုံးဂိုး- တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ဗိုလ်လုပွဲစဉ်အပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကိုဆက်လက်ကျင်းပရာ ပြည်နယ်ဘောလုံးအားကစား ဆပ်ကော်မတီဥက္ကဋ္ဌ ပြည်နယ်လမ်းဦးစီး ညွှန်ကြားရေးမှူး ဦးနန်းမြင့်အောင်နှင့် ပြည်နယ်ဥပဒေချုပ် ဦးရဲလွင်တို့က ပြိုင်ပွဲကြီးကြပ်ရေး ဒိုင်အဖွဲ့နှင့် ပြိုင်ပွဲဝင် အားကစားသမားများအား ကျန်းမာရေးစောင့်ရှောက်မှု ကူညီဆောင်ရွက်ပေးခဲ့သည့် ကြက်ခြေနီအဖွဲ့တို့အား ဂုဏ်ပြုဆုငွေများကို လည်းကောင်း၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဦးကျော်စိုးက ဗိုလ်လုပွဲစဉ် အကောင်းဆုံး အားကစားသမားဆုကို လည်းကောင်း၊ ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်(၅) ဦးဇော်ဝင်းက ဒုတိယဆုရ လှိုင်းဘွဲ့မြို့နယ် ဘောလုံးအသင်းအား တစ်ဦးချင်း လည်ဆွဲဆုများကို လည်းကောင်း၊ အဖွဲ့ဝင်(၄) ဦးစောခင်မောင်မြင့်က ပထမဆုရရှိသော ဘားအံမြို့နယ် ဘောလုံးအသင်းအား တစ်ဦးချင်း လည်ဆွဲဆုများကို လည်းကောင်း၊ အဖွဲ့ဝင်(၃) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် အဖွဲ့ဝင်(၂) ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးခင်ဇော်တို့က ပွဲစဉ်တစ်လျှောက် နေရာအလိုက် အကောင်းဆုံးဆုများကို လည်းကောင်း၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးကြီး မျိုးမင်းနောင်က ပူးတွဲတတိယဆုရရှိသော ကော့ကရိတ်မြို့နယ် ဘောလုံးအသင်းနှင့် သံတောင်ကြီးမြို့နယ် ဘောလုံးအသင်းတို့က ငွေသားဆုများကို လည်းကောင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးသိန်းကိုကိုက ဒုတိယဆုရရှိသော လှိုင်းဘွဲ့မြို့နယ် ဘောလုံးအသင်းအား ငွေသားဆုကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ပထမဆုရရှိသော ဘားအံမြို့နယ် ဘောလုံးအသင်းအား ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(ဝဲအပေါ်ပုံ)**

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ အောင်မြင်သာစံပြကျေးရွာရှိ ကြိုးတံတားပြုပြင်ပေးနိုင်ရေး စစ်ဆေး

**မြစ်ကြီးနား ဇူလိုင် ၄**

ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်သည် ပြည်နယ်ကောင်စီအဖွဲ့ဝင် ဦးတိန့်ဆောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၄ ရက် မွန်းလွဲ ၂ နာရီတွင် မြစ်ကြီးနားမြို့နယ် အောင်မြင်သာစံပြကျေးရွာ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး အပန်းဖြေစခန်းရှိ ကြိုးတံတားပြုပြင်ဆောက်လုပ်ပေးရေး ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အောင်မြင်သာစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အင်ခိုင်ဘွမ်ခန်းမဆောင်၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်များနှင့် လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအခြေအနေများတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဦးတည်ချက်(၉)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၅) ရပ်ချမှတ်ပြီး ရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေး စီမံဆောင်ရွက်နေမှုအခြေအနေများနှင့် ကြားကာလတာဝန်ယူဆောင်ရွက်ရခြင်း ဖြစ်သော်လည်း ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့ပြနှင့်ကျေးလက်ကွာဟမှုမရှိစေရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာရပ်မိရပ်ဖများက ကျေးရွာအတွင်း လမ်း၊ တံတားလိုအပ်ချက်များနှင့် ပတ်သက်၍ တင်ပြကြရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဖြည့်ဆည်းပေးနိုင်ရေး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကာ ကျေးရွာဖွံ့ဖြိုးရေးအတွက် မတည်ငွေကျပ် ၁၀ သိန်းကျော်ကို ထောက်ပံ့ပေးအပ်သည်။



ယင်းနောက် အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း နှစ်ထပ်စာသင်ဆောင်ပြုပြင်ဆောင်ရွက်ပေးရန်လိုအပ်ချက်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အောင်မြင်သာအပန်းဖြေစခန်းရှိ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ရန်ပုံငွေဖြင့် ကျိန်ခရန်ချောင်းကို ဖြတ်သန်းတည်ဆောက်ထားသော ကြိုးတံတား သစ်သားကြမ်းခင်းများနှင့် လက်ရန်းတိုင်များ ပျက်စီးယိုယွင်းမှုအခြေအနေနှင့် အပန်းဖြေစခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

အဆိုပါ ကြိုးတံတားကို ကြမ်းခင်းတွင် သံပြားအခင်းနှင့် လက်ရန်းများ ပြုပြင်ဆောက်လုပ်နိုင်ရေးအတွက် စနစ်တကျကွင်းဆင်းတိုင်းတာ၍ လိုအပ်ချက်များ တင်ပြဆောင်ရွက်ရေး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ အောင်မြင်သာစံကျေးရွာဒေသခံပြည်သူလူထုက လိုအပ်လျက်ရှိသည့် ကျေးရွာတွင်းလမ်းများကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၁၂ ပေအကျယ် ကွန်ကရစ်လမ်းဆောင်ရွက်ပေးနိုင်ရေး ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

# မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ဆောင်ရွက်ထားရှိမှုစစ်ဆေး

**မော်လမြိုင် ဇူလိုင် ၄**

မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်းနှင့်သက်ဆိုင်ရာ ဌာနအလိုက် တာဝန်ရှိသူများသည် ယနေ့ နံနက် ၉ နာရီခွဲက မော်လမြိုင်မြို့ လှိုင်ရပ်ကွက် ပရိယတ္တိဓမ္မဗိမာန်တော်ကြီးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကိုဗစ်-၁၉ ပိုးတွေ့အတည်ပြုလူနာများ ထားရှိရန်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



ကိုဗစ်-၁၉ရောဂါသည် ပြည်တွင်းကူးစက်မှုနှုန်း မြင့်တက်လာသည့်အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်း ကြိုတင်ဆောင်ရွက်နိုင်ရန်၊ ပြည်နယ်အတွင်း ကိုဗစ်-၁၉ ပိုးတွေ့အတည်ပြုလူနာများ ထားရှိနိုင်ရန် မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိပြီး အဆိုပါ ကိုဗစ်-၁၉ ပိုးတွေ့အတည်ပြုလူနာများအတွက် မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီးရှိ Isolation Ward-1 တွင် ၁၁၀၊ Isolation Ward-3 တွင် ၂၂၀၊ ပရိယတ္တိဓမ္မဗိမာန်တော်ကြီးတွင် ၁၅၀၊ မော်လမြိုင်တက္ကသိုလ်သံလွင်ဆောင်တွင် ၁၅၀ နှင့် ထားဝယ်ဆောင်တွင် ၁၅၀ ဖြင့် ထားရှိနိုင်ရန် စီစဉ်ဆောင်ရွက်ထားသည်။

အလားတူ မွန်ပြည်နယ် ၁၀ မြို့နယ်တွင် Quarantine Center ပြင်ဆင်ထားရှိမှုများကိုလည်း မွန်ပြည်နယ် ၁၀ မြို့နယ်အလိုက် နေရာစုစုပေါင်း ၃၂ ခု၊ လူဦးရေ ၂၄၅၀ ကျော်ထားရှိနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများ သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ်စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ မတ္တရာမြို့နယ် ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ကူမဲတိုက်နယ်ဆေးရုံနှင့် ရွှေညောင်ဖူးတိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲတိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံနှင့် ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီတောင်းခံမှုကြောင့် တပ်မတော်ဆေးကုသရေးအဖွဲ့များကို စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းခြောက်သောင်းကျော် ကုသပေးနိုင်ခဲ့

**နေပြည်တော် ဇူလိုင် ၄**

ပြည်သူလူထုအတွက် အဓိကအကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍ မြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူလူထု၏ အရေးပေါ်ကျန်းမာရေးဆိုင်ရာ ကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများ၌ ကျန်းမာရေး စောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၆၅၆၂၆ ဦးနှင့် အတွင်းလူနာပေါင်း ၇၇၁၅၂ ဦးတို့ကို ကုသပေးနိုင်ခဲ့သည်။



ယင်းလူနာများအနက် အကြီးစား ခွဲစိတ်ကုသရန် လိုအပ်သူ ၁၂၃၂၆ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၆၄၉၉ ဦး၊ စုစုပေါင်း ၁၈၈၂၅ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။

ထို့ပြင် ကလေးမီးဖွားလူနာ ၆၂၃၃ ဦးကိုခွဲစိတ်၍လည်းကောင်း၊ ၈၈၇၇ ဦးကို သာမန်ဖြင့် လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၁၅၁၁၀ ကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ မြင့်မားရေးတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ ဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဝတ်ပြုကြည်ညိုလျက်ရှိ

**နေပြည်တော် ဇူလိုင် ၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ ဘာသာရေးကျောင်းများအား COVID–19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ထားရှိရာ ယနေ့တွင် ဗုဒ္ဓဘာသာဘုရား၊ စေတီ၊ ကျောင်းကန်များ၊ ဟိန္ဒူ၊ ခရစ်ယာန်နှင့် အစ္စလာမ်ဘာသာဝင်များ၏ ဘာသာအလိုက်ဘာသာရေးကျောင်းများ၊ ဝတ်ပြုကျောင်းများတွင် သက်ဆိုင်ရာဘာသာဝင်များက လာရောက်၍ စိတ်အေးချမ်းသာစွာ ဝတ်ပြုဆုတောင်းမှုများ ဆောင်ရွက်လျက်ရှိကြသည်။

ထို့ပြင် နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးများအပါအဝင် အခြား မြို့ကြီးများတွင် ပန်းခြံများ၊ ကစားကွင်းများနှင့် ပြတိုက်များကို ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာအပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည့်အပြင် ဈေးများ၊ ဆေးရုံများ၊ လေကြောင်းခရီးစဉ်များ၊ မီးရထားခရီးစဉ်များ၊ ရေကြောင်း ခရီးစဉ်များ၊ မော်တော်ယာဉ်လိုင်းများကို တည်ငြိမ်အေးချမ်းစွာဖြင့် ပုံမှန်အတိုင်း ဖွင့်လှစ်ပြေးဆွဲလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပုသိမ်ခရိုင်၊ မြောင်းမြခရိုင်၊ မအူပင်ခရိုင်နှင့် ဖျာပုံခရိုင်များအတွင်းရှိ မြို့များ၌ နှာခေါင်းစည်းများ သွားရောက်ပေးဝေလှူဒါန်း

**နေပြည်တော် ဇူလိုင် ၄**

အသက်ရှူ လမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID–19) ရောဂါ ကာကွယ်ရေး အထောက်အကူဖြစ်စေရန်အတွက် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့၊ မြောင်းမြခရိုင် ဝါးခယ်မမြို့၊ မအူပင်ခရိုင် ဓနုဖြူမြို့နှင့် ညောင်တုန်းမြို့၊ ဖျာပုံခရိုင် မော်လမြိုင်ကျွန်းနှင့် ဘိုကလေးမြို့များရှိ လူစည်ကားရာဈေးများ၊ လမ်းများ၌ ဒေသခံပြည်သူများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ တပ်နယ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများက နှာခေါင်းစည်း ၉၈၀၀ ကို ဒေသခံပြည်သူများ၏ လက်ဝယ်အရောက် အခမဲ့ သွားရောက်ပေးဝေ လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။



သတင်းစဉ်

# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၄**

တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ဘန့်ဘွေးကုန်းကျေးရွာရှိ တပ်ဦးဘန့်ဘွေးကုန်းကျောင်းတိုက်မှ သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ Covid–19 ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် မှော်ဘီတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ရေကြည်မြို့နယ် ရင်းရှည်ကျေးရွာအုပ်စုတွင် ဝေန်မြစ်ကမ်းပါး အလျား ပေ ၄၀၀ ခန့် ပြိုကျမှုဖြစ်

ရေကြည် ဇူလိုင် ၄

**ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ရင်းရှည်ကျေးရွာအုပ်စုရှိ နတ်စင်နောက်ဘက်တွင် ယမန်နေ့ ည ၁၁ နာရီက ဝေန်မြစ်ကမ်းပါးပြိုကျမှု ဖြစ်ပွားသည်။**



ဝေန်မြစ်ကမ်းပါး ပြိုကျမှုသည် ဝေန်တာတမံရှိ မိုင်တိုင်အမှတ် ၅၁/၂ နှင့် ၅၁/၃ ကြားရှိ ဝေန်မြစ်ကမ်းပြိုကျခြင်း ဖြစ်ပြီး အလျား ပေ ၄၀၀၊ အနံပေ ၃၀ ခန့်ရှိကြောင်း၊ ယခုပြိုကျသည့်နေရာသည် ဝေန်တာတမံနှင့် အလွန်နီးကပ်ကာ တောင်ကွေးတောက်ဘက်မှ လာသည့် ရေတိုက်စားပြီး မြစ်ကမ်းပါး ပြိုကျခြင်းဖြစ်ကြောင်း သိရသည်။ လွန်ခဲ့သည့် နှစ်ရက်ခန့်က မိုးဆက်တိုက်ရွာသွန်းသဖြင့် မြစ်ကမ်းပါးပြိုကျမှုများ ဆက်တိုက်ဖြစ်ပွားလျက်ရှိပြီး ဝေန်တာတမံနှင့်အကွာအဝေး ပေ ၆၀ ခန့်သာရှိသဖြင့် မြစ်ကမ်းပါး ပြိုကျမှုကြောင့် ဝေန်တာတမံကျိုးပေါက်ပါက ဒေသခံပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်နှင့် စိုက်ပျိုးထားသည့် စပါးများ ဆုံးရှုံးမည်ကို စိုးရိမ်ပူပန်လျက်ရှိသဖြင့် သက်ဆိုင်ရာက အမြန်ကာကွယ်ထိန်းသိမ်း ဆောင်ရွက်ပေးစေလိုကြောင်း ဒေသခံပြည်သူ ဒေါ်ခင်သန်းက ပြောသည်။

ဝေန်မြစ်ကမ်းပါး ပြိုကျသည့် အနီးတွင် ဦးငွေစိုး၊ ဦးရဲဝင်းအောင်၊ ဦးအေးဆန်း၊ ဦးကျော်ကျော်တို့၏ နေအိမ် လေးလုံးရှိပြီး ကမ်းပြိုကျသည့်နေရာသို့ သက်ဆိုင်ရာတာဝန်ရှိသူများသည် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အတူ ယမန်နေ့က လာရောက်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ဆန်းတင့်(ရေကြည်)**

# ငဖဲမြို့နယ် မန်းချောင်းရေလှောင်တမံမှ မိုးစပါးလျာထားဧက ၂၉၇၄ ဧကအတွက် ပျိုးထောင်ရေများ စတင်ပေးဝေလျက်ရှိ

ငဖဲ ဇူလိုင် ၄

ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်အတွင်းရှိမန်းချောင်းရေလှောင်တမံ ဆည်ရေသောက်ဧရိယာများတွင် မိုးစပါးစိုက်ပျိုးရန် လျာထားဧက ၂၉၇၄ ဧကအတွက် စတင်ပျိုးထောင်စိုက်ပျိုးနိုင်ရန် ဇူလိုင် ၁ ရက်မှ စတင်၍ ဆည်ရေပေးဝေလျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကိုဦးထံမှ သိရသည်။



မန်းချောင်းရေလှောင်တမံအတွင်း လက်ရှိရေဝင်ရောက်မှုအခြေအနေကို တွေ့ရစဉ်။

၂၀၂၁-၂၀၂၂ ခုနှစ် မိုးစပါးများ စိုက်ပျိုးရာသီတွင် မန်းချောင်းရေလှောင်တမံ ဆည်ရေသောက် ဧရိယာအတွင်းရှိ မြောင်းလက်တံအလိုက် မိုးစပါးစိုက်ပျိုးရန် လျာထားမှုအနေဖြင့် လက်ဝဲမြောင်းမကြီးရှိ ကျေးရွာ အုပ်စုခြောက်အုပ်စု ကွင်းပေါင်း ၁၄ ကွင်းတွင်လျာထားဧက ၁၀၀၃ ဧက၊ လက်ယာမြောင်းမကြီး တစ်လျှောက်ရှိ ကျေးရွာအုပ်စု ခုနစ်အုပ်စု ကွင်းပေါင်း ၁၅ ကွင်းအတွက် လျာထားဧက ၁၉၇၁ ဧက စုစုပေါင်း ၂၉၇၄ ဧကနှင့် ရင်းရှည်တမံဆည်ရေသောက်ဧရိယာအတွင်းရှိ ကျေးရွာအုပ်စု နှစ်အုပ်စု ကွင်းပေါင်း လေးကွင်းရှိ လျာထားဧက ၂၈၅ ဧက စုစုပေါင်း ကျေးရွာအုပ်စု ၁၅ အုပ်စု ကွင်းပေါင်း ၃၃ ကွင်းတွင် မိုးစပါးများ ပျိုးထောင်စိုက်ပျိုးနိုင်ရန် လျာထားဧက ၃၂၅၉ ဧကရှိကြောင်း သိရသည်။

အဆိုပါ မန်းချောင်းရေလှောင်တမံ၏ ကန်ရေပြည့် ရေသိုလှောင်ပမာဏမှာ ဧကပေ ၁၂၀၀၀၀ ဖြစ်ပြီး ယခုလက်ရှိ ရေသိုလှောင်ပမာဏမှာ သုံးသိန်းငါးသောင်းကျော်ရှိသောကြောင့် ဆည်ရေပေးဝေနိုင်သည့်ဧရိယာမှာ မိုးစပါး ၂၉၇၄ ဧကစိုက်ပျိုးရန် လျာထားကြောင်း၊ မိုးစပါးစတင်ပျိုးထောင်ရေအတွက် ဇူလိုင် ၁ ရက်ကစ၍ ဆည်ရေပေးဝေလျက်ရှိကြောင်း၊ ရင်းရှည်ရေလှောင်တမံဆည်ရေသောက်ဧရိယာအတွင်းမှ မိုးစပါးပျိုးထောင်ရန်အတွက် စိုက်ပျိုးရေကို ဇူလိုင် ၂၀ ရက်တွင် စတင်ပေးဝေမည်ဖြစ်ကြောင်း သိရသည်။

**မယု(ငဖဲ)**



# ဖယ်ခုံမြို့နယ် မိုးဗြဲကျေးရွာအတွင်း ပျက်စီးသွားသော နေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းများထောက်ပံ့




ဖယ်ခုံ ဇူလိုင် ၄

ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီမှ ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ် မိုးဗြဲကျေးရွာအတွင်း ပျက်စီးသွားသော နေအိမ်များအတွက် မိုးဗြဲကျေးရွာအတွင်းရှိ ဘက်စုံသုံးအားကစားခန်းမ၌ ဇူလိုင် ၃ ရက်က အခြေခံအိမ်ဆောက်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် နယ်မြေခံတပ်မှ ယာယီနည်းဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီး မျိုးမင်းအောင်က မိမိတို့အနေဖြင့် ပျက်စီးနေအိမ်များအား စာရင်းကောက်ယူပြီး ပျက်စီးမှုပမာဏပေါ် မူတည်ပြီး ထောက်ပံ့ရခြင်းဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းရွှေက ထောက်ပံ့ရေးပစ္စည်းများ ရရှိရေးအတွက် ဝန်ကြီးဌာနအဖွဲ့အစည်းများထံသို့ အကူအညီတောင်းခံထားပါကြောင်း၊ ရရှိပါက ထပ်မံထောက်ပံ့ပေးအပ်သွားမည်ဖြစ်ပြီး ဒေသတည်ငြိမ်အေးချမ်းရေး၊ စာသင်ကျောင်း၊ ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုံခြုံရေးတည်ငြိမ်အေးချမ်းရေး၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီမှ ထောက်ပံ့ပေးအပ်သော အခြေခံအိမ်ဆောက်ပစ္စည်းများကို နယ်မြေခံတပ်မှ ယာယီနည်းဗျူဟာမှူးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က ထောက်ပံ့ပေးအပ်သည်။ အဆိုပါပျက်စီးနေအိမ်များအနက် အကြီးစားပျက်စီးသော အိမ်ခြေ အလုံး ၂၀၊ အသေးစားပျက်စီးအိမ်ခြေ ၂၈ လုံး စုစုပေါင်း ၄၈ လုံးအတွက် အုတ်အလုံးရေ ၁၃၂၃၅၀၊ ဘိလပ်မြေ ၂၆၁၅ အိတ်၊ သွပ်အချပ်ရေ ၃၃၆၀ စုစုပေါင်း ကာလတန်ဖိုး ကျပ် ၉၂၅၄၂၀၀၀ အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

မောင်မောင်သန်း (တောင်ကြီး)

# ကန်ပက်လက်မြို့နယ် ရှိနော်ကျင်းကျေးရွာ၌ ကြိုးတံတားတည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီး

ကန်ပက်လက် ဇူလိုင် ၄

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် အောက်ကန့်ကျေးရွာအုပ်စု ရှိနော်ကျင်းကျေးရွာ၌ ကြိုးတံတား တည်ဆောက်ခြင်းလုပ်ငန်းများကို မတ်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း ကန်ပက်လက်ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ရှိနော်ကျင်းကျေးရွာ ကြိုးတံတား အရှည် ၄၁၅ ပေ၊ အကျယ် ၄ ဒသမ ၆ ပေ၊ အမြင့် ပေ ၃၀ တည်ဆောက်ခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းထောက်ပံ့ရန်ပုံငွေကျပ်သိန်း၁၀၀၊ ကျေးလက်နေ ပြည်သူများ၏ လုပ်အားထည့်ဝင်မှုတို့ဖြင့် ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။

ကန်ပက်လက်မြို့နယ်အတွင်းရှိ ကျေးရွာများသည် တောင်ပေါ်ဒေသဖြစ်သောကြောင့် မိုးရာသီတွင် လမ်းပန်းဆက်သွယ်ရေး သွားလာရခက်ခဲကြောင်း၊ အဆိုပါကြိုးတံတားသည် ရှိနော်ကျင်းကျေးရွာနှင့် အောက်ကန့်ကျေးရွာတို့ ဆက်သွယ်သွားလာသော လမ်းဖြစ်ပြီး ယင်းကျေးရွာများရှိ အိမ်ခြေ ၈၀၊ လူဦးရေ ၅၁၂ ဦးနှင့် အနီးတစ်ဝိုက်ရှိ ကျေးရွာတို့၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးများအတွက် အကျိုးပြုမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးထန်းအွမ် က ပြောသည်။



စိုးမိုးကျော်

# ငါးသိုင်းချောင်းမြို့၌ လေဘေးသင့် အိမ်ထောင်စုအတွက် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့

ငါးသိုင်းချောင်း ဇူလိုင် ၄

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့ ကက္ကူလေးကျေးရွာတွင် ဇွန် ၁၈ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်တစ်လုံး အမိုးလန်ပျက်စီးခဲ့ရာ ယနေ့ နံနက်ပိုင်းက အဆိုပါလေဘေးသင့် အိမ်ထောင်စုအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ မိသားစုတစ်ကိုယ်ရေသုံးပစ္စည်း ၁၁ မျိုးပါ ပုံးတစ်ပုံးနှင့် စောင်တစ်ထည်အား မြို့နယ်ကြက်ခြေနီအသင်းခွဲကိုယ်စား၊ ငါးသိုင်းချောင်းမြို့ ကြက်ခြေနီ အသင်းခွဲငယ်မှ တာဝန်ရှိသူများနှင့် မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမတွင် ယနေ့ နံနက်ပိုင်းက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

စိုးမင်းဦး(ပြန်/ဆက်)



# ရန်ကုန်မြို့တော် နယ်နိမိတ်အတွင်း ဆိုင်ကယ်စီးနင်းပါက စည်ပင်သာယာရေးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်

ရန်ကုန် ဇူလိုင် ၄

**ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှု၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီကြီးကြပ်မှုဖြင့် မြို့တော်သန့်ရှင်းသာယာလှပရေးနှင့် နေချင်စဖွယ်မြို့တော်ကြီးအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ၌ ယခုအခါ ရန်ကုန်မြို့တော် နယ်နိမိတ်အတွင်း မော်တော်ဆိုင်ကယ်များ မောင်းနှင်စီးခြင်းကို စည်ပင်သာယာရေးဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ သိရသည်။**

### ယာဉ်အန္တရာယ်ဖြစ်ပေါ်မှုများ

မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ကြီးဖြစ်ပြီး လူဦးရေထူထပ်များပြားသည့် ရန်ကုန်မြို့တော်ကြီးကို အဆင့်မြှင့်တင်ဆောင်ရွက်ရာတွင် မြို့တော်နယ်နိမိတ်အတွင်း ယာဉ်အသုံးပြုမှု၊ လမ်းအသုံးပြုမှု၊ စနစ်တကျမှန်ကန်စေရေး သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ကြပ်မတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ရန်ကုန်မြို့တော်နယ်နိမိတ်အတွင်း မော်တော်ဆိုင်ကယ် မောင်းနှင်အသုံးပြုသူများသည် စည်းကမ်းမဲ့စွာ မောင်းနှင်အသုံးပြုမှုများကြောင့် ယာဉ်အန္တရာယ်ဖြစ်ပေါ်မှုများ မကြာခဏကြုံတွေ့နေရပြီး မြို့တော်သန့်ရှင်းသာယာရေးကိုလည်း ထိခိုက်လျက်ရှိသည်။

ယင်းသို့ ရန်ကုန်မြို့တော်နယ်နိမိတ်အတွင်း ယာဉ်အန္တရာယ်ကြုံတွေ့မှုများနှင့် မြို့တော်သန့်ရှင်းသာယာရေး ထိခိုက်မှုမဖြစ်ပေါ်စေရေး ရှောင်ရှားရန်အတွက် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှု၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကြီးကြပ်မှုဖြင့် မြို့တော်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၃၁၅ ပုဒ်မခွဲ(၄)နှင့် ပုဒ်မ ၃၃၆ ပုဒ်မခွဲ(ခ) တို့အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ရန်ကုန်မြို့တော် နယ်နိမိတ်အတွင်း မော်တော်ဆိုင်ကယ်မောင်းနှင်ခွင့်မပြုသော လမ်းများကို ပြီးခဲ့သောဇွန်လကတည်းက ထုတ်ပြန်ထားပြီးဖြစ်သည်။ ယင်းဥပဒေကို ဖောက်ဖျက်၍ လိုက်နာမှုမရှိဘဲ ကျူးလွန်ပါက ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ဒဏ်ငွေကျပ်တစ်သိန်းမှ အများဆုံး ငါးသိန်းအထိ ချမှတ်အရေးယူခံရမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တော် နယ်နိမိတ်အတွင်း ဆိုင်ကယ်စီးနင်းခွင့် မပြုတော့သည့် ကိစ္စရပ်နှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ကောင်စီအဖွဲ့ဝင်အသီးသီးသို့ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း တိုင်းအဆင့်ဌာနဆိုင်ရာများသို့လည်းကောင်း၊ ခရိုင်အုပ်ချုပ်ရေးအဖွဲ့များသို့လည်းကောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များသို့လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးရှိ ဌာနဆိုင်ရာများသို့လည်းကောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အသီးသီး ဖြန့်ဝေထားပြီးဖြစ်၍ လတ်တလော လိုက်နာမှုမရှိသည့်မြို့နယ်များအတွင်း ထိရောက်စွာ အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိသည်။ ယင်းသို့ မလုပ်ဆောင်မီ အသိပေးကြေညာခြင်း၊ လိုက်နာဆောင်ရွက်ရန် နှိုးဆော်ခြင်းများကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

### ယာဉ်အန္တရာယ်ကြုံတွေ့ရမှု

ယင်းသို့ ရန်ကုန်မြို့တော် နယ်နိမိတ်အတွင်း မော်တော်ဆိုင်ကယ်မောင်းနှင်အသုံးပြုမှုကို တားမြစ်ရာတွင် တိုင်းဒေသကြီး မြို့တော်စည်ပင်နယ်နိမိတ်အတွင်းရှိ မြို့နယ်အားလုံးပါဝင်သော်လည်း ဒလမြို့နယ်နှင့် ဆိပ်ကြီးခနောင်တိုမြို့နယ်တို့အတွင်းတွင် တရားဝင် စီးနင်းမောင်းနှင်ခွင့်ပြုထားဆဲဖြစ်သည်။ ရန်ကုန်မြို့နယ်နိမိတ်အတွင်း ဆိုင်ကယ်စီးနင်းမှု အများဆုံးမြို့နယ်များမှာ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ သန်လျင်မြို့နယ်၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ မှော်ဘီမြို့နယ်နှင့် လှည်းကူးမြို့နယ်တို့ဖြစ်ကြပြီး ယာဉ်အန္တရာယ်ကြုံတွေ့ရမှုမှာလည်း ယင်းမြို့နယ်များတွင် အများဆုံးကြုံတွေ့ခဲ့ကြရကြောင်း သိရသည်။

မြင့်မိုရ်


တရားခံ ဟန်မောင်မောင်ချို (၂၈)နှစ်


တရားခံ သိန်းသန်းဇိုး (၂၉)နှစ်


တရားခံ ကျော်ဇောဟိန်း (၂၈)နှစ်

ပခုက္ကူမြို့၊ မြိုင်သာယာကွက်သစ်တွင် ဖမ်းဆီးရမိသည့် တရားခံ၏ မှတ်တမ်းဓာတ်ပုံ

မြဝတီမြို့မှ လက်နက်၊ ခဲယမ်းများ သယ်ဆောင်လာသူ နှစ်ဦးအား ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ

*❋ ကျောဖုံးမှ*

ပခုက္ကူမြို့နယ် မြိုင်သာယာကွက်သစ်ရှိ သနပ်ခါးခြံအတွင်း၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်များအရ လက်နက်၊ ခဲယမ်းများကို မြဝတီမြို့တွင် နေထိုင်သော နေမျိုးမှတစ်ဆင့် KNDOအဖွဲ့မှ ချိတ်ဆက်ဝယ်ယူခဲ့ကြောင်း သိရှိရသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားအောင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်မည့် တရားခံများအား ကြိုတင်ဖမ်းဆီးနိုင်ခဲ့ပြီး ၎င်းတို့အား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆက်စပ်တရားခံများအား ဆက်လက်ဖော်ထုတ်ဖမ်းဆီးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



လက်နက်၊ ခဲယမ်းများ သယ်ဆောင်လာသူများ စီးနင်းလာသည့် မော်တော်ယာဉ်ကို တွေ့ရစဉ်။

## ဘားအံ၊ ဘုတ်ပြင်းနှင့် တာချီလိတ် မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၄**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၃ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ဘားအံမြို့နယ် အိန္ဒဲကျေးရွာ အုပ်စု ဘုရားလုံကျေးရွာနေ မနန်းသဇင်ခိုင်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၂၀၀၀ ကို သိမ်းဆည်းရမိခဲ့သည်။

**အရေးယူထား**

အလားတူ ယင်းနေ့ နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် လုံခြုံရေး တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘုတ်ပြင်းမြို့နယ် ကရသူရိမြို့ အေးမြသာယာကျေးရွာအနီး ဘုတ်ပြင်း-ကော့သောင်း သွားကားလမ်းတွင် ဖုန်းစံအောင်မောင်းနှင်ပြီး ရဲကိုကိုမြင့် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်


ဖုန်းစံအောင်၊ ရဲကိုကိုမြင့်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ဆေးပြား ၆၀၀၀ ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ ညနေ ၄ နာရီ ၃၅ မိနစ်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်ရှိ တည်းခိုခန်း ကားပါကင်၌ သတင်းအရ စောင့်ဆိုင်းနေစဉ် ရဲမင်းထွန်း မောင်းနှင်ပြီး အာကာထွန်း လိုက်ပါလာသည့် ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ အိုက်စ် ၁ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ရေယာဉ်စီး ခရီးသွားပြည်သူများအား အသက်ကယ်အင်္ကျီ စနစ်တကျဝတ်ဆင်ရေး အသိပညာပေး

**မြောက်ဦး ဇူလိုင် ၄**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်မီးသတ်ဦးစီးဌာနက မြို့နယ်အတွင်း ရေလမ်းခရီးဖြင့် သွားလာကြသောပြည်သူများ မိုးရာသီရေဘေးအန္တရာယ်ကာကွယ်နိုင်ရေးအတွက် အသက်ကယ်အင်္ကျီများ စနစ်တကျဝတ်ဆင် အသုံးပြုတတ်စေရန် ရည်ရွယ်၍ ယမန်နေ့ နံနက် ၈ နာရီက လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **(အောက်ပုံ)**

အဆိုပါလက်တွေ့သရုပ်ပြပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုမြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းလှိုင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဘုတ်၊ စက်လှေများဖြင့် မြို့မဈေးကြီးသို့ ကုန်ရောင်း၊ ကုန်ဝယ်လာရောက်ဝယ်ယူရောင်းချကြသော ပြည်သူများအား အသက်ကယ်အင်္ကျီ စနစ်တကျဝတ်ဆင် အသုံးပြုတတ်စေရန် လက်တွေ့သရုပ်ပြသခြင်း၊ ခရီးသွားပြည်သူများ လက်တွေ့ဝတ်ဆင်စေခြင်းများ ဆောင်ရွက်ခဲ့သည်။ ဆက်လက်၍ ဒုမြို့နယ်မီးသတ်ဦးစီးမှူးက မိုးရာသီသို့ ရောက်ရှိလာပြီဖြစ်၍ မြို့နယ်အတွင်းပြေးဆွဲပေးနေသော ဘုတ်ပိုင်ရှင်များနှင့် စက်လှေပိုင်ရှင်များအနေဖြင့် အသက်ကယ်အင်္ကျီများမပါရှိပါက ဝယ်ယူဖြည့်ဆည်းဆောင်ရွက်ထားရှိရေး အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခင်မောင်ထွန်း(ပြန်/ဆက်)**



## တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ဖုန်းဟန်းဆက်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၈၆ စီး၊ သွင်းကုန် ၂၀၁ စီး၊ ရန်ကုန်-




မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၅၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် သန်း ၅ ဒသမ ၅၈၀ တန်ဖိုးရှိ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် တရုတ်နိုင်ငံထုတ် Handset (Red-mi, Honor, Oppo) (95U) နှင့် တရုတ်နိုင်ငံထုတ် Handset (Used Handset with Box x Charger (Vivo Y31, Vivo Y75, Y-81, Vivo 83, Oppo F-7)) (91 U) အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇူလိုင် ၄**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျောက်ဖြူမြို့တွင် ၃ ဒသမ ၅၄ လက်မ၊ ဖာပွန်မြို့တွင် ၂ ဒသမ ၄၄ လက်မ၊ မာန်အောင်မြို့တွင် ၂ ဒသမ ၁၇ လက်မ၊ စစ်တွေမြို့တွင် ၁ ဒသမ ၉၃ လက်မ၊ အမ်းမြို့တွင် ၁ ဒသမ ၅၀ လက်မ၊ ပလက်ဝမြို့တွင် ၁ ဒသမ ၃၀ လက်မ၊ မောင်တောမြို့တွင် ၁ ဒသမ ၂၂ လက်မ၊ တောင်ကုတ်မြို့တွင် ၁ ဒသမ ၁၈ လက်မနှင့် ရွှေကျင်မြို့တွင် ၁ ဒသမ ၁၄ လက်မတို့ဖြစ်ကြသည်။

**မိုး/ဇလ**

# လာအိုနိုင်ငံတွင် ကိုဗစ် -၁၉ ကြောင့် အသွားအလာပိတ်ဆို့ကန့်သတ်မှု အချိန်တိုးချဲ့

**ဗီယင်ကျန်း ဇူလိုင် ၄**

လာအိုနိုင်ငံ၌ ကိုဗစ် -၁၉ ကူးစက်မှုများကို ထိန်းချုပ်ရန်အတွက် လက်ရှိ ထားရှိထားသော အသွားအလာပိတ်ဆို့ကန့်သတ်မှုကို နောက်ထပ် ၁၅ ရက်ထပ်တိုးရန် ဆုံးဖြတ်ခဲ့သည်ဟု သိရသည်။ အဆိုပါ စည်းကမ်းချက်မှာ ဇူလိုင် ၅ ရက်နေ့မှ ၁၉ ရက်နေ့အထိ သတ်မှတ်ထားပြီး သတ်မှတ်ထားသည့် ဖြေလျှော့မှုများကိုလည်း ပြုလုပ်မည် ဖြစ်သည်။

ဝန်ကြီးချုပ်ရုံးမှ ဒုတိယအကြီးအကဲဖြစ်သူ သီဖာခွန်ချန်သာဗွန်ဆာက လာအိုနိုင်ငံ မြို့တော် ဗီယင်ကျန်းတွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ပြီး အိမ်နီးချင်းနိုင်ငံများတွင် အန္တရာယ်များသည့်အခြေအနေများနှင့် ကြုံတွေ့နေရကြောင်း၊ ထို့ပြင် ဗီဇပြောင်းဒယ်လ်တာကူးစက်မှုမှာလည်း လာအိုနိုင်ငံတွင် တွေ့ရှိနေရပြီဖြစ်ကြောင်းနှင့် ဇူလိုင် ၁၉ ရက် မတိုင်မီအချိန်အထိ အသွားအလာပိတ်ဆို့ကန့်သတ်မှုကိုပြုလုပ်မည်ဟု ပြောကြားခဲ့သည်။

ဒေသတွင်း ကိုဗစ် – ၁၉ ကူးစက်မှုများကို ထိန်းချုပ်နိုင်ရေးအတွက် ရည်ရွယ်ကာ အသွားအလာပိတ်ဆို့ကန့်သတ်မှုကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ လက်ရှိချမှတ်ထားသည့် အသွားအလာပိတ်ဆို့ကန့်သတ်မှုမှာ ဇွန် ၁၉ ရက်က စတင်ခဲ့ခြင်းဖြစ်ပြီး ဇူလိုင် ၄ ရက်တွင် သက်တမ်းကုန်ဆုံးပြီဖြစ်သည်။

ပြီးခဲ့သည့် ၂၄ နာရီအတွင်း လာအိုနိုင်ငံတွင် ကိုဗစ် -၁၉ နောက်ထပ်ကူးစက်ခံရသူ ၃၂ ဦး တွေ့ရှိခဲ့ပြီး တစ်နိုင်ငံလုံးအနှံ့ စုစုပေါင်းကူးစက်ခံရသူ ၂၂၄၄ ဦး ရှိလာသည်။ ပြန်လည်ကျန်းမာ၍ ဆေးရုံမှ ဆင်းသွားသူအရေအတွက်မှာလည်း ၂၀၃၁ ဦး ရှိသည်ဟု သိရသည်။

ဆင်ဟွာ



လာအိုနိုင်ငံ ဗီယင်ကျန်းမြို့လမ်းမထက်တွင် ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ကာ သွားလာကြသူများကို တွေ့ရစဉ်။

# ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်–၁၉ ကူးစက်ခံရသူ ၉၂၂ ဦး ထပ်မံတွေ့ရှိ

**ဟန္နိုင်း ဇူလိုင် ၄**

ဗီယက်နမ်နိုင်ငံတွင် ဇူလိုင် ၃ ရက်က ကိုဗစ် – ၁၉ ကူးစက်ခံရသူ ၉၂၂ ဦးရှိပြီး နေ့စဉ်ကူးစက်မှုများတွင် အများဆုံးကူးစက်မှုဟု သိရသည်။ ဟိုချီမင်းမြို့တောင်ပိုင်းတွင် ကူးစက်မှုအများဆုံး တွေ့ခဲ့ရသည်ဟု ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ပြည်တွင်းကူးစက်မှု ၉၁၄ ဦးတွင် ၇၁၄ ဦးမှာ ဟိုချီမင်းမြို့မှ ဖြစ်သည်။ ၃၈ ဦးမှာ တောင်ပိုင်း ဘင်ဒွန်ပြည်နယ်မှဖြစ်ပြီး ဖူယန်ပြည်နယ်မှ ၃၇ ဦးကူးစက်ခံရသည်ဟု သိရသည်။ ကူးစက်မှုထဲမှ အများစုမှာ ယခင်အတည်ပြုလူနာများနှင့် ထိတွေ့မှုရှိသူများ သို့မဟုတ်ဒေသတွင်းအစုလိုက်ကူးစက်မှုများထဲတွင် ပါဝင်သူများနှင့် ဆက်စပ်မှုရှိသူများ ဖြစ်ကြသည်။



ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်–၁၉ ဆေးစစ်မှုများ လုပ်ဆောင်ပေးနေစဉ်။

ဗီယက်နမ်နိုင်ငံတွင် ကိုဗစ် – ၁၉ ကူးစက်ခံရပြီးနောက် ပြန်လည် ကျန်းမာလာသူ စုစုပေါင်းမှာ ၇၆၄၃ ဦးဖြစ်ပြီး ဇွန် ၂ ရက်ကလည်း ၂၄၈ ဦး ပြန်လည်ကျန်းမာလာသည်ဟု သိရသည်။ ဇူလိုင် ၃ ရက်အထိ ဗီယက်နမ်နိုင်ငံတွင် ပြည်တွင်းကူးစက်ခံရမှုပေါင်း ၁၇၁၉၉ ဦးရှိပြီး ၁၅၆၂၉ ဦးမှာ ရောဂါပြန်လည်ဖြစ်ပွားရာ ဧပြီလ နှောင်းပိုင်းမှ စတင်ကူးစက်ခံရခြင်း ဖြစ်သည်။ ဆင်ဟွာ

## အီရတ်နိုင်ငံတွင် လျှပ်စစ်လုပ်သား ခုနစ်ဦး အသတ်ခံရ

**ဘဂ္ဂဒက် ဇူလိုင် ၄**

အီရတ်နိုင်ငံတွင် ပူပြင်းလှသည့် နွေရာသီကာလအတွင်း အစိုးရကို လျှပ်စစ်ဓာတ်အားပေးနိုင်မှုကို ဟန့်တားနှောင့်ယှက်ရန်အတွက် ရည်ရွယ်ကာ စစ်သွေးကြွများသည် ပြီးခဲ့သည့် ၁၀ ရက်အတွင်း တိုက်ခိုက်မှုပြုလုပ်ခဲ့သည်။ ယင်းတိုက်ခိုက်မှုအတွင်း လျှပ်စစ်ဝန်ထမ်း ခုနစ်ဦး အသတ်ခံရကာ ၁၁ ဦး ဒဏ်ရာရရှိခဲ့သည်ဟု အီရတ်အစိုးရက ဇူလိုင် ၃ ရက်တွင် ပြောသည်။

ဓာတ်အားပေးစက်ရုံအချို့နှင့် အဓိက ဓာတ်အားထုတ်လွှတ်သည့်လိုင်းများ ကိုပစ်မှတ်ထားကာ တိုက်ခိုက်ခဲ့သည်ဟု အီရတ်အစိုးရက သတင်းထုတ်ပြန်သည်။ ပေါက်ကွဲစေသည့်ပစ္စည်းများ အသုံးပြုခြင်း၊ ဒုံးကျည်ပစ်ခတ်မှုတို့ပြုလုပ်ကာ တိုက်ခိုက်ခဲ့ပြီး ဓာတ်အားထုတ်လွှတ်ရေးလိုင်း ၆၁ လိုင်း ထိခိုက်ခဲ့သည်ဟု သိရသည်။ တိုင်းပြည်တစ်ဝန်းအဖျက်အမှောင့်လုပ်ငန်းကြောင့် ပျက်စီးသွားရသည့် ဓာတ်အားထုတ်လွှတ်ရေးလိုင်းများကို လျှပ်စစ်ဝန်ကြီးဌာနက ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ပြီးခဲ့သည့်နှစ်ရက်ကလည်း အီရတ်နိုင်ငံတစ်လွှား အပူလှိုင်းနှင့် ကြုံတွေ့ရစဉ်အတွင်း လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများ ကြုံတွေ့ခဲ့ရသည်။ အီရတ်နိုင်ငံသည် ၂၀၀၃ခုနှစ် အမေရိကန် ဦးဆောင်သည့် ကျူးကျော်မှုအပြီးတွင် ကာလရှည်ကြာ လျှပ်စစ်ဓာတ်အားပြတ်လပ်မှုနှင့် ကြုံတွေ့ရသည်။ ဆင်ဟွာ

# တိုကျိုအနီးကြောက်မက်ဖွယ်ရွှံ့ နွံပြိုဆင်းပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများ ပြန်လည်စတင်

**တိုကျို ဇူလိုင် ၄**

တိုကျိုအနီးတွင် ရွှံ့နွံပြိုဆင်းမှု ဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးနှင့် ရှာဖွေရေးလုပ်ငန်းများကို ပြန်လည်စတင်နေပြီဟု သိရသည်။ ယင်းသဘာဝဘေးကြောင့် လူနှစ်ဦး သေဆုံးခဲ့ပြီး ၂၀ မှာ ပျောက်ဆုံးနေဆဲ ဖြစ်သည်ဟု သိရသည်။

နိုင်ငံ၏ ပစိဖိတ်ကမ်းရိုးတန်း တစ်လျှောက်တွင် ဇူလိုင် ၃ ရက် အစောပိုင်းမှ စတင်ကာ မိုးအဆက်မပြတ် ရွာသွန်းမှုများ ဖြစ်ပေါ်ခဲ့သည်။ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဇူလိုင် ၄ ရက်တွင် ရှာဖွေကယ်ဆယ်ရေးသမားများ ကယ်ဆယ်ရေးလုပ်ငန်းကို တစ်နာရီခွဲမျှ ရပ်ဆိုင်းခဲ့ရသည်။

ရှီဇူအိုကာခရိုင်ရှိ အာတာမီမြို့မှာပျက်စီးဆုံးရှုံးမှုအများဆုံးပင် ဖြစ်သည်။ နေအိမ်ပေါင်း ၁၃၀ ခန့်မိုးကြောင့် ပျက်စီးခဲ့ရသည်ဟု သိရသည်။

နေအိမ်အတွင်း ပိတ်မိနေသော လူ၁၀ ဦးကို ကယ်တင်နိုင်ခဲ့ပြီး ၎င်းတို့ထဲမှ သုံးဦးတွင် ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်ဟု သိရသည်။

အဆိုပါမြို့ရှိ နေအိမ်ပေါင်း ၂၀၀၀၀ ဝန်းကျင်ကိုလည်း အန္တရာယ်ရှိကြောင်း သတိပေးချက်ထုတ်ပြန်ထားသည်။ အနိမ့်ပိုင်းဒေသများတွင် မိုးရေကြီးမှုနှင့် ရွှံ့နွံပြိုဆင်းမှုများဖြစ်ပေါ်နိုင်သည်ဟုလည်း သတိပေးချက်ထုတ်ပြန်ထားသည်။

ကယ်ဆယ်ရေး အချက်အလက်များကိုလည်း သတိပြုကြရန် တိုက်တွန်းထားသည်။ တိုကျိုနှင့် အိုဆာကာကို ပြေးဆွဲနေသည့် ရှင်ကန်ဆန် ကျည်ဆန်ရထားမှာလည်း ဇူလိုင် ၃ ရက်က ရပ်နားထားရသည်။ သို့သော်လည်း ယခုအခါ ပြေးဆွဲမှုများ ပြန်လည်ပြုလုပ်နေပြီဟု သိရသည်။

အင်န်အိတ်ချ်ကေ



ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

# အာဖဂန်မြေမှ အရှည်ကြာဆုံးစစ်ပွဲ
# အမေရိကန်တို့ ဘယ်လိုအဆုံးသတ်မလဲ

*ကေကေစိုး*

**အာဖဂန်နစ္စတန်နိုင်ငံတွင် အစိုးရတပ်များနှင့် တာလီဘန်တို့အကြား တိုက်ပွဲများအပြင်းအထန်ဖြစ်ပွားပြီးနောက် တာလီဘန်တိုက်ခိုက်ရေးသမားများ ရာနှင့်ချီ၍ အသတ်ခံခဲ့ရသည်ဟု အာဏာပိုင်များက ဇူလိုင် ၃ ရက်တွင် ပြောသည်။**



အမေရိကန်နှင့် နေတိုးတပ်ဖွဲ့ဝင်များ ဆုတ်ခွာသွားပြီးနောက် ဘာဂရမ်လေတပ်အခြေစိုက်စခန်းတွင် အာဖဂန်တပ်ဖွဲ့ဝင်များ လုံခြုံရေးယူနေသည်ကို တွေ့ရစဉ်။

**တိုက်ပွဲများပြင်းထန်လာ**

ဩဂုတ်လနှောင်းပိုင်းတွင် အာဖဂန်မြေပေါ်မှ အမေရိကန်တပ်များကို အပြီးတိုင် ရုပ်သိမ်းသွားမည်ဟု အမေရိကန်ဘက်မှ ကြေညာပြီးနောက် အာဖဂန်နစ္စတန်တွင် တိုက်ပွဲများ ပြင်းထန်လာသည်။ ၎င်းတို့၏ အဓိက လေတပ်အခြေစိုက်စခန်းဖြစ်သော ဘာဂရမ်စခန်းမှ အမေရိကန်နှင့် နေတိုးတပ်ဖွဲ့ဝင်များ ဆုတ်ခွာပြီးနောက်ပိုင်းတွင် အမေရိကန်ဘက်မှ ယခုလိုကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။ အဆိုပါ အခြေစိုက်စခန်းမှာ ဆယ်စုနှစ်နှစ်ခုစာကြာ မဟာမိတ်တပ်များ ပူးပေါင်း၍ တာလီဘန်များနှင့် အယ်ကိုင်ဒါများကို စစ်ဆင်ရေးများ ပြုလုပ်ခဲ့ရာ နေရာလည်းဖြစ်သည်။

**စိုးရိမ်မှုများရှိ**

ပြီးခဲ့သည့်ရက်ပိုင်းအတွင်း အာဖဂန်အစိုးရနှင့် တိုက်ပွဲများကြောင့် တာလီဘန်တိုက်ခိုက်ရေးသမား ၃၀၀ ကျော်အသတ်ခံရသည်ဟု ကာကွယ်ရေးဝန်ကြီးဌာနက ဇူလိုင် ၃ ရက်တွင် ပြောသည်။ အစိုးရတပ်များနှင့် တာလီဘန်တို့ မကြာခဏတိုက်ပွဲများ ဖြစ်ပွားလေ့ရှိသည့် တောင်ပိုင်း ဟယ်လ်မန်းပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် လေကြောင်းတိုက်ခိုက်မှုအတွင်း တာလီဘန်များကို ရှင်းလင်းခဲ့ခြင်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စုက ထောက်ပံ့ပေးထားသည့်လေကြောင်းအကူအညီမရဘဲ အာဖဂန်အစိုးရတပ်ဖွဲ့ဝင်များအနေဖြင့် ဆက်လက်ရှန်းကန်ရမည်ဟူသောစိုးရိမ်မှုများလည်း ရှိနေသည်။

**ငြင်းဆိုခဲ့**

မကြာသေးမီရက်ပိုင်းအတွင်း အာဖဂန်လေတပ်သည်တာလီဘန်များ ပုန်းခိုရာနေရာများနှင့် သူပုန်များ နေထိုင်ရာနေရာများကို ပစ်မှတ်ထား၍ တိုက်ခိုက်မှုများ အပြင်းအထန်ပြုလုပ်ခဲ့သည်။ တာလီဘန်များဘက်မှ သေကျေဆုံးရှုံးမှုများစွာရှိသည်ဟု ဟယ်မန်းပြည်နယ်ကောင်စီမှ အဖွဲ့ဝင်တစ်ဦးက အေအက်ဖ်ပီသို့ ပြောသည်။ အာဖဂန်အစိုးရဘက်မှ ပြောကြားချက်ကို တာလီဘန်များက ငြင်းဆိုခဲ့သည်။ တစ်ဖက်နှင့် တစ်ဖက်သေဆုံးမှုများကို ချဲ့ကားပြောလေ့ရှိပြီး သေဆုံးသူ အတိအကျကို ဆုံးဖြတ်ရန်မှု ခက်ခဲသည်။ မေ ၁ ရက်မှ စတင်ကာ အမေရိကန်တို့ဘက်မှ တပ်ဖွဲ့ဝင် ၂၅၀၀ ကို အပြီးသတ် ဆုတ်ခွာမှုများ စတင်ပြုလုပ်ခဲ့သည်။

**အလေးထားဆောင်ရွက်**

ကျေးလက်ဒေသဘက်တွင် အာဖဂန်တပ်များနှင့် တာလီဘန်တို့အကြား တိုက်ပွဲများမှာ ပိုမိုပြင်းထန်လာသည်။ ရလဒ်အနေဖြင့် တာလီဘန်တို့သည် ခရိုင်အချို့ကို သိမ်းယူနိုင်ခဲ့ပြီး အစိုးရတပ်ဖွဲ့ဝင်များကို ပစ်မှတ်ထားကာ တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ တိုက်ပွဲများ ပြင်းထန်လာသော်ငြားလည်း ပင်တဂွန်သည် အမေရိကန်တပ်ဖွဲ့ဝင်များ အပြီးတိုင်ရုပ်သိမ်းပြီး အမေရိကန်၏ အရှည်ကြာဆုံးစစ်ပွဲကို အဆုံးသတ်ရန်သာ အလေးထားဆောင်ရွက်လျက်ရှိသည်။

**နီးကပ်လာပြီ**

ဇူလိုင် ၂ ရက်တွင် အမေရိကန်နှင့် နေတိုးတပ်ဖွဲ့ဝင်များသည် ဘာဂရမ် လေတပ် အခြေစိုက်စခန်းမှ ထွက်ခွာခဲ့ကြပြီး မဟာမိတ်တပ်ဖွဲ့နှင့် ပူးပေါင်း၍ စစ်ရေးအရ ပါဝင်ဆောင်ရွက်မှုမှာ အဆုံးသတ်ရန် နီးကပ်လာပြီဟု အချက်ပြလျက်ရှိသည်။

**မှတ်မိနေမည်ဖြစ်**

ပြီးခဲ့သည့်နှစ်များတွင်း ကဘူးလ်မြို့သည် အမေရိကန်နှင့် နေတိုးတပ်ဖွဲ့ဝင်ထောင်နှင့်ချီ၍ လာရောက်လည်ပတ်ရာ နေရာဖြစ်ခဲ့သည်။ အာဖဂန်နိုင်ငံသားများအတွက် ဘာဂရမ်လေတပ်အခြေစိုက်စခန်းမှာ နိုင်ငံခြားသားများ အများဆုံး ပါဝင်ပတ်သက်ခဲ့ရာ နေရာအဖြစ် မှတ်မိနေမည်ဖြစ်သည်ဟု အပြည်ပြည်ဆိုင်ရာ ပဋိပက္ခဖြေရှင်းရေးအုပ်စုမှ အာဖဂန်နစ္စတန်နိုင်ငံ ဆိုင်ရာကျွမ်းကျင်သူ အန်ဒရူးဝတ်ကင်က ပြောသည်။ ၂၀၀၁ ခုနှစ်မှစတင်ကာ အဆိုပါနေရာသည် နိုင်ငံခြားသားတပ်ဖွဲ့ဝင်များအတွက် ဝင်ပေါက်နေရာတစ်ခုဖြစ်နေသကဲ့သို့ အာဖဂန်လုံခြုံရေး တပ်ဖွဲ့ဝင်များတိုက်ပွဲတွင် အသားစီးရစေရေးအတွက် အရေးပါသည့်နေရာလည်း ဖြစ်ခဲ့သည်။

အဆိုပါနေရာမှ အမေရိကန်တပ်ဖွဲ့ဝင်များကို ဆုတ်ခွာပေးလိုက်ခြင်းသည် နောက်ထပ်ပြည်တွင်းစစ်တစ်ခုဖြစ်ပွားလာစေရေးအတွက် လောင်စာပေးလိုက်သလိုပင် ဖြစ်လာမည်ကို စိုးရိမ်ရကြောင်းလည်း ၎င်းက ဆက်ပြောသည်။ ၁၉၉၀ ပြည့်နှစ်ဝန်းကျင်ကာလက ဖြစ်ရပ်မျိုး ပြန်ဖြစ်လာမည်ကို စိုးရိမ်မိကြောင်း ၎င်းက ဆက်ပြောသည်။ သမိုင်းတစ်ပတ်လည် ဖြစ်ပေါ်တတ်သည်ကို နားလည်ကြောင်း အမေရိကန်များ သည် စစ်ပွဲမဆုံးမီ ထွက်ခွာသွားကြသည်ဟု ကဘူးလ်မြို့ဒေသခံတစ်ဦးဖြစ်သူ ဒါဝတ်ဟိုတက်ခ်က ပြောသည်။

**ဖြေလျှော့ပေးခဲ့**

အမေရိကန်တပ်များ ထွက်ခွာသွားသည့်အခါ တာလီဘန်များက ပြင်းထန်သည့် တိုက်ပွဲများ ပြုလုပ်သည့်အတွက် နောက်ထပ်ပြည်တွင်းစစ်ကို ဦးတည်သွားနိုင်သည်ဟုလည်း ၎င်းက ဆက်ပြောသည်။ ဇူလိုင် ၂ ရက် အိမ်ဖြူတော်တွင် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က အဆိုပါစိုးရိမ်မှုနှင့် ပတ်သက်ပြီး ဖြေလျှော့ပေးခဲ့သည်။ အမေရိကန်တပ်ဖွဲ့သည် အာဖဂန်အစိုးရနှင့် တပ်ဖွဲ့ဝင်များကို အကူအညီများ ဆက်လက်ပေးသွားမည်ဟု ပြောကြားခဲ့သည်။ ကဘူးလ်မြို့ရှိ အမေရိကန်သံတမန်များကို စောင့်ရှောက်ရန်အတွက် အမေရိကန်တပ်ဖွဲ့ဝင် ၆၀၀ ခန့်ကို ပင်တဂွန်မှ ဆက်လက်ထားရှိသွားဖွယ်ရှိသည်ဟု မီဒီယာများတွင် ဖော်ပြကြသည်။

**ကဘူးလ်မြို့ရှိ အမေရိကန်သံတမန်များကို စောင့်ရှောက်ရန်အတွက် အမေရိကန်တပ်ဖွဲ့ဝင် ၆၀၀ ခန့်ကို ပင်တဂွန်မှ ဆက်လက်ထားရှိသွားဖွယ် ရှိသည်ဟု မီဒီယာများတွင် ဖော်ပြကြ**

**အဓိကဝင်ပေါက်**

ဘာဂရမ်လေတပ်အခြေစိုက်စခန်းမှ နိုင်ငံခြားတပ်ဖွဲ့ဝင်များကို ရုပ်သိမ်းခြင်းမှာ ရက်အနည်းငယ်အတွင်း နိုင်ငံခြားတပ်ဖွဲ့ဝင်အားလုံးကို အာဖဂန်မြေပေါ်မှ ရုပ်သိမ်းသွားရန် သဘောမျိုးမဟုတ်ဟု အိမ်ဖြူတော်မှ ပြောရေးဆိုခွင့်ရှိသူ ဂျန်ပစာကီက ပြောသည်။ နိုင်ငံခြားတပ်ဖွဲ့ဝင်များအားလုံးမှာ ဩဂုတ်လကုန်ပိုင်းတွင် ထွက်ခွာသွားကြမည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ဘာဂရမ်လေတပ်အခြေစိုက်စခန်းမှာ အမေရိကန်တပ်ဖွဲ့ဝင်များ၊ အပြည်ပြည်ဆိုင်ရာ တပ်ဖွဲ့ဝင်များနှင့် ၎င်းတို့အတွက် လက်နက်များ ဝင်ရောက်ရာ အဓိကဝင်ပေါက်နေရာလည်း ဖြစ်သည်။

**ကူညီပေးသွားမည်**

ယခုအခါ အာဖဂန်တပ်ဖွဲ့ဝင်များက အဆိုပါနေရာကို ထိန်းချုပ်ထားလိုက်ပြီဖြစ်ကြောင်းကို အာဖဂန်ကာကွယ်ရေးဝန်ကြီးဌာနက အတည်ပြုပြောကြားခဲ့သည်။ လက်ရှိတွင် အမေရိကန်တပ်ဖွဲ့ဝင် ၆၅၀ သာ ကျန်ရှိခဲ့ပြီး အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ကဘူးလ်ရှိ အမေရိကန်သံရုံးတို့ကို အကာအကွယ်ပေးရာတွင် ကူညီပေးသွားမည်ဖြစ်သည်။ ယခုကဲ့သို့ ဆုတ်ခွာမှုကို တာလီဘန်ခေါင်းဆောင်က ကြိုဆိုခဲ့သည်။ သို့သော်လည်း တာလီဘန်များနှင့် အာဖဂန်တပ်ဖွဲ့ဝင်တို့အကြား တိုက်ပွဲများ ဆက်လက်ပြင်းထန်ဆဲဖြစ်သည်။ ။

**ကိုးကား - အေအက်ဖ်ပီ၊ အင်န်အိတ်ချ်ကေ**

❑ *ကျောဖုံးမှ*

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၄-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၉) ခု | (၈) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁,၀၃၀) ခု | (၁၀၅) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၀၈) ခု | (၇) ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၃၈) ခု | (၁၀) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀) | (၁၂၇) ခု | (၂၆) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၁၄) ခု | (၅၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉၉၅) ခု | (၄၆၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇,၅၅၇) ခု | (၁,၆၄၄) ဦး |
| စုစုပေါင်း | (၁၀,၃၇၈) ခု | (၂,၃၁၈) ဦး |

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- COVID-19 ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## အခြေခံပညာကျောင်းများ ပြန်ဖွင့်ချိန်တွင် ကျောင်းသား / ကျောင်းသူများ၊ မိဘများနှင့် ဆရာများ အထူးသတိပြုလိုက်နာရမည့် အချက် (၆) ချက်

(၁) ကျောင်းသား/ ကျောင်းသူကိုယ်တိုင်ဖြစ်စေ၊ အတူနေမိသားစုဝင်တစ်ဦးဦးဖြစ်စေ နေမကောင်းဖြစ်ခြင်း (ချောင်းဆိုးခြင်း၊ ဖျားနာခြင်း၊ အသက်ရှူရခက်ခဲခြင်းစသည့် COVID-19 ရောဂါသံသယ လက္ခဏာများ) ရှိလျှင်သော်လည်းကောင်း၊ လွန်ခဲ့သည့် (၁၄)ရက်အတွင်း COVID-19 ရောဂါ အတည်ပြုလူနာတစ်ဦးဦး နှင့် နီးကပ်စွာထိတွေ့ခဲ့မှု (Primary Contact) ရှိခဲ့လျှင်သော်လည်းကောင်း ကျောင်းသို့စေလွှတ်ခြင်း လုံးဝမပြုပါနှင့်။ သက်ဆိုင်ရာကျောင်းသို့ ချက်ချင်းခွင့်တိုင်ပါ။ နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးဆက်သွယ်အကြောင်းကြားပါ။

(၂) ကျောင်းသို့လာစဉ်၊ ကျောင်းတွင်ရှိနေစဉ်နှင့် ကျောင်းမှအိမ်သို့ ပြန်ချိန်များတွင် ပါးစပ်နှင့်နှာခေါင်းစည်း (Mask) နှင့် မျက်နှာကာ (Face shield) များ စနစ်တကျ တပ်ဆင်စေရန်နှင့် တပ်ဆင်ထားခြင်း မရှိပါက ကျောင်းအတွင်း လုံးဝ ပေးမဝင်ပါနှင့်။

(၃) တစ်ကိုယ်ရေသုံး အသုံးအဆောင်ပစ္စည်းများ (ဥပမာ- စာအုပ်၊ ခဲတံ၊ ခဲဖျက်၊ ပေတံ စသည်) ကို တစ်ဦးနှင့် တစ်ဦး မျှဝေသုံးစွဲခြင်း လုံးဝမပြုလုပ်ရပါ။

(၄) လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့် ရေ အသုံးပြု၍ အနည်းဆုံး စက္ကန့် (၂၀) ကြာအောင် ဆေးကြောစေပါ။

(၅) တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၆) ပေ ကွာခြား၍ ခပ်ခွာခွာနေထိုင်ပါ။ နီးနီးကပ်ကပ်နေခြင်း လုံးဝမပြုလုပ်ပါနှင့်။ အချင်းချင်း သတိပေးပါ။

(၆) နှာချေ၊ ချောင်းဆိုးတိုင်း တစ်ရှူး (သို့မဟုတ်) တံတောင်ကွေးဖြင့် ပါးစပ်နှင့် နှာခေါင်းကို စနစ်တကျ ဖုံးအုပ်ပါ။ တစ်ရှူး အသုံးပြုပါက အဖုံးပါသော အမှိုက်ပုံးအတွင်းသို့ စနစ်တကျ စွန့်ပစ်ပါ။ ပြီးလျှင် လက်ကို စနစ်တကျ ပြန်ဆေးပါ။

**ကျန်းမာပျော်ရွှင်ပညာသင်၊ ကြိုတင်တားဆီး ကိုဗစ်နိုင်တီး (COVID-19)**











## ၄-၇ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၅၈၈၁၇၆ | ၂၉၀၈၇၄၂၁ | ၆၂၁၂၅၅ |
| ၂။ | အိန္ဒိယ | ၃၀၅၄၅၄၃၃ | ၂၉၆၅၈၀၇၈ | ၄၀၂၀၁၅ |
| ၃။ | ဘရာဇီး | ၁၈၇၄၂၀၂၅ | ၁၇၀၃၃၈၀၈ | ၅၂၃၆၉၉ |
| ၄။ | ပြင်သစ် | ၅၇၈၃၆၅၄ | ၅၆၂၉၅၁၃ | ၁၁၁၁၅၂ |
| ၅။ | ရုရှား | ၅၆၁၀၉၄၁ | ၅၀၆၈၉၀၁ | ၁၃၇၉၂၅ |
| ၆။ | တူရကီ | ၅၄၄၀၃၆၈ | ၅၃၁၀၇၆၉ | ၄၉၈၇၄ |
| ၇။ | ဗြိတိန် | ၄၈၇၉၆၁၆ | ၄၃၃၂၁၈၁ | ၁၂၈၂၀၇ |
| ၈။ | အာဂျင်တီးနား | ၄၅၂၆၄၇၃ | ၄၁၃၆၈၂၄ | ၉၅၅၉၄ |
| ၉။ | ကိုလံဘီယာ | ၄၃၂၄၂၃၀ | ၄၀၁၂၂၅၄ | ၁၀၈၃၁၄ |
| ၁၀။ | အီတလီ | ၄၂၆၂၅၁၁ | ၄၀၈၉၂၉၈ | ၁၂၇၆၃၇ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၄ – ၇ – ၂၀၂၁

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၂၂၈၄၀၈၄ | ၁၉၂၈၂၇၄ | ၆၀၅၈၂ |
| ဖိလစ်ပိုင် | ၁၄၃၆၃၆၉ | ၁၃၅၈၅၁၂ | ၂၅၁၄၉ |
| မလေးရှား | ၇၇၈၆၅၂ | ၇၀၅၄၈၆ | ၅၄၉၇ |
| ထိုင်း | ၂၈၃၀၆၇ | ၂၂၀၉၀၃ | ၂၂၂၆ |
| မြန်မာ | ၁၆၅၄၀၅ | ၁၃၈၇၁၅ | ၃၄၁၉ |
| စင်ကာပူ | ၆၂၆၁၇ | ၆၂၂၆၅ | ၃၆ |
| ကမ္ဘောဒီးယား | ၅၄၂၉၁ | ၄၆၇၄၀ | ၇၂၀ |
| ဗီယက်နမ် | ၁၉၃၁၀ | ၇၆၄၃ | ၈၆ |
| လာအို | ၂၂၄၄ | ၂၀၃၁ | ၃ |
| ဘရူနိုင်း | ၂၆၂ | ၂၅၀ | ၃ |

# ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် နမ္မတူမြို့နယ် မြို့မဈေးကို တစ်ဝက်ဖွင့်၊ တစ်ဝက်ပိတ်စနစ်ဖြင့်သာ ရောင်းချခွင့်ပြု



နမ္မတူ ဇူလိုင် ၄

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် နမ္မတူမြို့နယ် မြို့မဈေးအား ဇူလိုင် ၄ ရက်မှစတင်ကာ ရက်အကန့်အသတ်မရှိ တစ်ဝက်ဖွင့်၊ တစ်ဝက်ပိတ်စနစ်ဖြင့်သာ ဖွင့်လှစ်ရောင်းချခွင့်ပြုထားကြောင်း သိရသည်။

ထိုသို့ ရောင်းချခွင့်ပြုဆောင်ရွက်ရာတွင် နမ္မတူမြို့နယ် မြို့မဈေးအား (အပေါ်ဈေး၊ အောက်ဈေး) နှစ်ပိုင်းခွဲ၍ ဈေးဝင်ပေါက်တံခါးခြောက်ပေါက်တွင် အလယ်ဝင်ပေါက်တံခါးနှစ်ပေါက်သာ ဖွင့်လှစ်ပေးပြီး တစ်ဝက်ဖွင့်၊ တစ်ဝက်ပိတ်စနစ်ဖြင့် ရောင်းချစေကာ ဒေသခံပြည်သူ ဈေးရောင်းသူ/ဝယ်သူတို့ကို ဈေးအတွင်းသို့မဝင်မီ လက်ဆေးစေခြင်း၊ ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်းများ တပ်ဆင်စေခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန ဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည်။

နမ္မတူမြို့နယ် မြို့မဈေးအတွင်းရှိ ဈေးရောင်းသူများအနေဖြင့် ကျန်းမာရေးတစ်စုံတစ်ရာထူးခြားမှုရှိပါက ဈေးအတွင်းသို့လာရောက်ရောင်းချခြင်းမပြုဘဲ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး (သို့မဟုတ်) ကျန်းမာရေးဌာနသို့ ဆက်သွယ်ဆောင်ရွက်သွားရန်နှင့် လိုက်နာဆောင်ရွက်မှုမရှိပါက သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း နမ္မတူမြို့နယ် စည်ပင်သာယာရေးဦးစီးဌာနမှ သိရသည်။

လူမော် (ပြန်/ဆက်)

## သီပေါမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး PPE ဝတ်စုံနှင့် အထောက်အကူပစ္စည်းများအတွက် ငွေလှူဒါန်း

သီပေါ ဇူလိုင် ၄

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် မြတ်မွန်စေတနာ လူမှုကူညီရေး(နာရေး)အသင်းနှစ်ပတ်လည် လုပ်ငန်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက အသင်းရုံး၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးစောနိုင်က နှုတ်ခွန်းဆက်စကား ပြောကြားပြီးနောက် အသင်းအတွင်းရေးမှူး ဦးခင်မောင်ဝင်းက နှစ်ပတ်လည်အစီရင်ခံစာနှင့် အသင်း၏ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သီပေါမြို့နယ်တွင် ကိုဗစ်-၁၉ တတိယလှိုင်း ကူးစက်မြန်ရောဂါ ပြန်လည်ဝင်ရောက်လာသဖြင့် အရေးပေါ်လိုအပ်သည့် ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ပါးစပ်နှာခေါင်းစည်းများ လက်အိတ်များ၊ Level 2 PPE ဝတ်စုံများဝယ်ယူရန် စက်သုံးဆီရောင်းဝယ်ရေး ဦးစောနိုင်-ဒေါ်မြင့်မြင့်သိန်း မိသားစုက ငွေကျပ် ၁၂၅၀၀၀၊ ရွှေကျောင်းရစ်ဦးစိုင်းဟုန်မိသားစုက ငွေကျပ် ၃၀၀၀၀၀၊ ဇာတ်စုရပ် ဦးသန်းထွန်း၊ ဒေါ်စိန်မြ မိသားစုက ငွေကျပ် ၃၀၀၀၀၀၊ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးစိုင်းဇော်ဝင်းက ငွေကျပ် ၁၀၀၀၀၀၊ တောင်မြို့ရပ် ဦးမောင်သောင်း-ဒေါ်ကြည်မိသားစုက ငွေကျပ် ၁၀၀၀၀၀၊ ဇာတ်စုရပ်မှ စိုင်းအောင်မြတ် မိသားစုက ငွေကျပ် ၁၀၀၀၀၀၊ တုံစင်ကျေးရွာမှ ဒေါ်စန်းစန်းဝေမိသားစုက ငွေကျပ် ၂၀၀၀၀ တို့ကို မြတ်မွန်စေတနာ လူမှုကူညီရေးအသင်းဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ထံ ပေးအပ်လှူဒါန်းကြသည်။

အလားတူ သီပေါမြို့နယ် နမ့်လန်ဒေသတွင် ကိုဗစ်-၁၉ ပိုးတွေ့လူနာများ တိုးပွားလာသဖြင့် နမ့်လန်ခန်းမကို Postive center ထားရှိမည်ဖြစ်၍ လူနာများအတွက် ခုတင် ၁၀ လုံးနှင့် အထောက်အကူပြုပစ္စည်းများကို နမ့်လန်ဖြူစင်နှလုံးသား လူမှုကူညီရေးအသင်း ဥက္ကဋ္ဌ ဦးရန်နိုင်စိုးက ကျန်းမာရေးဌာနသို့ ကူညီပံ့ပိုးလှူဒါန်းခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)




## ဟိုင်းကြီးကျွန်းမြို့တွင် ပါးစပ်နှာခေါင်းစည်းတပ်ဆင်ရေးပညာပေး

ဟိုင်းကြီးကျွန်း ဇူလိုင် ၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့ရှိ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု မရှိစေရေးနှင့် ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်စေရေးအတွက် နေအိမ်ပြင်ပသို့ ထွက်ခွာရာတွင် နှာခေါင်းစည်းမဖြစ်မနေ တပ်ဆင်ရေး၊ ပါးစပ်နှာခေါင်းစည်း တပ်ဆင်ရေး ပညာပေး ပြုလုပ်ခြင်းကို အမှတ် (၁)၊ (၂)၊ (၃) ရပ်ကွက်များ၌ လူစည်ကားရာ နေရာများတွင် ယနေ့နံနက် ၁၀ နာရီက ဆောင်ရွက်သည်။



ယင်းသို့ ဆောင်ရွက်ရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ဟိုင်းကြီးကျွန်းမြို့ရှိ စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များနှင့် ကုန်စုံဆိုင်များအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စည်းကမ်းချက်များနှင့်အညီ ရောင်းချမှု ရှိစေရေး၊ ပြည်သူများအနေဖြင့် နေအိမ်ပြင်ပသို့ထွက်ခွာပါက နှာခေါင်းစည်း မဖြစ်မနေ တပ်ဆင်စေရေး ကြပ်မတ်စစ်ဆေးပြီး နှာခေါင်းစည်း တပ်ဆင်ထားခြင်းမရှိသည့် ပြည်သူများအား နှာခေါင်းစည်း အခမဲ့ ဖြန့်ဝေတပ်ဆင်စေခြင်းတို့ကို ဆောင်ရွက်ကြကြောင်း သိရသည်။

လှမ်းသီဟ (ပြန်/ဆက်)

## ကိုဗစ်-၁၉ ကာကွယ်နိုင်ရေး ပါးစပ်နှာခေါင်းစည်းဝေခြင်း မလှိုင်မြို့၌ ဆောင်ရွက်

မလှိုင် ဇူလိုင် ၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်တွင် ယနေ့နံနက် ၇ နာရီခန့်မှ စတင်၍ ကိုဗစ်-၁၉ ကာကွယ်နိုင်ရေးအတွက် ပါးစပ်နှာခေါင်းစည်းဝေခြင်းနှင့် ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်ကြသည်။

မလှိုင်မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ် ကာကွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမင်းထက်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိသူများ၊ မလှိုင်မြို့နယ် ပရဟိတအသင်းများဖြစ်သော Saving Mahlaing အဖွဲ့နှင့် Q.C.S.G Mahlaing အဖွဲ့မှ အသင်းသားများ စုစုပေါင်း ၈၇ ဦးတို့မှ မလှိုင်မြို့နယ်ရှိ မီးပွိုင့်လမ်းဆုံ / မိတ္ထီလာ-မြင်းခြံ လမ်းမတစ်လျှောက်နှင့် မလှိုင်မြို့မ စည်ပင်သာယာဈေး ပတ်ဝန်းကျင်တို့တွင် ပါးစပ်နှာခေါင်းစည်း အခမဲ့ဝေခြင်းနှင့် ပိုးသတ်ဆေးဖျန်းခြင်းကို “မေတ္တာရှင်” ပရဟိတအသင်းမှ ဆောင်ရွက်လျက် ရှိသည်။

အဆိုပါ နံနက်ပိုင်းတွင် ကိုဗစ်-၁၉ ကာကွယ်နိုင်ရေးအတွက် ပါးစပ်နှာခေါင်းစည်း ၂၀၀၀ ပေးဝေခဲ့ပြီး “မေတ္တာရှင်” ပရဟိတအသင်းက ပိုးသတ်ဆေးဖျန်းခြင်းကို တစ်မြို့နယ်လုံး ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

မလှိုင်မြို့နယ်တွင် ကိုဗစ်-၁၉ တတိယလှိုင်း၌ ပိုးတွေ့လူနာ ၁၅ ဦး ရှိနေပြီး မလှိုင်မြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူလျက်ရှိကာ မလှိုင်မြို့နယ်တွင် ကိုဗစ်-၁၉ ထိန်းချုပ်ကာကွယ်နိုင်ရေးနှင့် အရေးပေါ်တုံ့ပြန်နိုင်ရေးအတွက် Quarantine Center ထားရှိ ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ကာကွယ်ရေးနှင့် အရေးပေါ် တုံ့ပြန်နိုင်ရေးအဖွဲ့ထံမှ သိရသည်။

ဘိုဘို(မလှိုင်)



# ရခိုင်ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေး (၅/ ၂၀၂၁) ကျင်းပ

**စစ်တွေ ဇူလိုင် ၄**

ရခိုင်ပြည်နယ်အဆင့် Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ၏ (၅/၂၀၂၁) လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကို ယနေ့မွန်းလွဲ ၂ နာရီက ပြည်နယ်စီမံ အုပ်ချုပ်ရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**နယ်စပ်ကုန်သွယ်ရေး ခေတ္တပိတ်ရန် စီစဉ်**

အစည်းအဝေးတွင် ရခိုင်ပြည်နယ်အဆင့် Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေး နှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ အောင်ကျော်မင်းက ကိုဗစ်–၁၉ ရောဂါတတိယလှိုင်း သည် မေလကုန်ခါနီးတွင် စတင်ဖြစ်ပွားလာသည်ကို မှတ်တမ်းများအရတွေ့ရှိရပါကြောင်း၊ ယခုဆိုလျှင် မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ် များတွင် ဖြစ်ပွားမှုမြင့်မားလာသည်ကို တွေ့ရှိရပါ ကြောင်း၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ် ရေး ဆောင်ရွက်သကဲ့သို့ ဘေးမဖြစ်ပွားမီ၊ ဘေးဖြစ်ပွားနေစဉ်၊ ဘေးဖြစ်ပွားပြီးနောက် ဆောင် ရွက်ရမည့်လုပ်ငန်းများကို စီစဉ်ဆောင်ရွက်ထားနိုင် ရန်အတွက် ယခုအစည်းအဝေးကို အရေးပေါ်ခေါ်ယူ ရခြင်းဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်တွင် ကိုဗစ်–၁၉ ရောဂါပိုးတွေ့ရှိသူများသည် နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းများတွင် ဆောင်ရွက်နေသူများ၊ ပြည်တွင်း ခရီးသွားလာသူများ၊ တာဝန်ဖြင့် ပြောင်းရွှေ့လာသူ များတွင် ကူးစက်မှုဖြစ်ပွားနေသည်ကို တွေ့ရပါ ကြောင်း၊ ထို့အပြင် အိမ်နီးချင်းနိုင်ငံများတွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုကလည်း မြင့်တက်နေ သည့်အတွက် နယ်စပ်ကုန်သွယ်ရေးကို ခေတ္တပိတ် ထားနိုင်ရန် စီစဉ်သွားမည်ဖြစ်ကြောင်း၊ ပြည်သူများ အနေဖြင့် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး လမ်းညွှန် ချက်များကို တိကျစွာလိုက်နာ ဆောင်ရွက်ကြရေး အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်သွားရ မည်ဖြစ်ကြောင်းနှင့် တက်ရောက်လာကြသည့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ အနေ ဖြင့်လည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ် ရေးနှင့်ပတ်သက်၍ ယခုထက် ပိုမိုလုပ်ဆောင်နိုင် ရန်အတွက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြစေ လိုပါကြောင်း ပြောကြားသည်။

**နှာခေါင်းစည်း တပ်ဆင်ရေး**

ထို့နောက် ပြည်နယ် Coronavirus Disease – 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေး ကော်မတီအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ရခိုင်



ပြည်နယ်အတွင်း ကိုဗစ်–၁၉ ရောဂါတွေ့ရှိခဲ့မှု အခြေ အနေ၊ ကာကွယ်ဆေးထိုးနှံပေးခဲ့မှုနှင့် ဆက်လက် ထိုးနှံပေးသွားမည့်အခြေအနေများ၊ နယ်စပ်ကုန်သွယ် ရေးစခန်းများ ခေတ္တပိတ်ထားမည့် အခြေအနေများ၊ အခြေခံပညာကျောင်းများတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ညွှန်ကြားချက်များအညီ ပညာသင်ကြားနေမှု၊ ပြည်သူအားလုံး ပါးစပ်နှင့် နှာခေါင်းစည်းများ တပ်ဆင်သွားလာနိုင်ရေး၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးနှင့် ပတ်သက်၍ အသိပညာပေး ထုတ်ပြန်ချက်များကို အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်နိုင်ရေး ဆောင်ရွက်နေမှုတို့ကို ဆွေးနွေးတင်ပြကြသည်။

**ပေါင်းစပ်ညှိနှိုင်း**

တင်ပြချက်များအပေါ် ပြည်နယ်ကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ပေါင်းစပ် ညှိနှိုင်းပေးကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

# မကွေးမြို့နယ်တွင် ဆီထွက်သီးနှံစိုက်ဧကသုံးသိန်းကျော် လျာထားစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**မကွေး ဇူလိုင် ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည် မြောင်းဝန်ကြီးဌာန မကွေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၁ မိုးရာသီတွင် ဆီထွက်သီးနှံ မိုးမြေပဲနှင့် နှမ်းဧက စုစုပေါင်း သုံးသိန်းကျော် လျာထားစိုက်ပျိုး ခဲ့ရာ မြို့နယ်အတွင်းရှိ နှမ်းခင်း၊ မြေပဲခင်းများ ပေါင်းထိုးလှိုင်လှိုင် ဖြင့် လုပ်ငန်းခွင်သို့ ဝင်ရောက်နေ ကြပြီး တစ်မြို့နယ်လုံး ဆီသီးနှံ များ အောင်မြင်ဖြစ်ထွန်းလျက် ရှိကြောင်း သိရသည်။



"မကွေးမြို့နယ်က သဲလုံး ကြမ်းမြေတွေ ဖြစ်ပါတယ်။ နှမ်း မြေပဲဆိုတဲ့ သီးနှံက အပူသိပ်ကြိုက် တယ်။ တချို့ရွာတွေမှာ မိုးလိုနေ တယ်လို့ပြောကြတယ်။ နှမ်းမြေပဲ က မိုးများတာ မကြိုက်ပါဘူး။ မိုးယခုလို မိုးအနည်းငယ်နဲ့ တစ်မိုးရွာလိုက်ရင် နှမ်းက တစ်ရှိန်ထိုး တက်လာတာပဲ။ ဒီနှစ်နှမ်း မြေပဲရမယ့်နှစ်လို့တောင် ပြောရပါတယ်" ဟု မကွေးမြို့နယ် သစ်ရာကောက် တိုက်နယ်မှ တောင်သူကြီး တစ်ဦးက ပြော သည်။

ယခုအချိန်တွင်နှမ်းခင်း မြေပဲ ခင်းများအား ထပ်ပေါင်းထိုးခြင်း၊ ပေါင်းဦးထိုးခြင်းများကို နေရာ ဒေသအလိုက် မိုးရွာသွန်းမှုအပေါ် လိုက်ကာ ပေါင်းထိုးလှိုင်နေပြီ ဖြစ်သောကြောင့် ပေါင်းထိုးအလုပ် သမား အလုပ်ဖြစ်ကာ တစ်နေ့ ငွေကျပ် တစ်သောင်းခန့် ဝင်ငွေ ရရှိကာ အလုပ်ဖြစ်ကြကြောင်း သိရသည်။

"ပေါင်းထိုးခက တစ်နာရီ ငွေကျပ် ၅၀၀ လည်း ရှိပါတယ်။ ပုတ်ပြတ် ပေါင်းထိုးကြတာလည်း ရှိပါတယ်။ လူတစ်ယောက် အနည်းဆုံး ငွေကျပ် တစ်သောင်း ဝင်ငွေ ရပါတယ်" ဟု မကွေးမြို့ နယ် ကြာကန်ကျေးရွာမှ ပေါင်းထိုး အဖွဲ့ ခေါင်းဆောင် မရွှေရည်က ပြောသည်။

မကွေးတိုင်းဒေသကြီး မကွေး မြို့နယ်တွင် ကန်ပြားတိုက်နယ်၊ ညောင်ကန်တိုက်နယ်၊ မကြီးကန် တိုက်နယ်၊ သစ်ရာကောက် တိုက်နယ်၊ (မိကျောင်းရဲ+မြင်ကွန်း တိုက်နယ်) တို့တွင် တိုက်နယ် စခန်းနယ်မြေအသီးသီး အလိုက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကျန်းမာရေးနှင့် ညီညွတ်စေပြီး အာဟာရပြည့်ဝသော ထုတ်ကုန် သီးနှံများရရှိစေရန် စိုက်ပျိုးရေး ဆိုင်ရာ အလေ့အကျင့်ကောင်းများ နည်းစနစ်များဖြင့် စိုက်ပျိုးလျက် ရှိပြီး ပိုးမွှားကာကွယ်ရေး အထူး အထွက်တိုးရေး ရာသီဥတုဒဏ်ခံ နိုင်သည့် မြေပဲ၊ နှမ်း မျိုးကောင်း မျိုးသန့်ဖြင့် စိုက်ပျိုးစေရန် စံပြ စိုက်ကွက်များ စိုက်ပျိုးခြင်းများကို စခန်းနယ်မြေအလိုက် ကွင်းဆင်း ဆောင်ရွက်လျက် ရှိသည်ဟု မကွေးမြို့နယ် စိုက်ပျိုးရေးဦးစီး ဌာနမှ သိရသည်။

ယင်းသို့ စိုက်ပျိုးရာတွင် နှမ်း မျိုးကောင်းမျိုးသန့်များဖြစ်သော စမုံနက်၊ သိပ္ပံနှမ်းနက်၊ နှမ်းနီ၊ ဆင်းရတနာ–၃ နှမ်းဖြူ တို့နှင့် ထင်ရှားသည့် မကွေးမြေပဲ မျိုးများ ဖြစ်သော မကွေး ၁၆၊ မကွေး ၁၂၊ ဆင်းပဒေသာ ၁၂၊ ကျောင်းကုန်း ပင်ပြန့်၊ တွံတာနီ စသောအထွက် နှုန်းကောင်းပြီး ရာသီဥတုဒဏ်ခံ နိုင်သည့် မျိုးကောင်းမျိုးသန့်များ အား စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

မကွေးမြို့နယ်တွင် မိုးနှမ်း စိုက်ဧက ၁၈၃၅၆၂၊ ဆောင်းနှမ်း ဧက ၁၁၃၊ နွေနှမ်းစိုက်ဧက ၂၅၃ ကိုလည်းကောင်း၊ မြေပဲစိုက်ဧက ၁၁၇၀၈၂ ကိုလည်းကောင်း စုစုပေါင်း ဆီထွက်သီးနှံ မြေပဲ၊ နှမ်းစိုက်ဧက သုံးသိန်းကျော် လျာထားစိုက်ပျိုးလျက်ရှိပြီး ဒေသ ထွက်ကုန်စားသုံးဆီ၊ နှမ်းနက်၊ နှမ်းဖြူ၊ မြေပဲဆန်များအား ပြည်တွင်းစားသုံးမှုနှင့် ပြည်ပ ပို့ကုန်အဖြစ် ဂျပန်၊ တရုတ်၊ ကိုရီးယားသို့ နှစ်စဉ်တင်ပို့ ရောင်းချလျက်ရှိကြောင်း မကွေး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီး ဌာန တိုင်းညွှန်ကြားရေးမှူး ဦးလင်းမြတ်ထံမှ သိရသည်။

မကွေး ဝင်းမောင်

# အင်းတော်မြို့နယ် သီလရွာနှင့် မြသီတာကျေးရွာ ချောင်းကူးသံပေါင်တံတား ဆောက်လုပ်ရန် ဒေသခံများ ကြိုးပမ်း

**အင်းတော် ဇူလိုင် ၄**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် သုက္ခာအုပ်စုတွင် မဲဇာ ချောင်းအားဖြတ်သန်း၍ သီလရွာကျေးရွာနှင့် မြသီတာကျေးရွာတို့ကို ဆက်သွယ်တည်ဆောက်မည့် ကျေးရွာချင်းဆက် ချောင်းကူးသံပေါင် တံတားကို ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်နိုင်ရေးအတွက် ဒေသခံ များက ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

"မဲဇာချောင်းမကြီးကို ဖြတ်သန်းပြီး အာရ်စီကွန်ကရစ်တံတား ဆောက်လုပ်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒီချောင်းမကြီးရဲ့ရေပြင်အကျယ်က အရှည်ပေ ၆၃၀ ရှိပါတယ်။ သီလရွာကျေးရွာထိပ်ကနေ မြသီတာ ကျေးရွာထိပ်အထိ ရေပြင်အကျယ်အတိုဆုံးပေ ၃၀၀ ခန့်ရှိတဲ့ နေရာကို သံပေါင်တံတား ဆောက်လုပ်ဖို့ လျာထားပါတယ်" ဟု သီလရွာ ကျေးရွာ ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

အဆိုပါ မဲဇာချောင်းကိုဖြတ်သန်း၍ ဗန်းမောက်–အင်းတော် ဗျူဟာ လမ်းမကြီးပေါ်ရှိ မြသီတာကျေးရွာသို့ ဖြတ်သန်းဆောက်လုပ်မည့် ကျေးရွာချင်းဆက် သံပေါင်တံတား တည်ဆောက်နိုင်ရေးအတွက် ဒေသခံများက ရေပြင်ဧရိယာအကျယ်ကို တိုင်းတာပြီး ကုန်ကျငွေ အတွက် ချောင်းကူးစက်လှေ ကူးတို့ဆိပ်လုပ်ငန်းဖြင့် ၁၀ နှစ်ကြာ ရှာဖွေစုဆောင်းလျက်ရှိသော ရန်ပုံငွေနှင့် ဒေသအတွင်း အလှူရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်သွားမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးတွင် အဆိုပါချောင်းကူးတံတားမှာ ဒေသ အတွင်း ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေး တို့တွင် မရှိမဖြစ်အရေးပါသော တံတားဖြစ်သည့်အတွက် ကျေးရွာ ချင်းဆက် သံပေါင်ဘေလီတံတားကို ကိုယ့်အားကိုယ်ကိုး ဆောက်လုပ် နိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိပြီး ဆက်လက်၍ အကောင်အထည် ဖော် တည်ဆောက်တော့မည်ဖြစ်ကြောင်း သီလရွာကျေးရွာ ရပ်မိရပ်ဖ တစ်ဦးက ပြောသည်။

နီတိုး

# မုတ်သုံလေအားနည်းနေ

**နေပြည်တော် ဇူလိုင် ၄**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။

မိုး/ဇလ

✪ *ကျောဖုံးမှ*

အင်္ဂလန်အသင်းက အနိုင်ရရှိကာ နောက်တစ်ဆင့် တက်ရောက်ခဲ့ခြင်းဖြစ်သည်။ အင်္ဂလန်အသင်းအတွက် အဖွင့်ဂိုးကို ပွဲချိန် လေးမိနစ်တွင် စတားလင်း၏ ဖန်တီးပေးမှုမှတစ်ဆင့် ဟယ်ရီကိန်းက သွင်းယူပေးနိုင်ခဲ့သည်။ ဒုတိယဂိုးကို ဒုတိယပိုင်း ပွဲချိန် ပြန်လည်စတင်ချိန်တွင် လုခ်ရှော၏ ဖန်တီးပေးမှုမှတစ်ဆင့် မက်ဂွိုင်းယားက ခေါင်းတိုက်သွင်းယူပေးနိုင်ခဲ့သည်။ တတိယဂိုးကိုလည်း လုခ်ရှော၏ ဖန်တီးပေးမှုမှတစ်ဆင့် ဟယ်ရီကိန်း က သွင်းယူပေးနိုင်ခဲ့ပြီး စတုတ္ထဂိုးကို ဟန်ဒါဆင်က ထောင့်ကန်ဘောမှတစ်ဆင့် ခေါင်းတိုက်သွင်းယူပေးနိုင်ခဲ့သည်။

### ကွာတားအဆင့်နှင့် ကျေနပ်ရ

ယူကရိန်းအသင်းသည် အင်္ဂလန်အသင်းဘက်သို့ ဂိုးကန်သွင်းခွင့်ရရှိခဲ့သော်လည်း အဆုံးသတ်မသေချာမှု၊ အင်္ဂလန်ဂိုးသမား ပစ်ဖို့ဒ်လက်စွမ်းပြကာကွယ်ထားနိုင်မှုတို့ကြောင့် လိုအပ်နေသည့် ဂိုးများနှင့်ဝေးကွာခဲ့ရပြီး ယူရို ၂၀၂၀ ပြိုင်ပွဲကို ကွာတားဖိုင်နယ်အဆင့်နှင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ ထို့အပြင် ယူကရိန်းအသင်းသည် အင်္ဂလန်အသင်းကို ဂိုးပြတ်ရှုံးနိမ့်မှုသည် အဓိကပြိုင်ပွဲတစ်ခုတွင် အကြီးကျယ်ဆုံး ရှုံးနိမ့်မှုဖြစ်ပြီး ၂၀၀၆ ကမ္ဘာ့ဖလား ပြိုင်ပွဲ အုပ်စုအဆင့်တွင် စပိန်အသင်းအား လေးဂိုးပြတ်ရှုံးနိမ့်မှုနှင့် တူညီသွားခဲ့သည်။

### ခုနစ်ပွဲဆက် ပေးဂိုးမရှိ

အင်္ဂလန်အသင်းနည်းပြ ဆောက်ဂိတ်သည် ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် ယူရိုချန်ပီယံရှစ်ပြိုင်ပွဲတွင် အင်္ဂလန်အသင်းကို ဆီမီးဖိုင်နယ်သို့ ပို့ဆောင်ပေးနိုင်သည့် ဒုတိယမြောက် နည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ အင်္ဂလန်အသင်းသည် အသင်းတစ်လျှောက် ခုနစ်ပွဲဆက် ပေးဂိုး ခွင့်ပြုပေးထားရခြင်းမရှိသည်မှာ ပထမဆုံးအကြိမ်ဖြစ်သည်။

အင်္ဂလန်ဂိုးသမား ပစ်ဖို့ဒ်သည် ယူရို ၂၀၂၀ ပြိုင်ပွဲတွင် ငါးပွဲအထိ ဂိုးမပေးရအောင် စွမ်းဆောင်နိုင် သည့် မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။ စတားလင်းသည် အင်္ဂလန်အသင်းအတွက် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ၂၁ ပွဲတွင် ဂိုးပါဝင်ပတ်သက်မှု ၂၂ ကြိမ်အထိရှိပြီး ၁၅ ဂိုးသွင်းကာ ခုနစ်ကြိမ် ဖန်တီးပေးထားသည်။ ဟယ်ရီကိန်းက အင်္ဂလန်အသင်းအတွက် နောက်ဆုံးကစားခဲ့သည့် ၂၆ ပွဲတွင် ဂိုးပါဝင်ပတ်သက်မှု ၂၇ ကြိမ်အထိရှိခဲ့ပြီး ၁၈ ဂိုးသွင်းကာ ကိုးကြိမ် ဖန်တီးပေးထားနိုင်သည်။

### ဒိန်းမတ်နှင့်တွေ့မည်

ယူကရိန်းအသင်းကို ဂိုးပြတ်အနိုင်ရရှိခဲ့သော အင်္ဂလန်အသင်းသည် ဆီမီးဖိုင်နယ်တွင် ဒိန်းမတ်အသင်းနှင့် ဇူလိုင် ၈ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း






# မြန်မာ ယူ-၁၉ နှင့် ယူ-၁၆ အသင်းများ နိုင်ငံတကာပြိုင်ပွဲများအပေါ်မူတည်၍ လေ့ကျင့်ပြင်ဆင်မည်

ရန်ကုန် ဇူလိုင် ၄

**မြန်မာလူငယ် ယူ-၁၉ နှင့် ယူ-၁၆ ဘောလုံးအသင်းများသည် ယခုနှစ်နှင့် လာမည့်နှစ်တွင် ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများ အပေါ်မူတည်၍ လေ့ကျင့်ပြင်ဆင်သွားမည်ဖြစ်သည်။**

### ပြိုင်ပွဲများ ယှဉ်ပြိုင်ရမည်

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာ ယူ-၁၉ အသင်းနည်းပြချုပ်အဖြစ် ဦးစိုးမြတ်မင်း၊ ယူ-၁၆ အသင်းနည်းပြချုပ်အဖြစ် ဦးချစ်နိုင်တို့ကို တာဝန်ပေးထားသည်။ မြန်မာလူငယ်အသင်းများသည် ရွေးချယ်ထားသည့် ကစားသမားများ အတွေ့အကြုံရစေရန် ပြည်တွင်းလိဂ်ပြိုင်ပွဲများ ယှဉ်ပြိုင်လျက်ရှိပြီး မြန်မာ ယူ-၁၉ အသင်းမှာ Junior Lions အသင်း အမည်ဖြင့် MNL-2 (ပထမတန်း) ပြိုင်ပွဲ၊ မြန်မာ ယူ-၁၆ အသင်းမှာ MFF Youth အသင်းအမည်ဖြင့် MNL ယူ-၁၉ လိဂ် ပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း ကပ်ရောဂါကြောင့် ၂၀၂၀ မတ်လကတည်းက ပြိုင်ပွဲယှဉ်ပြိုင်မှု ရပ်နားထားရသလို လက်ရှိအချိန်ထိလည်း စခန်းဝင်လေ့ကျင့်နိုင်ခြင်းမရှိသေးပေ။ မြန်မာလူငယ်အသင်းများ အနေဖြင့် ယခုနှစ်တွင် အာဆီယံအဆင့်ပြိုင်ပွဲ၊ လာမည့်နှစ်တွင် အာရှခြေစစ်ပွဲများနှင့် အာဆီယံအဆင့်ပြိုင်ပွဲများ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

### ပြိုင်ပွဲအပေါ်မူတည်၍ ပြင်ဆင်

ယခုနှစ်တွင် ကျင်းပရန် စီစဉ်ထားသည့် အာဆီယံအဆင့် ပြိုင်ပွဲများ ကျင်းပခြင်းမရှိပါက မြန်မာလူငယ် အသင်းများအနေဖြင့် လာမည့်နှစ်တွင် ကျင်းပမည့် ပြိုင်ပွဲများအတွက်သာ ပြင်ဆင်ရမည်ဖြစ်သည်။ ယခုနှစ်တွင် ကျင်းပရန် စီစဉ်ထားသည့် အာဆီယံ ယူ-၁၉ ပြိုင်ပွဲနှင့် ယူ-၁၆ ပြိုင်ပွဲမှာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျင်းပနိုင်ရန် မသေချာသေးကြောင်း သိရသည်။ လာမည့်နှစ်တွင်မူ နှစ်တိုင်းပုံမှန်ကျင်းပနေသည့် အာဆီယံ ပြိုင်ပွဲများအပြင် ၂၀၂၃ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲနှင့် ၂၀၂၃ အာရှဖလား ယူ-၁၇ ခြေစစ်ပွဲများ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး မြန်မာလူငယ် ဘောလုံးအသင်းများအနေဖြင့် ယှဉ်ပြိုင်ရမည့် နိုင်ငံတကာ ပြိုင်ပွဲများနှင့် ကပ်ရောဂါအပေါ်မူတည်၍ လေ့ကျင့်ပြင်ဆင်သွားမည်ဖြစ်သည်။

**ရဲရင့်လွင်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၅-၇-၂၀၂၂ တနင်္လာနေ့

### MRTV

- **၀၆:၀၀** ရတနသုတ်ပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၇:၃၅** ရာဇဝင်ထဲကသမိုင်းအနုပညာ
- **၀၉:၁၀** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတာစ်လတာ (၂၀၂၂ခုနှစ်၊ဇွန်လ)(စတုတ္ထပိုင်း)
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၀:၃၅** မွေးမြူရေးရာအဖြာဖြာ
- **၁၂:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အမှန်တရားရဲ့ရှုံ့ရှက်ချက်'** (အပိုင်း-၁)
- **၁၃:၁၀** MRTV National News
- **၁၅:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ **'ဘောဂဗေဒဘာသာရပ်'**
- **၁၆:၃၅** အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
- **၁၇:၂၀** ကျန်းမာရေးမဂ္ဂဇင်း **'ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာ'**
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၄၀** ပြည်သူ့အကျိုးပြုထာဝစဉ်ရှေးရှု
- **၁၉:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'နှလုံးသားဒေါင်းဆောင်ရာ'** (အပိုင်း-၁၆)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** ဝဿာန်ခါမီတေးသံသီ ဖျော်ဖြေမှုအစီအစဉ်
- **၂၁:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'နှတ်ဆိုးပလေးရဲ့ကိုယ်ရံတော်'** (အပိုင်း-၁၇)
- **၂၂:၂၀** ပြည်သူ့နိတိ **'ရွှမ်း'**

### mitv

- **07:01** News
- **07:27** Pride of Myanmar - Bagan arts and handicrafts
- **07:41** Image Of The Monks
- **08:01** Myanmar Masterclass: Artist Win Pe Myint
- **08:14** The Lives of Stone Slab and Mortar Makers
- **08:33** Life In Night ........Art In Life (Ep-2) Part-2
- **09:01** Applied Myanmar Traditional Martial Art (Part-2)
- **09:33** Discovering Tribes
- **10:16** Today Myanmar: Drug Destruction Ceremony
- **10:25** Those Who Never Give Up (Ep-6) In Pursuit of a dream
- **11:01** Applied Myanmar Traditional Martial Art (Part-1)
- **11:27** History Of Kyaik Wyne Pagoda
- **11:46** Myanmar's Bamboo Hat

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
မနောအကဆင်းသက်လာပုံ

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ဗုဒ္ဓတစ်ထောင်အကောက်တောင်

**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
အမဲသားတုတ်ထိုး

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ကရင့်ရိုးရာဖိနပ်လုပ်ငန်း

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ဖားစည်မြေမှရောင်စုံအလှ

**ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)**
ဆန်းပြားလှသည့်ချင်းရိုးရာနာဒေါင်းပလွေမှုတ်

**ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
မောပီတောင်

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
မွန်စာပေသင်ကြရအောင်(အပိုင်း-၁)

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
သျှစ်သောင်းပုထိုးတော်ကြီး

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ရှမ်းတောင်ရဲ့မိုးခေါ်ပွဲနှင့်မီးရှူးလွှတ်ရိုးရာ

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
လူငယ်နှင့်လူ့ပတ်ဝန်းကျင်(အပိုင်း-၃)

### MRTV Sports

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၁၆:၀၀** ၂၀၂၂ခုနှစ်တိုင်းနှင့်ပြည်နယ် အသက်(၂၁)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲစကားသံများ

MRTV Farmers' Channel MRTV Farmers Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm
t.me/mrtvnews
www.twitter.com/mrtvwebportal
SCAN ME

# ပူတာအိုခရိုင် မချမ်းဘော့မြို့နယ်အတွင်းရှိ ထာခကြိုးတံတားတည်ဆောက်ခြင်းလုပ်ငန်း ပြီးစီး

**ပူတာအို ဇူလိုင် ၄**

နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် နယ်စပ်ဒေသ များ လမ်းပန်းဆက်သွယ်ရေး ကဏ္ဍကောင်းမွန်စေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ ကချင် ပြည်နယ် ပူတာအိုခရိုင် မချမ်း ဘော့မြို့နယ်အတွင်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ထာခကြိုး တံတားတည်ဆောက်ရေးလုပ်ငန်း မှာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးနေ ပြီဖြစ်ကြောင်း ပူတာအိုခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ သိရ သည်။

ယင်း ကြိုးတံတားသည် မချမ်းဘော့မြို့နယ် ထန်ဂါးကျေး ရွာမှ ရှန်ခဒိန်ချက်ကျေးရွာသို့ သွားသည့် လမ်းမပေါ် ထန်ဂါး ကျေးရွာမှ လေးဖာလုံခန့်အကွာ တွင်ရှိသော ပေ ၂၀၀ ရှိ ကြိုး တံတားတစ်စင်းဖြစ်ပြီး ထာခကြိုး တံတားကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်နယ် ခွင့်ပြုရန်ပုံငွေကျပ် ၁၃၁ ဒသမ ၆၇ သန်းဖြင့် ဆောက်လုပ်ပြီးစီးခြင်းဖြစ်သည်။

အဆိုပါ တံတားဆောက်လုပ် ပြီးစီးမှုအခြေအနေများကို ပူတာ အိုခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ဒုတိယ ညွှန်ကြားရေးမှူး ဦးဇော် ဇော်ထွန်းနှင့် အဖွဲ့ဝင်များသည် မချမ်းဘော့မြို့နယ် တည်ဆောက် ရေး လုပ်ငန်းအရည်အသွေး စစ်ဆေးရေး အဖွဲ့များနှင့်အတူ ဇူလိုင် ၁ ရက်က ကြည့်ရှုစစ်ဆေး သည်။

ထိုတံတား တည်ဆောက် ပြီးစီးမှုကြောင့် မချမ်းဘော့ မြို့နယ်အတွင်းရှိ ထန်ဂါးကျေးရွာ အုပ်စု၊ ဒိန်ချက်ကျေးရွာအုပ်စု၊ မကျန်းဂါးကျေးရွာ အုပ်စုနှင့် ဒိန်ဘူဒိန်ဆာကျေးရွာအုပ်စုများ ရှိ ကျေးရွာရှစ်ရွာ၊ အိမ်ခြေ ၂၀၇ အိမ်နှင့် လူဦးရေ ၈၄၁ ဦးတို့၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာ ရေး၊ ကျန်းမာရေးနှင့် လူမှုဘဝများ ဖွံ့ဖြိုး တိုးတက်ရေးတို့အတွက် များစွာ အကျိုးပြုသည့်အပြင် ခေါင်လန်ဖူး မြို့နယ်နှင့် ဆက်သွယ် သွားလာနိုင်သည့် လမ်းကြောင်းပေါ်တွင် ရှိခြင်း ကြောင့် ဒေသအတွက် အလွန် အရေးပါသော တံတားတစ်စင်း ဖြစ်ကြောင်း ဒေသခံများထံမှ သိရ သည်။ **ခရိုင် (ပြန်/ဆက်)**



## ယနေ့ဈေးကွက်ပေါက်ဈေးများ

၄-၇-၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၇၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၇၈၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၆၉၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၇၆၇၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၀၀ | ကျပ် | ၁၀၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၈၀ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၂၀ | ကျပ် | ၁၀၇၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၄၀ | ကျပ် | ၁၁၄၀ | ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၃၈ . ၇ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၃၈ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၁၂ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၈၂၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၇၀ . ၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၉၃ . ၅၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၅၂ . ၈၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ . ၈၉၇ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၂၄၁၅ | ၂၁၄၇၄၁၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၆၂ | ၂၁၇၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၀၅၀၀ | ၂၀၅၀၀ | ၅ | ၁၀၂၅၀၀ |
| TMH | ၂၈၀၀ | ၂၇၅၀ | ၃၂၂ | ၈၅၄၁၅၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၆၁ | ၃၀၅၀၀၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

- စာတည်းမှူးချုပ် - အောင်နိုင်ဦး
- ခေတ္တစာတည်းမှူး - မြင့်စိုး
- သတင်းထောက်မှူး - ခင်ရတနာ
- စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
- ဘာသာပြန် စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
- အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
- အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
- ဓာတ်ပုံ သတင်းထောက် - တင်စိုး
- သုတေသန - အိအိခင်နှင့် အဖွဲ့
- စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
- စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
- အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
- ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
- ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေ။ ဒီကဏ္ဍလေးကို ဖော်ပြလာတာ အခုဆိုရင် သီတင်းပတ်သုံးပတ်ထဲကို ရောက်ရှိလာပါပြီ။ ဒီတစ်ပတ်မှာတော့ အရင်အပတ်က ဖော်ပြခဲ့တဲ့ NOUN (နာမ်) အမျိုးအစားတွေကို ဆက်လက်ဖော်ပြပေးသွားမှာဖြစ်ပါတယ်။ ဒီတစ်ပတ်မှာတော့ Abstract Noun (စိတ္တဇနာမ်) နဲ့ Compound Noun (ပေါင်းစပ်နာမ်)တို့ရဲ့ အသုံးပြုပုံတွေကို အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ နမူနာဝါကျများနဲ့ ရှင်းလင်းဖော်ပြထားရုံမက၊ ပိုမိုကျွမ်းကျင်စေရန် လေ့ကျင့်ခန်းများနဲ့လည်း ထပ်လောင်းအားဖြည့်ပေးထားပါတယ်။ ဒါ့အပြင် စကားပြောခန်းမှာလည်း Shortest way to ask and tell the time” ကို နမူနာဝါကျများ၊ စကားပြောများနဲ့ ဖော်ပြပေးထားပါတယ်။ Vocabulary အပိုင်းမှာလည်း နေ့စဉ်ဘဝမှာ အသုံးများတဲ့ အီဒီယမ်အသုံးများကို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာ ဝါကျများနဲ့ ဖော်ပြပေးထားပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းလိုက်ပါတယ်။

*(ယခင်အပတ်မှအဆက်)*

## GRAMMAR

### Basic to Pre-Intermediate

**ယခင်အပတ်လေ့ကျင့်ခန်းမှ အဖြေများ**

Exercise (1) အဖြေများ

1. Gary went to Woodlands with Peter.
2. Have you read ‘Oliver Twist’?
3. Christmas falls on 25th December.
4. We do not go to school on Saturday and Sunday.
5. Sally calls her cat ‘Patch’.

Exercise (2) အဖြေများ

1. baby boy, couch
2. uncle, farmland
3. silver-plated
4. chlorine
5. fragrance, perfume

✦ ✦ ✦ ✦ ✦ ✦ ✦

### 6. Abstract Noun (စိတ္တဇနာမ်)

တချို့ Noun (နာမ်) များသည် အရည်အသွေး၊ စိတ်ကူးစိတ်သန်း၊ ခံစားချက်၊ အယူအဆ အတွေ့အကြုံတို့ကို ဖော်ပြသည်။ ထို Noun (နာမ်) များသည် စိတ်ဖြင့်သာ ခံစားသိနိုင်သော Noun (နာမ်) များဖြစ်သဖြင့် ၎င်းတို့ကို စိတ္တဇနာမ်ဟုခေါ်သည်။ ဥပမာ–

love fear honest patience cruelty courage

He has great ***strength***.

Who killed President Kennedy is a real ***mystery***.


Sometimes it takes ***courage*** to tell the truth.

Their lives were full of ***sadness***.

Try to control your ***emotions***.

### 7. Compound Noun (ပေါင်းစပ်နာမ်)

တချို့ Noun များသည် စကားလုံးနှစ်လုံး သို့မဟုတ် နှစ်လုံးထက်ပိုသော စကားလုံးများဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသည်။ ၎င်းတို့ကို




Compound Noun ဟုခေါ်သည်။ Compound Noun အများစုသည် (noun + noun) သို့မဟုတ် (adjective + noun) ပုံစံများဖြစ်ကြသည်။ Compound Noun များကို ခွဲရေးနည်း၊ ဟိုင်ဖန်ခံရေးနည်း (တုံးတိုဖြင့်ရေးခြင်း) နှင့် တစ်လုံးတည်းရေးနည်းစသည့်နည်းသုံးနည်းဖြင့် ရေးသားနိုင်သည်။ Compound Noun များသည် စကားလုံးများကို ပေါင်းစပ်ရေးသားရသော်လည်း အနက်တစ်ခုတည်းရှိသည်။ ဥပမာ–

| | | |
|---|---|---|
| bus stop | mother–in–law | football |
| cat food | blackboard | breakfast |
| full moon | washing machine | |

Can we use the ***swimming pool***?

They stop work at ***sunset***.

Don’t forget that ***check–out*** is at 12 noon.

Pass me the ***chopstick***.

Can you meet me today in the ***marketplace***?

(Noun) နာမ်များအားလုံးသည် ပုံစံတစ်ခုထက်မက ပိုရှိနိုင်သည်။

Common Noun များသည် Concrete Noun များဖြစ်နိုင်သလို Abstract Noun များလည်းဖြစ်နိုင်သည်။ ဥပမာ–

(Common Noun) danger သည် Abstract Noun ပင်ဖြစ်သည်။

**Exercise (1) Choose the correct abstract noun in the brackets and fill in the blanks.**

e.g. His mood is upset by thinking about the ……….. of the loss. (fear, calm, anger) fear

1. Zera is ………….. to go out at midnight after a party. (laughed, bold, afraid)
2. His girlfriend blindly ………………… him. (defeats/truth/believes)
3. The students lost …………….. in college management. (afraid, calm, faith)
4. Don’t …………………… the power of a common man. (fear, gossiping, underestimate)
5. Every person has two sides, …………………… (friendship, justice, good and bad)

**Exercise (2) Choose the correct compound noun in the box and fill in the gaps.**

e.g. Suddenly, an <u>aircraft</u> fell on the highway in front of my car.

| | | |
|---|---|---|
| aircraft | bathroom | chopstick |
| yourself | greenhouse | heartbeats |

1. Pass me that ……………..
2. Earth is also called the ……………………
3. He slipped into a ………………………
4. Have you done your homework by ……………………?
5. The doctor is checking the ………………….. of the patient.

(ဆက်လက်ဖော်ပြပါမည်)

## CONVERSATION



### Shortest way to ask and tell the time

**Asking for the Time** (အချိန်မေးခြင်း)

- Can you tell me the time, please? Or Could you tell me the time, please?
  ဘယ်အချိန်ရှိပြီလဲဆိုတာပြောပြနိုင်မလား။
  Sure. It’s six o’clock.
- My watch seems to have stopped. Can you tell me the time, please?
  ကျွန်တော့်နာရီရပ်သွားလို့
  အချိန်လေးတစ်စိတ်လောက်။
  Certainly, it’s two o’ clock.
- What time is it? Or What’s the time?
  ဘယ်အချိန်ရှိပြီလဲ။
  It’s five to nine.
- Have you got the time, mate?
  My watch is on the blink (=not working properly). Or Someone pinched my watch from my room.
  ဘယ်အချိန်ရှိပြီလဲ
  ကျွန်တော့်နာရီအလုပ်မလုပ်တော့လို့
  (သို့မဟုတ်) တစ်ယောက်ယောက်က
  ကျွန်တော့်နာရီကို အလစ်သုတ်သွားလို့။
  It’s just after six.

**Telling someone the Time** (အချိန်ပြောခြင်း)

- What time is it, John? I hope I’m not late. It’s seven o’clock.
- What’s the time, Sue? Surely the bus is late. It’s half past eight.
- Could you tell me the time, please? Certainly! It’s ten past nine.

**ဘာသာစကားရှုထောင့်**

three o’clock in the morning

နံနက် ၃ နာရီ

three o’clock in the afternoon.

မွန်းလွဲ ၃နာရီ

a.m. (one a.m.) to times between midnight and midday. (နံနက်ပိုင်း)

p.m. (one p.m.) to times between midday and midnight. (မွန်းလွဲပိုင်း)

**Twenty-four hour clock** (၂၄ - နာရီ)

The next train leaves at ***nineteen forty***.

The last bus is at ***twenty three hour***.




You must check in at the airport by <u>21 hours</u> at the latest.

We ask you all to report for night duty at <u>2030</u>.

**Expressing the Time** (အချိန်ဖော်ပြပြောဆိုခြင်း)

| | |
|---|---|
| ten o’clock or ten o’clock exactly | 10.00 |
| five past ten | 10.05 |
| ten past ten | 10.10 |
| quarter past ten or ten fifteen | 10.15 |
| twenty past ten | 10.20 |
| twenty-five past ten | 10.25 |
| half past ten or ten thirty | 10.30 |
| twenty five to eleven | 10.35 |
| twenty to eleven | 10.40 |
| a quarter to eleven or ten forty-five | 10.45 |
| ten to eleven | 10.50 |
| five to eleven | 10.55 |
| eleven o’clock or eleven o’clock exactly | 11.00 |

**Late for work**

**Bob:** **What time is it,** Dan? I’ve just woken up and my alarm clock’s stopped.

**Dan:** **It’s ten past nine.**

**Bob:** What! Why didn’t you wake me? I’m late for work and I’ve got an important meeting. It starts at **nine thirty**. What am I going to do?

**Dan:** Calm down! I was only joking! It’s only **ten past eight**.

**Bob:** That’s bad enough! I meant to leave the house **at eight o’clock exactly**. I’ll have to go!

## VOCABULARY

1. kick the bucket (သေသည်။ ကွယ်သည်။)
   The murderer finally <u>kicked the bucket</u> after the police shot him the third time while he was escaping.
2. a cat and dog life (အချင်းချင်း အမြဲတမ်းစကားများရန်ဖြစ်သည်။)
   The couple led <u>a cat and dog life</u> until they divorced a year ago.
3. beat about the bush (ဝေ့လည်ကြောင်ပတ်ပြောသည်။)
   Will you stop <u>beating about the bush</u> and get to the point?
4. talk behind one's back (နောက်ကွယ်၌ပြောသည်။)
   She was talking behind your back at the meeting yesterday.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ချည်မျှင်နှင့်အထည်အလိပ်ကျွမ်းကျင်သူ တစ်နှစ်သင်တန်း၊ လက်ရက်ကန်း ခြောက်လ(ဒုတိယအကြိမ်) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်

**ဘားအံ ဇူလိုင် ၄**

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၂ ရက်က ဘားအံမြို့ ရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်း၌ ကျင်းပသည့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင်သူ တစ်နှစ်သင်တန်းနှင့် လက်ရက်ကန်း ခြောက်လ (ဒုတိယအကြိမ်)သင်တန်းဆင်းပွဲသို့ တက်ရောက်ချီးမြှင့်သည်။

သင်တန်းဆင်းပွဲတွင် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ချည်မျှင်နှင့် အထည်အလိပ် ကျွမ်းကျင်သူ တစ်နှစ်သင်တန်းသူများအနေဖြင့် နိုင်ငံပိုင်ချည်မျှင်နှင့် အထည်အလိပ်စက်ရုံများနှင့် ပုဂ္ဂလိကစက်ရုံများတွင် ဝင်ရောက်လုပ်ကိုင်နိုင်မည်ဖြစ်ပြီး လက်ရက်ကန်းခြောက်လ သင်တန်းဆင်းများ အနေဖြင့် ပုဂ္ဂလိကရက်ကန်းရုံများတွင် ဝင်ရောက် လုပ်ကိုင်နိုင်ကြမည်ဖြစ်ကြောင်း၊ အဆိုပါ သင်တန်းနှစ်ခုသည် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်ဖြစ်သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အချိန်အတော်ကြာ ရပ်နားထားရပြီး ၂၀၂၀-၂၀၂၁ ခုနှစ် မေ ၁၇ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်သင်ကြားခြင်းဖြစ်ကြောင်း၊ သင်တန်းပြီးဆုံးသည့်အခါ ကိုယ်ပိုင်လုပ်ငန်းများ တည်ထောင် လုပ်ကိုင်နိုင်စေရေးအတွက် ကျေးလက်ဒေသနှင့် ဆင်းရဲမှုလျှော့ချရေး ရန်ပုံငွေမှ သင်တန်းဆင်း တစ်ဦးလျှင် လက်ရက်ကန်းစင်ကြီး တစ်စင်စီနှင့် အခြားဆက်စပ်ပစ္စည်းများကို ထောက်ပံ့ပေးအပ် ချီးမြှင့်မည်ဖြစ်ကြောင်း၊ ရိုးရာရက်ကန်းပညာရပ်များကို ထိန်းသိမ်း၍ မိသားစုတစ်နိုင်တစ်ပိုင် ဝင်ငွေရရှိစေပြီး ကောင်းမွန် ဆန်းသစ်သည့် အထည်များ ဖန်တီးနိုင်သော လုပ်ငန်းရှင်များဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် ရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်း ကျောင်းအုပ်ကြီးက သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သင်တန်းဆင်းထူးချွန်ဆုများကို လည်းကောင်း၊ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်(၄) ဦးစောခင်မောင်မြင့်က ထောက်ပံ့ပစ္စည်းများကို လည်းကောင်း၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးကြီး မျိုးမင်းနောင်က သင်တန်းဆင်း လက်မှတ်များကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် သင်တန်းဆင်း သင်တန်းသူများ ကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည် ပြောကြားပြီး သင်တန်းဆင်း သင်တန်းသူများ၏ လက်ရာများကို ကြည့်ရှုအားပေးကာ သင်တန်းသူများ၏ လက်ရက်ကန်း ရက်လုပ်မှုများကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပ

## မင်းဘူး

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ မြို့နယ်သစ်တောဦးစီးဌာနမှ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၃ ရက်က မင်းဘူး-အမ်းကားလမ်းဘေးရှိ ဘိုးဘွားရိပ်သာဝင်းအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မျိုးဝင်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟိန်းမင်းသန့်တို့က စိုက်ပျိုးမည့်ပျိုးပင်များကို ပေးအပ်ကြသည်။ ထို့နောက် တက်ရောက်လာကြသူများက ပျိုးပင်ပေါင်း ၁၅၀ ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။ **(အောက်ပုံ)** **မောင်မောင်(မင်းဘူး)**



## ကျောက်ဖြူ

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ အစိုးရရပ်ကွက် ခရိုင်ရဲတပ်ဖွဲ့မှူးရုံး(အသစ်)ရှေ့ မြေနေရာ၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂ ရက်က ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ခရိုင်/မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်စိုက်ပျိုးပေးကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မန်ဂျန်ရှား၊ ကျွန်း၊ သင်္ကန်းနက်၊ ပင်လယ်ပင်၊ ငုရွှေဝါ၊ မဲဇလီ စသည့် အရိပ်ရပင် စုစုပေါင်း အပင် ၃၀၀ ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

**ဖြိုးဝေလင်း၊ တင်ထွန်းဦး(ပြန်/ဆက်)**

## ကော့သောင်း

ကော့သောင်းခရိုင် သစ်တောဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ ရက်က ကော့သောင်းမြို့ ရွှေပြည်စိုးကျေးရွာ ခုနစ်မိုင်ဂေါက်ကွင်း၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ ကော့သောင်းခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ခရိုင်/မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သစ်တောဦးစီးဌာန ဝန်ထမ်းများ၊ NGO အဖွဲ့များ၊ ရပ်ကျေးပြည်သူများ တက်ရောက်ပြီး စိုက်ပျိုးမည့် ပျဉ်းကတိုး၊ မန်ကျီးယမ်းနှင့် ယမနေပင် စုစုပေါင်း ၃၂၀ ပင်တို့ကို စိုက်ပျိုးပေးကြကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## ဟိုပုံး

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇူလိုင် ၃ ရက်က လွယ်အွန့်ကျေးရွာအုပ်စု စခွီကျေးရွာ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်းကိုလည်းကောင်း၊ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးအောင်သိုက်ဝင်းက မြို့နယ်ပညာရေးမှူးရုံးမှ ပညာရေးမှူး ဦးမြင့်ဝေကိုလည်းကောင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ညီညီတင်က မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဦးအောင်ကျော်သူကိုလည်းကောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ဒေသခံတစ်ဦးကိုလည်းကောင်း စိုက်ပျိုးမည့်ပျိုးပင်များကို ပေးအပ်ကြကြောင်း သိရသည်။ **(ယာပုံ)**

**ခရိုင်(ပြန်/ဆက်)**



# ဖန်းမောက်မြို့ပြည်သူများ သွားလာရေးအဆင်ပြေစေရန် မြို့နယ်စည်ပင်မှ ငွေကျပ် ၁၅၄ သိန်း အကုန်ကျခံ၍ သီတာရေစင်လမ်းကို ကွန်ကရစ်ခင်း

**ဖန်းမောက် ဇူလိုင် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ဖန်းမောက်မြို့ မြနန္ဒာရပ်ကွက်အတွင်းရှိ သစ်ထုတ်လုပ်ရေးလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို မတ်လတတိယပတ်က စတင်လုပ်ဆောင်ရာ ယခုအခါပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းသည် ယခင်က မြေသားလမ်းဖြစ်ပြီး မိုးရာသီရောက်ပါက လမ်းပေါ်တွင် ရေများတင်ကျန်ခြင်း၊ ဗွက်ထခြင်းများ ဖြစ်ပေါ်မှုကြောင့် ရပ်ကွက်နေပြည်သူများနှင့် သစ်ထုတ်လုပ်ရေးဝင်းအတွင်း နေထိုင်ကြသည့် ဝန်ထမ်းများမှာ သွားလာရေးအခက်အခဲများရှိခဲ့ရာ ယခုအခါ အရှည်ပေ ၆၄၀၊ အကျယ် ၁၄ ပေ၊ ထု ကိုးလက်မရှိ ကွန်ကရစ်လမ်းအဖြစ် ဖန်းမောက်မြို့ မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ငွေလုံးငွေရင်း အသုံးစရိတ် ငွေကျပ် ၁၅၄ သိန်းဖြင့် မြို့နယ်စည်ပင်သာယာရေး ဦးစီးအရာရှိ ဦးနေလင်းသိန်း ဦးဆောင်ကာ တင်ဒါအောင်မြင်သော ကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာ ဦးစိမ်းပိုက တာဝန်ယူဆောင်ရွက်ခြင်း ဖြစ်သည်။

ယင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ဖန်းမောက်မြို့ပေါ် ရပ်ကွက်များတွင် နေထိုင်ကြသောပြည်သူများနှင့် သစ်ထုတ်လုပ်ရေးဝင်းအတွင်း နေထိုင်ကြသော ဝန်ထမ်းများမှာ သွားလာရေးလွယ်ကူချောမွေ့လာတော့မည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဘွား(ဖန်းမောက်)**

# ထီးချိုင့်မြို့နယ်၌ ဒေသဖွံ့ဖြိုးရေးများ ဆောင်ရွက်

**ထီးချိုင့် ဇူလိုင် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သည့် အင်ဒေါင်း-ကြက်တကောင် ကွန်ကရစ် တံတားတည်ဆောက်ခြင်းလုပ်ငန်းများကို ခရိုင်ဦးစီးမှူး ဦးအောင်မြင့်သန်း၊ မြို့နယ်ဦးစီးမှူး ဦးအောင်လွင်ဦးနှင့် တာဝန်ရှိသူများ ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ လုပ်ငန်းကို ပေ ၁၃၀ အတွက် ခွင့်ပြုငွေကျပ် ၂၅၀ ဒသမ ၇၀ သန်းဖြင့်လည်းကောင်း၊ ပေ ၆၀ အတွက် ခွင့်ပြုငွေကျပ် ၁၁၅ ဒသမ ၇ သန်းတို့ကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီက ဆောင်ရွက်နေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးကြောင်း၊ ယင်းကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက အိမ်ထောင်စု ၁၄၈၁ စု၊ လူဦးရေ ၇၂၅၈ ဦးတို့အတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးတို့ကို အကျိုးပြုမည်ဖြစ်ကြောင်း မြို့နယ် ဦးစီးမှူးထံမှ သိရသည်။

**မွေးကြူဇင်**

# ပန်ဒိုရာသေတ္တာပွင့်ခြင်းနှင့် နောက်ဆက်တွဲအကျိုးဆက်

သော်တာပပလင်း

**မဲမသမာမှုကနေ စတင်ခဲ့သည့် နိုင်ငံနှင့် နိုင်ငံသားတွေအပေါ် မရိုးဖြောင့်မှု၏ နောက်ဆက်တွဲအဖြစ် ယနေ့တိုင် အများပြည်သူများသည် အကြမ်းဖက်ခြင်း၊ တည်ငြိမ် အေးချမ်းမှုကို နှောင့်ယှက်ခံရခြင်း၊ အပြစ်မဲ့ပြည်သူများ သေကျေပျက်စီးခြင်းနှင့် လူငယ်များ အတွေးအခေါ် အယူအဆအမှားများဖြင့် လမ်းမှားသို့ ရောက်မှန်း မသိရောက်ရှိခြင်း စသည့်အနာဂတ်ထိခိုက်စရာများအထိ ဖြစ်ပေါ်လျက်ရှိပါသည်။**

**နိုင်ငံတွင် ပြည်သူသန်း ၅၀ ကျော်ရှိရာ ယင်းကဲ့သို့ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်၊ အစိုးရ၏အုပ်ချုပ်မှုယန္တရားများပျက်ယွင်းအောင် နည်းမျိုးစုံအသုံးပြု၍ အကြမ်းဖက်လုပ်ရပ်များကို လက်သင့်မခံဘဲ အစိုးရနှင့်ပူးပေါင်း၍ အမြန်အဆုံးသတ်စေဖို့ ကြိုးပမ်းရမည့်အချိန်ဖြစ်ပါသည်။**

မိမိတို့နိုင်ငံသည် အချုပ်အခြာအာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ဖြင့် စည်းနှောင်ထိန်းချုပ်ထားသည်။ နိုင်ငံအုပ်ချုပ်သူများ၏ ဆောင်ရွက်မှုတိုင်းသည် ဥပဒေနှင့် ညီညွတ်ရမည် ဖြစ်ပါသည်။ ထို့ကြောင့်ပင် မတရားမှု၊ မသမာမှုများအတွက် အမှန်ကို တည့်မတ်ပေးရန်၊ တရားမျှတသည့် ရွေးကောက်ပွဲကို ပြန်လည်ကျင်းပနိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပေါ်ထွန်းလာခဲ့ရခြင်းဖြစ်ပါသည်။ တာဝန်ယူပြီးချိန်မှ ငါးလတာအတွင်း ပြီးခဲ့သည့်ရွေးကောက်ပွဲ၏ မတရားမှုများ ဖော်ထုတ်ခြင်းကို အချိန်မဆိုင်း ဆောင်ရွက်သကဲ့သို့ ဆက်စပ်၍ ဖော်ထုတ်ခဲ့ရသည့် မတရားမှု၊ ဥပဒေမဲ့မှုဖြစ်စဉ်များအပေါ်လည်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

## နိုင်ငံသားတိုင်း ခံစားသိမြင်နိုင်

တစ်ဖက်တွင် နိုင်ငံတော်မတည်မငြိမ်ဖြစ်စေရန် ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ဆောင်သောဆန္ဒပြမှု၊ ဆူပူသောင်းကျန်းမှု၊ လက်နက်ကိုင်အကြမ်းဖက်မှု စသည့်ဖြစ်စဉ်များကိုလည်း နိုင်ငံတကာ အကြမ်းဖက်မှုဖြိုခွင်းရသည့် နည်းစဉ်များအတိုင်း အဆင့်လိုက် ဆောင်ရွက်ထိန်းချုပ်ပေးလျက်ရှိပါသည်။ ကိုဗစ်-၁၉ ရောဂါ၏ အန္တရာယ်အတွက် ကာကွယ်၊ ကုသ၊ ထိန်းချုပ်ခြင်းများ မပြတ်တမ်း ဆောင်ရွက်ရသကဲ့သို့ တိုင်းပြည်စီးပွားရေး၊ လူမှုဘဝမြင့်မားရေး၊ ပညာရေး စသည့်ကဏ္ဍတိုင်း စဉ်ဆက်မပြတ်တိုးတက်အောင် ကြံဆောင်ပေးနေရသည်ကို အေးချမ်းစွာနေလိုသည့် နိုင်ငံသားတိုင်း ခံစားသိမြင်နိုင်မည်ဖြစ်ပါသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုကို လျစ်လျူရှုကာ တိုင်းပြည်အနာဂတ်ကို ဖျက်ဆီးမည့် အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သော PDF၊ CRPH နှင့် NUG အဖွဲ့များသည် ငါးလတာအတွင်း ကြိုတင်ကြံစည်မှုများအပြည့်ဖြင့် ပေါ်ထွက်လာခဲ့ပါသည်။ တပ်မတော်က အာဏာထိန်းသိမ်းမှုဖြစ်စဉ် ပေါ်ပေါက်လာပြီးနောက် NLD ဗဟိုကော်မတီဝင်အချို့က CRPH ကဲ့သို့၊ NUG စသည်တို့ကို ဦးဆောင်တည်ထောင်ပြီး လေလှိုင်းပေါ်မှတစ်ဆင့် ဆန္ဒပြမှုများကို နိုင်ငံတကာအထောက်အပံ့၊ NLD အမာခံများ၏ အထောက်အပံ့ဖြင့် စတင်ခဲ့ခြင်းဖြစ်ပါသည်။ မြို့ပေါ်ဆန္ဒပြပွဲများ အရှိန်ကျလာသောအခါ စစ်ပညာသင်ကြားရန်အတွက် ဆန္ဒပြပွဲများတွင် တက်တက်ကြွကြွဦးဆောင်ခဲ့ကြသည့် လူငယ်များကိုစည်းရုံးကာ NDF ဆီ ပို့ဆောင်ပေးခဲ့ပါသည်။ ထို့ကြောင့်ပင် NLD၊ CRPH၊ NUG အစရှိသူတို့၏ မူလရည်ရွယ်ချက် ရုပ်လုံးပေါ်လာခဲ့ပြီး သူတို့ရည်ရွယ်ချက်များ အကြမ်းဖက်လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ကာ ပြည်တွင်းစစ်ဖြစ်စေဖို့ ပြင်ဆင်နေခဲ့ခြင်းပင် ဖြစ်ပါသည်။

ဆန္ဒပြပွဲများတွင် သွေးဆူလွယ်သည့် လူငယ်များသည် မြှောက်ပင့်သွေးဆောင်ရာသို့ လိုက်ပါမှန်းမသိ ပါဝင်သွားကြပြီး NDF အပြင် KIA၊ KNU စသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဆက်သွယ်ပေးခြင်း၊ စစ်ပညာများသင်ကြားစေခြင်းတို့ကို ပြုလုပ်လာကြသည်။ မြို့ပြပြောက်ကျားသင်တန်းများပေးပြီး မြို့ပေါ်ပြန်ဝင်လာကြသည့် လူငယ်များကို မြို့ကြီးများပေါ်တွင် အကြမ်းဖက်မှုလုပ်ရပ်များကို လုပ်ဆောင်လာရန် သွေးထိုးခြယ်လှယ်ခဲ့ကြသည်။ အပြစ်မဲ့ပြည်သူများအား ဒလန်ဟု စွပ်စွဲသတ်ဖြတ်ခြင်း၊ စာသင်ကျောင်းများ အပါအဝင် အစိုးရပိုင် အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း ဖောက်ခွဲရေးလုပ်ငန်းများကိုစဉ်ဆက်မပြတ်လုပ်ဆောင်လျက်ရှိသကဲ့သို့ လုံခြုံရေးတာဝန်ရှိသူများကလည်း ဖော်ထုတ်ဖမ်းဆီးမှုများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

NUG ၏ ရည်ရွယ်ချက်မှာ နိုင်ငံတော်အုပ်ချုပ်မှုယန္တရားပျက်ပြားအောင်၊ ပြည်သူများ အတိဒုက္ခရောက်စေမည့် ပြည်တွင်းစစ်ဖြစ်ပွားအောင် ရည်ရွယ်ထားခြင်းဖြစ်ပြီး အကြမ်းဖက်သင်တန်းဆင်းအဖွဲ့များ နေရပ်သို့ ပြန်လည်ရောက်ရှိပါက စက်ရုံ/ အလုပ်ရုံများအား မီးရှို့/ဖောက်ခွဲဖျက်ဆီးခြင်းများအပြင် အုပ်ချုပ်ရေးမှူးများအား အဓိကပစ်မှတ်ထား၍ သတ်ဖြတ်ခြင်း၊ ဒေသအလိုက် PDF အဖွဲ့များသည် EAOs အဖွဲ့များနှင့်ပူးပေါင်း၍ တပ်ဌာနချုပ်များအား စီးနင်းတိုက်ခိုက်ခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများထံမှ ငွေကြေးနှင့် လက်နက်များ လက်ခံရယူ၍ အင်အားပိုမိုကြီးမားအောင် လုပ်ဆောင်ကြရန် ရည်ရွယ်ကြခြင်းဖြစ်ပါသည်။

## ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ကြိုးပမ်းမှုဖြင့် မတ်လ ၅ ရက်မှ ဇွန်လအတွင်း ဖောက်ခွဲဖျက်ဆီးရေး၊ အဖျက်အမှောင့်လုပ်ငန်းများလုပ်ဆောင်ရန် နောက်ကွယ်က ကြိုးကိုင်သူများ၊ အကြမ်းဖက်သင်တန်းဆင်းများ၊ အများပြည်သူတည်ငြိမ်အေးချမ်းမှုကို ဖျက်ဆီးရန် မြို့ပြပြောက်ကျားတိုက်ပွဲဆင်နွှဲလိုသူ လူငယ်များအား ဖမ်းဆီးရမိခဲ့သည့် သတင်းများကို ဆက်တိုက်ကြားသိရသည်။ ထိုဖြစ်စဉ်များတွင် ခင်ကျော်(UNRA) နှင့် ကိုကိုနိုင်(ခ) ဒေါ်န အပါအဝင် အကြမ်းဖက်လုပ်ရပ်များတွင် ပါဝင်ပတ်သက်သူ တရားခံ ၁၇၃ ဦးအား လက်နက်မျိုးစုံ ၁၃၁ လက်၊ လက်လုပ်သေနတ် ၃၇ လက်၊ လက်ပစ်ဗုံး ၅၅၉ လုံး၊ လက်လုပ်ဗုံး ၂၂၅၁ လုံး၊ ၄၀ မမဗုံးသီး ၁၄၇၃ လုံး၊ RPG ဒုံးသီး ၁၄ လုံး၊ ရှေ့ထွက်မိုင်း တစ်လုံး၊ ကျည်အိမ် ၂၆၉ ခု၊ ကျည်မျိုးစုံ ၁၀၅၁၅ တောင့်နှင့် ဆက်စပ်ပစ္စည်းများအား ဖမ်းဆီးရမိခဲ့သည်ကိုလည်း မြင်တွေ့ရပါသည်။

## ဖော်ထုတ်နိုင်ခဲ့ပြီ

တရားခံခင်ကျော်နှင့် ကိုကိုနိုင်(ခ)ဒေါ်နတို့ကို ဖော်ထုတ်ချက်များအရ စစ်သင်တန်းနှင့် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းဖွင့်လှစ်ခြင်း၊ လက်နက်၊ ခဲယမ်းဝယ်ယူခြင်းနှင့် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် တရားမဝင် ဖွဲ့စည်းထားသော အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည့် CRPH နှင့် NUG အဖွဲ့ဝင် ရည်မွန်၏ စေခိုင်းမှုများကြောင့် ဂျပန်နိုင်ငံတွင် နေထိုင်သူ ထွန်းအောင်ကျော် (ABSDFဥက္ကဋ္ဌဟောင်း)၊ အမေရိကန်နိုင်ငံတွင် နေထိုင်သူ အေးမင်းတို့က နိုင်ငံတကာနှင့် ပြည်တွင်းရှိ NLD ပါတီဝင်များ၊ ၎င်းပါတီအား ထောက်ခံသူများထံမှ ငွေကြေးထောက်ပံ့မှုများရယူ၍ အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်လာခြင်းဖြစ်သည်ကိုလည်း သိရှိခဲ့ရပါသည်။ ဖမ်းဆီးရမိတရားခံများ၏ ဖော်ထုတ်ချက်များအရ အကြမ်းဖက်လုပ်ငန်းများအား CRPH နှင့် NUG အဖွဲ့ဝင် ရည်မွန်က ဦးဆောင်၍ ပြည်တွင်းရှိ NLD ပါတီဝင်ကိုးဦးက ဦးဆောင်လှုပ်ရှားခဲ့ခြင်းကိုလည်း ဖော်ထုတ်နိုင်ခဲ့ပြီ ဖြစ်ပါသည်။

တရားမဝင်ဖွဲ့စည်းထားသော အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည့် NUG အဖွဲ့ဝင် ရည်မွန်၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ယနေ့အထိ နိုင်ငံအတွင်း အပြစ်မဲ့ ပြည်သူ ၁၈၉ ဦးသေဆုံးကာ မီးလောင်၊ မီးရှို့ခံရသော စာသင်ကျောင်း ၆၀၊ အုပ်ချုပ်ရေးမှူးရုံး ၇၄ ရုံး၊ ရဲကင်း/ရဲစခန်း ၃၅ ခုတို့ရှိပြီး စာသင်ကျောင်းများတွင် ဗုံးပေါက်ကွဲမှု ၂၃၂ ကြိမ်၊ အုပ်ချုပ်ရေးမှူးရုံးများတွင် ဗုံးပေါက်ကွဲမှု ၁၈၂ ကြိမ်၊ ရဲကင်း/ရဲစခန်းများတွင် ဗုံးပေါက်ကွဲမှု ၆၆ ကြိမ် စုစုပေါင်း ဗုံးပေါက်ကွဲမှု အကြိမ် ၄၈၀ ရှိခဲ့ရပြီဖြစ်ပါသည်။

တရားခံ ခင်ကျော်သည် ၁၉၈၈ ခုနှစ်တွင် ABSDF သို့ဝင်ရောက်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ABSDF မှ ခွဲထွက်၍ အဖွဲ့ဝင် ခုနစ်ဦးဖြင့် UNRA အား ဖာပွန်မြို့နယ် လဲဝါကျေးရွာ၌ ဖွဲ့စည်းခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ် မတ်လမှစတင်၍ ဖောက်ခွဲရေးသင်တန်းများအား ဖွင့်လှစ်ခဲ့ပြီး တရားမဝင်အဖွဲ့အစည်းဖြစ်သည့် NUG မှ ခေါင်းဆောင်များနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသူဖြစ်ပြီး NDF အဖွဲ့၏ နိုင်ငံတကာဆက်ဆံရေး တာဝန်ခံ ကိုကိုနိုင် (ခ) ဒေါ်နသည် PDF သင်တန်းအတွက် လိုအပ်သော စစ်အသုံးအဆောင်ပစ္စည်းများနှင့် ငွေကြေးများ ထောက်ပံ့နိုင်ရေးအတွက် NUG မှ ရည်မွန်၊ ဂျပန်နိုင်ငံမှ ထွန်းအောင်ကျော် (ABSDF ဥက္ကဋ္ဌဟောင်း)၊ ပြည်ပရောက် NLD ပါတီဝင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးသူဖြစ်ကာ ထွန်းအောင်ကျော်(ABSDF ဥက္ကဋ္ဌဟောင်း)သည် NDF (National Defence Force)အား ဖွဲ့စည်း၍ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ပြီး ပြည်ပရောက် NLD အဖွဲ့ဝင်များ၊ နိုင်ငံတကာအဖွဲ့ အစည်းများထံမှ အကူအညီများရရှိရေးနှင့် NUG အဖွဲ့ဝင်များနှင့် ချိတ်ဆက်ကာ ပြည်တွင်း၌ အကြမ်းဖက်လှုပ်ရှားမှုများ ဖြစ်ပေါ်လာစေရန် စီစဉ်ဆောင်ရွက်နေသူဖြစ်ကြောင်း သိရှိရသည်။

လူငယ်များကို သွေးဆောင်မြှောက်ပင့်ကာ အကြမ်းဖက်သင်တန်းများ တက်ရောက်စေခြင်းကြောင့် တောတွင်း အတိဒုက္ခရောက်ကြသည့် လူငယ်များ၊ အချင်းချင်း ပြန်လည်သတ်ဖြတ်ခြင်းခံရသည့် လူငယ်များ၏ သတင်းဆိုးများကို ကြားသိရသည့်အခါ အပြစ်မဲ့သည့် နိုင်ငံ့အနာဂတ်လူရွယ်များ ထိခိုက်ဆုံးရှုံးမှုအတွက် မြှောက်ပင့်သွေးဆောင်သူများအား ရွံရှာစက်ဆုပ်မိပါသည်။

ထို့အတူ အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် PDF၊ CRPH နှင့် NUG အဖွဲ့တို့ နှင့် တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ ဆက်သွယ်အားပေးထောက်ခံခြင်းနှင့် အားပေးအားမြှောက်ပြုခြင်းများသည် ရာဇသတ်ကြီးပုဒ်မ ၁၂၃ နှင့်ငြိစွန်း၍ ပြစ်မှုမြောက်သဖြင့် ထောင်ဒဏ် နှစ် ၂၀ အထိ ပြစ်ဒဏ်ကျခံရနိုင်သည်ကိုလည်း လူငယ်လူရွယ်များ သိရှိစေလိုလှပါသည်။

## ပူးပေါင်းပါဝင်ကြဖို့ လိုအပ်

ပြီးခဲ့သည့်ဇွန်လအတွင်းက လူမှုကွန်ရက်များတွင် ပျံ့နှံ့ခဲ့သည့် ဇွန်လ ၃၀ ရက် / ဇူလိုင်လ ၁ ရက်နေ့ D Day ဟူသော စကားသံများကို ပြန်လည်ကြားယောင်မိပါသည်။ အကယ်၍များ အကြမ်းဖက်သမားများနှင့် ဆက်စပ်တရားခံများကို နိုင်ငံတော်လုံခြုံရေးတာဝန်ရှိသူများက အားသွန်ကြိုးပမ်း၍ မဖမ်းဆီးနိုင်ခဲ့လျှင် တိုင်းပြည်မည်မျှထိခိုက်သွားမလဲ မတွေးဝံ့စရာပင်ဖြစ်ပါသည်။ ယခုမူ အဓိကတရားခံအချို့ကို ဖမ်းဆီးရမိခဲ့၍သာ အေးအေးချမ်းချမ်းဖြင့် မိမိတို့ပြည်သူများ နေထိုင်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ ဆက်လက်၍လည်း ဆက်စပ်တရားခံများကို အမြန်ဆုံးရမိစေရေးအတွက် ပြည်သူတို့က ထူးခြားမှုတစ်စုံတစ်ရာ ကြုံလာသည်နှင့် သက်ဆိုင်ရာသို့ လျှို့ဝှက်သတင်းပေး တိုင်ကြားခြင်းဖြင့် မြို့ရွာများ အမြန်ဆုံးအေးချမ်း တည်ငြိမ်ရေးအတွက် ပူးပေါင်းပါဝင်ကြဖို့ လိုအပ်နေပြီဖြစ်ပါသည်။

ဂရိဒဏ္ဍာရီတွင် ပန်ဒိုရာအမည်ရှိ အမျိုးသမီးအတွက် နတ်ဘုရားများက သေတ္တာတစ်လုံးကို ပေးအပ်ခဲ့ဖူးသည်။ ထိုသေတ္တာကို မဖွင့်ရန်လည်း အထပ်ထပ်တားမြစ်ခဲ့ဖူးသည်။ သို့သော် ပန်ဒိုရာသည် နတ်ဘုရားများပေးအပ်ခဲ့သည့် သေတ္တာအား ဖွင့်ခဲ့ရာ မကောင်းမှုဒုစရိုက်များသည် ကမ္ဘာမြေပေါ်သို့ ပြန့်ကျဲထွက်ကျလာခဲ့သည်။ သေတ္တာအဖုံးကို အလျင်အမြန် ပြန်ပိတ်လိုက်နိုင်သော်လည်း မကောင်းမှုတို့ကိုကား မတားဆီးနိုင်တော့။ သေတ္တာအတွင်း မျှော်လင့်ခြင်းဟူသည့် အရာတစ်ခုသာ ကျန်ရစ်ခဲ့သည်ဟု ဆိုကြသည်။

မိမိတို့နိုင်ငံတွင်လည်း ပန်ဒိုရာသေတ္တာကို မဖွင့်ရန် အကြိမ်ကြိမ်တားမြစ်နေသည့်ကြားမှ ဖွင့်သူက ဖွင့်ခဲ့ပြီ။ မကောင်းမှုတို့သည်လည်း ပြန့်ကျဲထွက်ပေါ်လာလျက်ရှိသည်။ မကောင်းမှုအကုသိုလ် ဒုစရိုက်များကို ဖယ်ရှားရန်အတွက် မိမိတို့နိုင်ငံသားများအားလုံး နိုင်ငံအပွန်းအပဲ့ အထိခိုက်မခံလိုသည့် နိုင်ငံချစ်စိတ်၊ တည်ငြိမ်အေးချမ်းလိုစိတ်ဖြင့် တွန်းလှန်ဖယ်ရှားကြပါစို့ဟု တိုက်တွန်းလိုက်ရပါတော့သည်။ ။

**❂ လူငယ်များကို သွေးဆောင်မြှောက်ပင့်ကာ အကြမ်းဖက်သင်တန်းများ တက်ရောက်စေခြင်းကြောင့် တောတွင်း အတိဒုက္ခရောက်ကြသည့် လူငယ်များ၊ အချင်းချင်း ပြန်လည်သတ်ဖြတ်ခြင်းခံရသည့် လူငယ်များ၏ သတင်းဆိုးများကို ကြားသိရသည့်အခါ အပြစ်မဲ့သည့် နိုင်ငံ့အနာဂတ်လူရွယ်များ ထိခိုက်ဆုံးရှုံးမှုအတွက် မြှောက်ပင့်သွေးဆောင်သူများအား ရွံရှာစက်ဆုပ်မိပါသည်**

# စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**မုံရွာ ဇူလိုင် ၄**

၂၀၂၂ ခုနှစ်စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က မုံရွာမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားရုံ၌ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်း၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အားကစားဝါသနာရှင် ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်းက အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ စစ်ကြောင်းမှူးက ဦးဆောင်၍ ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြသည်။ **(အပေါ်ပုံ)**



ယင်းနောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အဖွင့်ပွဲစဉ်အဖြစ် ဝက်လက်မြို့နယ် အမျိုးသားပိုက်ကျော်ခြင်းအသင်းနှင့် ကျွန်းလှမြို့နယ် အမျိုးသားပိုက်ကျော်ခြင်းအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ ပြိုင်ပွဲသို့ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၃ မြို့နယ်မှ အားကစားသမား ၃၅၀ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဇူလိုင် ၃ ရက်မှ ဇူလိုင် ၈ ရက်အထိ ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသော တိုင်းဒေသကြီး ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ (၃/၂၀၂၂) လုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပတ်သက်၍သက်ဆိုင်ရာဌာနဆိုင်ရာများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ရခိုင်ပြည်နယ် မောင်တောခရိုင်၌ အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွား ၃၁၂ ဦးအား လူမှုရေးပင်စင်များ ထောက်ပံ့ပေးအပ်

**မောင်တော ဇူလိုင် ၄**

ရခိုင်ပြည်နယ် မောင်တောခရိုင်၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားများအား ထောက်ပံ့ခြင်းကို ဇူလိုင်လအတွင်း မြို့ပေါ်ရပ်ကွက်များတွင် မြေပြင်ကွင်းဆင်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ပေးအပ်လျက်ရှိသည်။

ထိုသို့ပေးအပ်ရာတွင် ခရိုင်လူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူနိုင် ဦးဆောင်၍ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက မောင်တောမြို့နယ်ရှိ အသက် ၈၅ နှစ်နှင့်အထက် အဘိုး ၅၇ ဦး၊ အဘွား ၉၅ ဦး စုစုပေါင်း ၁၅၂ ဦးနှင့် ဘူးသီးတောင်မြို့နယ်ရှိ အသက် ၈၅ နှစ်နှင့်အထက် အဘိုး ၆၁ ဦး၊ အဘွား ၉၉ ဦး စုစုပေါင်း ၁၆၀၊ မောင်တောခရိုင်အတွင်း ဘိုးဘွားဦးရေ ၃၁၂ ဦးရှိရာ ဘိုးဘွားတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် သုံးလအတွက် ငွေကျပ် ၃၀၀၀၀ ကို အိမ်တိုင်ရာရောက်ပေးအပ်ကြပြီး ကျေးရွာများရှိ အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားများအားသက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများက သွားရောက်ပေးအပ်မည်ဖြစ်သည်။

ယခု ပေးအပ်သော လူမှုရေးပင်စင်များမှာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဒုတိယသုံးလပတ် (ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်) လများအတွက် ဘိုးဘွား ၃၁၂ ဦးအား ဘိုးဘွားတစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၉၃၆၀၀၀၀ ကို ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# မုဒုံမြို့နယ်တွင် ဆောင်ရွက်သည့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**မုဒုံ ဇူလိုင် ၄**

မုဒုံမြို့နယ်ရှိ ကျေးရွာ ၁၂ ရွာတွင် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် ငွေကျပ်သန်း ၁၂၀ ဖြင့် ဆောင်ရွက်သည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းများမှာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှည် ၃၅၂၅ ပေရှိ ကွန်ကရစ်လမ်း ငါးလမ်း၊ အရှည် ၃၂၇၇ ပေရှိ ကတ္တရာလမ်းငါးလမ်း၊ အရှည်ပေ ၄၈၀၀ ရှိ လမ်းဘေးရေနုတ်မြောင်းအုတ်စီခြင်းနှင့် လမ်းပခုံးကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှစ်ခုနှင့် ရေထုတ်ပြွန်တစ်ခုတို့ကို ဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများအနက် ကွမ်တာ(ရွာသစ်) ကျေးရွာတွင်းရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ညောင်ကုန်ကျေးရွာတွင်းရှိ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများကို ဇွန်လစတုတ္ထပတ်က ခရိုင်ဦးစီးမှူး ဦးအေးနိုင်နှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးပြီး မိုးတွင်းကာလ လမ်းဘေးရေမြောင်းများ ပိတ်ဆို့မှုမရှိစေရေးနှင့် ရွာတွင်းလမ်းများ ရေရှည်အသုံးပြုနိုင်ရေး ထိန်းသိမ်းဆောင်ရွက်ရန် ကော်မတီဝင်များအား ဆွေးနွေးပြောကြားကြောင်း သိရသည်။ **ဟန်မင်း**

# သထုံခရိုင်အတွင်းရှိ ကျေးရွာ ၆၅ ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်

**သထုံ ဇူလိုင် ၄**

မွန်ပြည်နယ် သထုံခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်အတွင်းမြို့နယ်များရှိကျေးရွာ ၆၅ ရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများကို သထုံမြို့နယ်တွင် ၂၂ ရွာ၊ ကျိုက်ထိုမြို့နယ်တွင် ကျေးရွာပေါင်း ၂၀၊ ဘီးလင်းမြို့နယ်တွင် ၁၃ ရွာနှင့် ပေါင်မြို့နယ်တွင် ၁၀ ရွာ စုစုပေါင်း ၆၅ ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယင်းလုပ်ငန်းများကို ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်း၊ သက်ဆိုင်ရာမြို့နယ်မှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဇူလိုင် ၁ ရက်က သွားရောက်၍ကျေးရွာရှိကော်မတီဝင်များ၊ ချေးငွေချေးယူကြသည့် အသင်းသားအသင်းသူများနှင့် တွေ့ဆုံကာ စီမံကိန်းလုပ်ငန်းများ၏ စာရင်းဇယားများကို လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများကိုလည်းကောင်း၊ အခြားလုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို အကြံပြုဆွေးနွေးကြသည်။

မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်လမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေခြင်း၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံစေရန်နှင့် အာဟာရပြည့်ဝစေရန်၊ ကျေးလက်အခြေခံ အဆောက်အအုံများ တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးစေရန်၊ လည်ပတ်ရန်ပုံငွေစနစ်တွင် အဖွဲ့မှသဘောတူသော အတိုးငွေထည့်ဝင်ခြင်းအားဖြင့်ကျေးရွာဖွံ့ဖြိုးရေး၊ ကျေးရွာ၏လိုအပ်ချက်နှင့် အခက်အခဲများကို အောင်မြင်စွာဖြေရှင်းလာနိုင်စေရန်၊ ကျေးလက်လူထု၏ စွမ်းဆောင်ရည်တိုးတက်လာစေရန်နှင့် မမျှော်မှန်းနိုင်သော ဘေးအန္တရာယ်များ ကျရောက်လာပါက တုံ့ပြန်မှုအားကောင်းသော လူမှုအဖွဲ့အစည်းများ ပေါ်ပေါက်လာစေရန် ရည်ရွယ်၍ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**မိုးဝင်း(ကျေးလက်)**

# ညောင်ဦးမြို့နယ် သောက်သုံးရေရှားပါးသည့် ကျေးရွာများနှင့် တဲတိုက်များသို့ ရေဂါလန် ၅၀၀၀ ဆံ့ ရေအုတ်ကန်များလှူဒါန်း

**ညောင်ဦး ဇူလိုင် ၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ သောက်သုံးရေရှားပါးသည့် ကျေးရွာများနှင့် တဲတိုက်များအတွက် မိုးတွင်းအချိန်နှင့်ရေလှူဒါန်းချိန်များတွင် ရေသိုလှောင်နိုင်ရန် ရေဂါလန် ၅၀၀၀ ဆံ့ ရေအုတ်ကန်များကို တစ်ဦးချင်းအလှူရှင်များနှင့် ရန်ကုန်မြို့ ဝေမျှခြင်းအသင်းတို့မှ ရေအုတ်ကန်များ လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

ညောင်ဦးမြို့နယ်တွင် သောက်သုံးရေရှားပါးသည့်ကျေးရွာ အမြောက်အမြား ကျန်ရှိနေသေးပြီး စက်ရေတွင်းရှိသည့်ကျေးများတွင်လည်း ထုံးဓာတ်ပါဝင်မှုများပြားခြင်းကြောင့် သောက်သုံး၍ မရခြင်း၊ ထမင်းဟင်းချက်လျှင် ပျက်စီးမြန်ခြင်းများကြောင့် သောက်သုံးရေအလှူရှင်များ လှူဒါန်းသည့် ရေကိုသာ မှီခိုအားထားနေရကြောင်းနှင့် မိုးကောင်းသည့်နှစ်များတွင် မြေသားရေလှောင်ကန်များမှ ရေကို မှီခိုအားထားရကြောင်း သိရသည်။

ဇူလိုင် ၄ ရက်က ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်မှ ဦးဘိုဘိုလွင် မိသားစုက ရေအုတ်ကန်နှင့် အမိုးများ လှူဒါန်းပေးကြောင်း၊ ညောင်ဦးမြို့နယ် သုံးထောင်ဂဲတဲတိုက်နှင့် သဲဘုံမတဲတိုက်အတွက် သောက်သုံးရေသိုလှောင်ကန် ရေဂါလန် ၅၀၀၀ ဆံ့ လှူဒါန်းပေးကြောင်း အေးမေတ္တာသောက်ရေအလှူတော်အသင်းထံမှ သိရသည်။

ညောင်ဦးမြို့နယ်တွင် သောက်သုံးရေ သိုလှောင်ကန်များအားရေရှားပါးသည့် ကျေးရွာ/တဲတိုက်များအတွက် ရေဂါလန် ၅၀၀၀ ဆံ့ ရေအုတ်ကန် ၁၃ လုံး လှူဒါန်းထားရှိပြီးဖြစ်ကာ ကျန်တဲတိုက်များအတွက် လှူဒါန်းနိုင်ကြောင်းနှင့် အေးမေတ္တာသောက်ရေအလှူတော်အသင်းမှ ကုသိုလ်အဖြစ် အကျိုးဆောင်လုပ်ဆောင်ပေးလျက်ရှိကာ ဖုန်း- ၀၉-၆၉၆၉၂၆၂၆၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။



**မောင်မောင်ထိန်**
**ကျောက်ပန်းတောင်း**

# ငါးရိက္ခာဖူလုံစေရေး ငါးမျိုးစိုက်ထည့်ပေး

ငါးလုပ်ငန်းဦးစီးဌာန

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် ငါးသယံဇာတများကို ထိန်းသိမ်းခြင်းဖြင့် ငါးရိက္ခာဖူလုံစေရန်၊ ရေထွက်ကုန်များမှ အစားအစာဘေးအန္တရာယ် ကင်းရှင်းစေရန်နှင့် စဉ်ဆက်မပြတ် ငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဥပဒေနှင့်အညီ ဆောင်ရွက်ရန်တို့ကို မူဝါဒချမှတ်လုပ်ဆောင်လျက်ရှိသည်။ မျှော်မှန်းချက်အနေဖြင့် ရေရှည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေပြီး ငါးရိက္ခာဖူလုံစေရန်၊ ငါးလုပ်ငန်းကိုအခြေခံ၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရန်နှင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန် မျှော်မှန်းထားသည်။ ထို့အပြင် ရည်မှန်းချက်(၆)ချက်၊ လုပ်ငန်းစဉ်(၂၅)ချက်ကို ရေးဆွဲချမှတ်ပြီး ငါးကဏ္ဍဖွံ့ဖြိုးရေးအတွက် လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်လျက်ရှိသည်။**

ထိုသို့ဆောင်ရွက်ရာတွင် ငါးမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ငါးသယံဇာတများ စဉ်ဆက်မပြတ် ရေရှည်ထိန်းသိမ်းနိုင်ရန်၊ ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် ဝင်ငွေများရရှိစေပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်၊ ငါးမျိုးကောင်းမျိုးသန့်များ ရေရှည်တည်တံ့ ပြန့်ပွားစေရန်၊ ငါးရိက္ခာများကို ရေရှည်စားသုံးနိုင်ရန် ရည်ရွယ်ချက်များဖြင့် သဘာဝ မြစ်၊ ချောင်း၊ အင်းအိုင်၊ ယင်းတို့နှင့် ထိစပ်လျက်ရှိသော မြစ်ဖျား၊ ချောင်းဖျား၊ ချောင်းလက်တက်များနှင့် ဆည်၊ ကန်၊ ရေလှောင်တမံများ၊ စပါးခင်းများအတွင်းသို့ အရွယ် တစ်လက်မနှင့်အထက် ငါးသားပေါက်များကို ငါးလုပ်ငန်းဦးစီးဌာနက နှစ်စဉ် မျိုးစိုက်ထည့်ပေးလျက်ရှိသည်။

ယခုနှစ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌကလည်း တိုင်းပြည် စားနပ်ရိက္ခာဖူလုံရေးမှာ အရေးကြီးသည့်အတွက် မွေးမြူရေးလုပ်ငန်းများကို တွန်းအားပေး ဆောင်ရွက်သွားရန်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအတွက် ရေမြေနှင့် အခြေခံကောင်းများ ရှိသည့်အတွက် အကျိုးရှိအောင်အသုံးချရန်၊ မွေးမြူရေးလုပ်ငန်းကို နည်းစနစ်ကျသည့် မွေးမြူရေးစနစ်ဖြင့် ဆောင်ရွက်သွားရန်၊ တိုင်းပြည်အတွက် စားနပ်ရိက္ခာ ပေါများစေရေး ဆောင်ရွက်ရန်၊ အဓိက မြစ်များ အပါအဝင် မြစ်၊ ချောင်း၊ အင်းအိုင်များတွင် ငါးသားပေါက်မျိုးများ အမြောက်အမြား စိုက်ထည့်ပေးခြင်းကို ငါးလုပ်ငန်းဦးစီးဌာနက ဦးဆောင်၍ အားပေး ကြပ်မတ်ဆောင်ရွက်သွားရန်၊ ငါးမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပုဂ္ဂလိက ငါးမွေးမြူရေးလုပ်ငန်းကို အားပေးရန်နှင့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်လျှင် စားနပ်ရိက္ခာ ဖူလုံသည့်အပြင် စီးပွားဖြစ်သည့်အဆင့်သို့ ရောက်ရှိလာမည်ဖြစ်ကြောင်းနှင့် ငါးမွေးမြူရေးမှာ လွယ်ကူသည့်နည်းလမ်းဖြစ်ပါကြောင်းတို့ကို စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး (၂/၂၀၂၁)တွင် ပြောကြားခဲ့သည်။

ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ယခုနှစ်တွင်စိုက်ထည့်မည့် ငါးမျိုးများကို ရှင်သန်မှုနှုန်း ပိုမိုကောင်းမွန်ရေးအတွက် အနည်းဆုံး နှစ်လက်မအရွယ်ရှိ ငါးသားပေါက်များကိုသာ မျိုးစိုက်ထည့်ရန်၊ သား ငါး ပေါများစေရန်အတွက် အဓိကမြစ်ကြီးများတွင် ပိုမိုစိုက်ထည့်ရန်၊ ငါးမျိုးစိုက်ထည့်သည့်အချိန်တွင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ကြီးကြပ်မှုဖြင့် လိုအပ်သည့်အဖွဲ့များ ဖွဲ့စည်း၍ ငါးမျိုးစိုက်ထည့်ရန်၊ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် ပေါင်းစပ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ထိရောက်သည့် ငါးမွေးမြူရေးသင်တန်းများနှင့် ငါးသားဖောက်သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးနိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း လမ်းညွှန်မှာကြားခဲ့သည်။

**မြန်မာနိုင်ငံ၏ ရေချိုရေပြင်များ**

မြန်မာနိုင်ငံတွင် ရေချိုငါးများ ရှင်သန်ပေါက်ဖွားကြီးပြင်းနေထိုင်နိုင်သည့် ကုန်းတွင်း ရေချိုရေပြင်များဖြစ်သော မြစ်၊ ချောင်း၊ အင်းအိုင်များသည် ဧရိယာအားဖြင့် ဟက်တာ ၈ ဒသမ ၁၊ ၈ ဒသမ ၂ သန်း ရှိသည်။ အဓိကမြစ်ကြီးများဖြစ်သည့် ဧရာဝတီမြစ်- အရှည် ၂၁၅၀ ကီလိုမီတာ၊ ချင်းတွင်းမြစ်- အရှည် ၁၂၀၀ ကီလိုမီတာ၊ သံလွင်မြစ် - အရှည် ၂၈၀၀ ကီလိုမီတာ၊ စစ်တောင်းမြစ် - အရှည် ၄၂၀ ကီလိုမီတာ၊ သဘာဝကန်ကြီးများဖြစ်သည့် ရှမ်းပြည်နယ်မှ အင်းလေးကန်-၁၅၅၀၀ ဟက်တာ၊ ကချင်ပြည်နယ် အင်းတော်ကြီးကန် - ၁၂၀၀၀ ဟက်တာ၊ စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်ကန် - ၂၈၅၀ ဟက်တာ စုစုပေါင်း ရေချိုရေပြင်ဧရိယာ ဟက်တာ ၈ ဒသမ ၁ သန်းအနက် ဟက်တာ ၁ ဒသမ ၂ မှ ၁ ဒသမ ၃ သန်းခန့်သည် အမြဲတမ်း တည်ရှိသော ရေချိုရေပြင်ဖြစ်ပြီး ကျန်ရှိသော ဧရိယာဟက်တာ ခုနစ်သန်းခန့်သည် ရာသီအလိုက် ရေပေါ်ရေလျှံဧရိယာများ ဖြစ်သည်။

ရေချိုငါးသယံဇာတများ ရှင်သန်တည်ရှိပွားများရန် သဘာဝရေပြင် မြစ်၊ ချောင်း၊ အင်း၊ အိုင်- ဧက ၂၀ ဒသမ ၅ သန်း၊ ရေဝပ်ဧရိယာ - ဧက ၁၅ သန်း၊ ဆည်/ရေလှောင်ကန် - ၄ ဒသမ ၅ ဧကသန်း၊ စပါးစိုက်ခင်း ဧက ၁၃ ဒသမ ၃၈ သန်း စုစုပေါင်း ဧက ၅၃ ဒသမ ၃၈ သန်း ရှိသည်။

**မြန်မာနိုင်ငံ၏ ရေချို/ရေငန်စပ်နှင့် ရေငန်ရေပြင်များ**

မြန်မာနိုင်ငံသည် ရခိုင်ပြည်နယ်ဘက်တွင် အိန္ဒိယသမုဒ္ဒရာ၊ ဧရာဝတီတိုင်းဒေသကြီးဘက်၌ ဘင်္ဂလားပင်လယ်အော်၊ တနင်္သာရီတိုင်းဒေသကြီးဘက်တွင် ကပ္ပလီပင်လယ်ပြင်တို့နှင့် ထိစပ်နေပြီး ကမ်းရိုးတန်းဒေသများတွင် ရေငန်ပုစွန်၊ ကဏန်းပျော့နှင့် ကမ်းနီးပင်လယ်ပြင်တွင် ရေငန်ငါး၊ ရေမှော်စသည်တို့ကို မွေးမြူလျက်ရှိသည်။ မြန်မာနိုင်ငံ၏ ကမ်းရိုးတန်းအရှည်မှာ ၂၈၃၂ ကီလိုမီတာရှိသည်။

ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးရှိ ပုစွန်မွေးတောင်သူများသည် ပုစွန်မွေးမြူရာတွင် အများအားဖြင့် သဘာဝမှ ပုစွန်သားပေါက်များကို မွေးကန်အတွင်း ရေသွင်းပြီး ပါလာသည့် ပုစွန်သားပေါက်များကိုသာ ထည့်သွင်းမွေးမြူသော လုပ်ငန်းတစ်ခုဖြစ်သည်။ ယခုအခါ သဘာဝတွင် ဖမ်းဆီးမှုများပြားလာခြင်းကြောင့်လည်းကောင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့်လည်းကောင်း ပုစွန်သားပေါက်များထွက်ရှိမှုမှာ တဖြည်းဖြည်း လျော့ကျလာပြီဖြစ်သည်။ ပုစွန်သားပေါက်များကို ပုစွန်သားပေါက်စခန်းများမှရယူပြီး ပုစွန်မွေးမြူရေးလုပ်ငန်းကို လုပ်ဆောင်သွားရန်နှင့် သဘာဝရေပြင်သို့ ပုစွန်မျိုးများ မျိုးစိုက်ထည့်ရန် လိုအပ်လာသည်။ သို့ဖြစ်၍ ရေငန်ပုစွန်သားပေါက်များကို တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်ရှိ ဝမော် ပုစွန်သားဖောက်စခန်းမှလည်းကောင်း၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်ရှိ ကျောက်ဖြူပုစွန်သားဖောက်စခန်း၊ စစ်တွေမြို့နယ်ရှိ ရေချမ်းပြင် ပုစွန်သားဖောက်စခန်းနှင့် ပေါက်တောမြို့နယ်ရှိ စိုးမဲကျီ ပုစွန်သားဖောက်စခန်းတို့မှလည်းကောင်း၊ ရေချိုပုစွန်သားပေါက်များကို ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်ရှိ ကျောက်တန်း ပုစွန်သားဖောက်စခန်းမှလည်းကောင်း နှစ်စဉ် မျိုးစိုက်ထည့်ပေးလျက်ရှိသည်။

**ရေချိုငါးသယံဇာတ ရေရှည်တည်တံ့ရန် ဆောင်ရွက်ချက်များ**

ငါးလုပ်ငန်းဦးစီးဌာနသည် ရေချိုငါးလုပ်ငန်း ရေပြင်များ ပျက်စီးခြင်းမှ ကာကွယ်စောင့်ရှောက်ခြင်း၊ ငါးမျိုးပြုန်းတီးမှုမှ ကာကွယ်တားဆီးခြင်း၊ ဂရန်အင်းအတွင်း Capture based culture system (ဖမ်းဆီးခြင်းကိုအခြေခံသော မွေးမြူရေးစနစ်)ဖြင့် တိုင်းရင်းငါးမျိုးများကို ထိန်းသိမ်းပြုစုမွေးမြူခြင်း၊ ဂရန်အင်းအတွင်း ငါးအထွက်တိုးစေရေးအတွက် Culture based capture system (မွေးမြူရေးကိုအခြေခံသော ဖမ်းဆီးထုတ်လုပ်မှုစနစ်)ဖြင့် မွေးမြူရေးငါးသားပေါက်များ ထည့်သွင်းမွေးမြူခြင်း၊ မြစ်၊ ချောင်း၊ ဆည်၊ ကန်၊ ရေလှောင်တမံများအပါအဝင် ရေချိုငါးလုပ်ငန်း ရေပြင်များတွင် ငါးမျိုးစိုက်ထည့်ခြင်း၊ တိုင်းရင်းငါးမျိုးများ ထိန်းသိမ်းခြင်းနှင့် ငါးမျိုးပြုန်းတီးမှုမရှိစေရေးအတွက် သုတေသနအင်းများ သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ရေချိုငါးလုပ်ငန်းနှင့်စပ်လျဉ်း၍ ဌာနပိုင် ငါးလုပ်ငန်းစခန်းများမှ အရည်အသွေးကောင်းမွန်သော ငါးမျိုး သားဖောက်ထုတ်လုပ်ခြင်းနှင့် သဘာဝရေပြင်များသို့ ငါးသားပေါက်များ မျိုးစိုက်ထည့်ပေးခြင်း၊ သဘာဝ ငါးနေငါးထိုင်များနှင့် ငါးများ သားပေါက်မျိုးပွားသည့်နေရာများ ထိန်းသိမ်းခြင်းကို ဆောင်ရွက်လျက်ရှိသည့်နည်းတူ အခြားတစ်ဖက်၌လည်း ငါးဖမ်းလုပ်ငန်းများကို စီမံခန့်ခွဲမှုအနေဖြင့် တရားမဝင်သော ငါးဖမ်းနည်းများ (ဘက်ထရီရှော့ခ်တိုက်ခြင်း၊ အဆိပ်ချ၊ မိုင်းခွဲ ငါးဖမ်းခြင်း)ဖြင့် ဖမ်းဆီးထုတ်လုပ်ခြင်းကို မပြုလုပ်ရန် အသိပညာပေးခြင်းနှင့် စီမံခန့်ခွဲခြင်း၊ ငါးသယံဇာတများ ရေရှည်တည်တံ့ပွားများစေရန် ထိန်းသိမ်းခြင်းနှင့် မျိုးပွားရာသီတွင် မျိုးငါးမကြီးများနှင့် ပေါက်ဖွားလာသော ငါးရစ်ငါးသန်များကို မဖမ်းဆီးရေး အသိပညာပေးခြင်း၊ တားမြစ်ခြင်း၊ အရေးယူခြင်းများကို အလေးထား ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် အခြေခံ ငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်သင်တန်းများကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ယခုနှစ်တွင် ၁၃ ကြိမ်ဖွင့်လှစ်ခဲ့ရာ သင်တန်းသား ၃၀၁ ဦးအား ပို့ချသင်ကြားပေးခဲ့ပြီးဖြစ်သည်။ ဆက်လက်ဖွင့်လှစ်နိုင်ရန်လည်း ဆောင်ရွက်လျက်ရှိသည်။

**ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမျိုးစိုက်ထည့်မှု**

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးသယံဇာတများ ရေရှည်တည်တံ့ ပြန့်ပွားစေရေးနှင့် ငါးစားသုံးမှု ဖူလုံစေရေးအတွက် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များရှိ သဘာဝ မြစ်၊ ချောင်း၊ အင်းအိုင်၊ ဆည်များနှင့် စပါးခင်းများအတွင်းသို့ ဌာနပိုင် ငါးလုပ်ငန်းစခန်း ၂၇ ခုနှင့် ပုစွန်သားဖောက်စခန်း ငါးခုတို့မှ ငါး/ပုစွန် သားပေါက်များကို အောက်ဖော်ပြပါအတိုင်း နှစ်အလိုက် ငါး/ပုစွန် သားပေါက်များအား မျိုးစိုက်ထည့်ပေးခဲ့သည်။

(ကောင်ရေ - သိန်းပေါင်း)

| ခုနှစ် | ဧရာဝတီ မြစ်အတွင်း | သဘာဝ မြစ်ချောင်း | ဆည်/ကန်/ ရေလှောင်တမံ | ဌာန/ တပ်မတော် | စပါးခင်း | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၂၀၁၆-၂၀၁၇ | ၃၂၄.၇၀ | ၃၀၇.၄၆ | ၂၆၆.၄၉ | ၅.၁၁ | ၇၃.၃၉ | ၉၇၇.၁၅ |
| ၂၀၁၇-၂၀၁၈ | ၂၀၁.၃၂ | ၄၄၈.၈၃ | ၂၈၀.၇၇ | ၂၉.၀၈ | ၇၆.၀၄ | ၁၀၃၆.၀၄ |
| ၂၀၁၈ Mini | ၃၅၆.၇၃ | ၃၀၈.၉၇ | ၂၄၀.၉၁ | ၂၅.၉၂ | ၅၅.၄၂ | ၉၈၇.၉၅ |
| ၂၀၁၈-၂၀၁၉ | ၄၅၆.၆၂ | ၅၇၃.၂၀ | ၂၇၄.၂၅ | ၁၂၂.၁၄ | ၇၁.၉၆ | ၁၄၉၈.၁၇ |
| ၂၀၁၉-၂၀၂၀ | ၆၀၃.၈၄ | ၅၆၁.၃၃ | ၃၇၅.၄၈ | ၂၂၀.၁၉ | ၇၃.၉၅ | ၁၈၃၄.၇၉ |

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဌာနပိုင်ငါးလုပ်ငန်းစခန်းများမှ ငါးသားပေါက်များကို အဓိကမြစ်ကြီးများ၊ သဘာဝ မြစ်၊ ချောင်း၊ အင်းအိုင်များ၊ ယင်းတို့နှင့် ထိစပ်နေသော မြစ်ဖျား၊ ချောင်းဖျား၊ ချောင်းလက်တက်များနှင့် ဆည်၊ ရေလှောင်တမံ၊ ကန်များအတွင်းသို့ နှစ်လက်မအရွယ် ငါးသားပေါက် ကောင်ရေ ၁၀၁၂ ဒသမ ၀၇၅ သိန်းကို မျိုးစိုက်ထည့်သွားမည်ဖြစ်ပြီး ငါးမျိုးစိုက်ထည့်ခြင်းဖြင့် ငါးရိက္ခာ တိုးတက်ဖူလုံစေရန်နှင့် ငါးသယံဇာတများ ရေရှည်တည်တံ့ပွားများရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။




စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးနှင့် အဖွဲ့က ပေါင်းလောင်းချောင်းအတွင်း ငါးမျိုးစိုက်ထည့်နေစဉ်။

# ရွှေကူမြို့နယ်အတွင်းရှိ စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များနှင့် လက်လီဆိုင်များကို ကိုဗစ်-၁၉ ကာကွယ်ရေးနည်းလမ်းများနှင့်အညီ ဖွင့်လှစ်ရောင်းချရေး ဆွေးနွေး

**ရွှေကူ ဇူလိုင် ၄**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်အတွင်းရှိ စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များနှင့် လက်လီဆိုင်များ အားလုံး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများနှင့်အညီ ဖွင့်လှစ်ရောင်းချရေးအတွက် ညှိနှိုင်းအစည်းအဝေးတစ်ရပ်ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၂ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ရွှေကူမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦးက စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များနှင့် လက်လီဆိုင်များ ဖွင့်လှစ်ရောင်းချရာတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အခြေခံကျသည့် သိရှိလိုက်နာဆောင်ရွက်ရန်အချက်များ၊ ဆိုင်ပိုင်ရှင်များ၊ တာဝန်ရှိသူများ၊ ဝန်ထမ်းများ လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ဆိုင်ထိုင် စားသုံးသူများအနေဖြင့် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ လက်လီဈေးရောင်းချသူများအနေဖြင့် လိုက်နာရန်နှင့် ဆိုင်တွင် ပြင်ဆင်ထားရှိရန်အချက်များ၊ လက်လီဆိုင်များတွင် ဈေးဝယ်သူများအနေဖြင့် လိုက်နာရန်အချက်များကို အများမြင်သာသော နေရာတွင် ကပ်ထားပေးရန် လိုအပ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။



အစည်းအဝေးတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ အမှာစကားပြောကြားစဉ်

ထို့နောက် တက်ရောက်လာသော ဆိုင်ရှင်များနှင့် တာဝန်ရှိသူများက သိလိုသည်များကို မေးမြန်းကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါအစည်းအဝေးသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အတူ အဖွဲ့ဝင်(၁) ဗိုလ်မှူးကျော်မိုးသွင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်အတွင်းရှိ စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များနှင့် လက်လီဆိုင်များမှ ဆိုင်ပိုင်ရှင်များနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

# မိုင်းယောင်းမြို့နယ်ရှိ စားသောက်ဆိုင်များနှင့် လက်ဖက်ရည်ဆိုင်များ ပါဆယ်စနစ်ဖြင့်သာရောင်းချရန် ညွှန်ကြားထား၍ လိုက်လံစစ်ဆေးမှုများပြုလုပ်

**မိုင်းယောင်း ဇူလိုင် ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် မြို့နယ်အတွင်းရှိ စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များနှင့် လမ်းဘေးဈေးဆိုင်များ အားလုံးသည် ဇူလိုင် ၄ ရက်မှစ၍ ပါဆယ်စနစ်ဖြင့်သာ ရောင်းချသွားရန်နှင့် ရောင်းချရာတွင်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်သွားရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အသိပေး ညွှန်ကြားထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံတစ်ဝန်း၌ မျိုးရိုးဗီဇပြောင်းဟု သုံးသပ်ရသော ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ပျံ့နှံ့မှုများမှာ တစ်ဟုန်ထိုး မြင့်တက်လျက်ရှိပြီး ရောဂါ ဆင့်ပွားကူးစက်ခံရသူများထဲတွင် လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်များ၌ ဆိုင်ထိုင်စားသောက်ခြင်းမှ ကူးစက်ခံရသူ အရေအတွက်မှာလည်း များစွာ ပါဝင်လာကြောင်း စိစစ်တွေ့ရှိရသဖြင့် မိုင်းယောင်းမြို့နယ်အတွင်းရှိ စားသောက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်များတွင် ဆိုင်ထိုင်စားသောက်ခြင်းများ မရှိစေရေးနှင့် ပါဆယ်စနစ်ဖြင့်သာ ရောင်းချသွားရန် ညွှန်ကြားခြင်းဖြစ်သည်။



စားသောက်ဆိုင်တစ်ဆိုင်တွင် တာဝန်ရှိသူများ လိုက်လံစစ်ဆေးနေစဉ်

ပါဆယ်စနစ်ဖြင့် ရောင်းချခြင်းရှိမရှိနှင့် ရောင်းချရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ရောဂါကာကွယ်တားဆီးရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ခြင်း ရှိမရှိကို မြို့နယ်အတွင်းမှ ဌာနဆိုင်များပါဝင်သော စစ်ဆေးရေးအဖွဲ့က အထူးကြပ်မတ်၍ ဆောင်ရွက်လျက်ရှိကြောင်းနှင့် လိုက်နာမှုမရှိပါက ဥပဒေအရ အရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **အားချာ**

## ရေဦးမြို့နယ်မှ ကျေးလက်ကုန်ထုတ်လမ်းလုပ်ငန်းနှင့် တံတားလုပ်ငန်းကို ကွင်းဆင်းစစ်ဆေး

**ရေဦး ဇူလိုင် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရေဦးမြို့နယ် ဆီဆုံကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ဆောင်ရွက်နေမှု အခြေအနေများကို ရေဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက ဇူလိုင် ၂ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ကွင်းဆင်းစစ်ဆေးရာတွင် ရေဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်ထက်ထက်အောင်၊ ဦးစီးအရာရှိ ဒေါ်မာမာသွင်နှင့် ဝန်ထမ်းများအဖွဲ့က လမ်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်သည့် ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာကုန်ထုတ်လမ်း ကော်မတီဝင်များနှင့် တွေ့ဆုံကာ ဆီဆုံကျေးလက်ကုန်ထုတ်လမ်း ခင်းခြင်းနှင့် ကုန်ထုတ်တံတားတည်ဆောက်ခြင်း ဆောင်ရွက်နေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားခဲ့သည်။

အဆိုပါ ဆီဆုံကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းသည် အရှည် ငါးဖာလုံ၊ အကျယ် ၁၂ ပေရှိ မြေသားလမ်းဖြစ်ပြီး လမ်းဖောက်လုပ်ခြင်းနှင့် လမ်းပေါ်၌ တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ် ၃၃ ဒသမ ၅ သန်းဖြင့် တင်ဒါအောင်မြင်သော အောင်သိဒ္ဓိမင်းကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ဇော်မင်းဌေး**

# ညောင်ဦးမြို့နယ် ပျဉ်တိုင်းကျေးရွာတွင် စက်ရေတွင်းပျက်နေ၍ ဒေသခံပြည်သူများ သောက်သုံးရေအခက်အခဲမဖြစ်စေရန် ရေဂါလန် ၁၂၀၀ သွားရောက်လှူဒါန်း

**ညောင်ဦး ဇူလိုင် ၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပျဉ်တိုင်းကျေးရွာတွင် စက်ရေတွင်း ချို့ယွင်းပျက်စီးနေသဖြင့် ဒေသခံ ကျေးလက်နေပြည်သူများ သောက်သုံးရေ အခက်အခဲ ကြုံတွေ့နေရသဖြင့် ညောင်ဦးမြို့နယ် အေးမေတ္တာ ပရဟိတ ရေအလှူတော်အသင်းက သောက်သုံးရေ ဂါလန် ၁၂၀၀ ကို ဇူလိုင် ၂ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

အေးမေတ္တာ ပရဟိတ ရေအလှူတော်အသင်းမှ ဦးဝင်းမင်းထွန်း ဦးဆောင်သော ပရဟိတအသင်းသားများက ပျဉ်တိုင်းကျေးရွာရှိ ဒေသခံ ကျေးလက်နေပြည်သူများ သောက်သုံးရေ အခက်အခဲမဖြစ်စေရေးအတွက် ရေဂါလန် ၁၂၀၀ ကို ကျေးရွာရှိ အိမ်ထောင်စုအလိုက် စနစ်တကျ ခွဲဝေလှူဒါန်းခဲ့ခြင်းဖြစ်သည်။

ပျဉ်တိုင်းကျေးရွာသည် အိမ်ခြေ ၃၀၀ ကျော်နှင့် လူဦးရေ ၁၄၀၀ ကျော် နေထိုင်လျက်ရှိသည့် ကျေးရွာဖြစ်ပြီး ကျေးရွာနေပြည်သူများမှာ သောက်သုံးရေအတွက် ကျေးရွာရှိ အဝီစိစက်ရေတွင်း နှစ်တွင်းကိုသာ မှီခိုအားထားနေရကြောင်း သိရသည်။

လက်ရှိအချိန်တွင် အဆိုပါ စက်ရေတွင်း နှစ်တွင်းလုံးမှာ ချို့ယွင်းပျက်စီးနေသည့်အတွက် သောက်သုံးရေ အခက်အခဲများ ကြုံတွေ့နေရခြင်းဖြစ်ကာ ပြည်သူများ၏ အခက်အခဲ အဆင်ပြေစေရေးအတွက် စက်ရေတွင်းများကို ဌာနဆိုင်ရာများက ပြန်လည်ပြုပြင်ပေးရန် ဒေသခံပြည်သူများက မျှော်လင့်နေကြောင်းလည်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**



# အရက်ကိုရှောင်ကြဉ်ခြင်းဖြင့် . . .

မောင်သောင်းဝင်း(တမန်ဟောင်း)

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေတာ တစ်နှစ်ပင်ကျော်လာပြီး တတိယလှိုင်း ဝင်လာပါပြီ။ တချို့သောဒေသတွေမှာဆိုရင် ကူးစက်မှုနှုန်း မြင့်တက်လျက်ရှိပြီး အသေအပျောက်လည်း ရှိနေပါတယ်။ ကမ္ဘာ့လူသားတွေဟာ စီးပွားရေး၊ လူမှုရေး၊ ပညာရေး စတဲ့ ကဏ္ဍပေါင်းစုံမှာ အခက်အခဲတွေ့နေကြရပါတယ်။ နေ့စဉ် စားသောက်နေထိုင်ရေးအတွက် နေထိုင်မှုပုံစံသစ်နဲ့ ချဉ်းကပ်နေကြရပါတယ်။ နေအိမ်ထဲမှာပဲ နေရတဲ့အချိန် များလာတဲ့အခါ သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းနိုင်စွမ်းမရှိတဲ့သူတွေဟာ မွန်းကျပ်တယ်လို့ ခံစားလာကြပါတယ်။ လူအမျိုးမျိုး စိတ်အထွေထွေ ဆိုသလို အခက်အခဲကာလကို အခွင့်အလမ်းအဖြစ် အသုံးချသူတွေရှိသလို အခက်အခဲကို လက်မြှောက် အရှုံးပေးလိုသူတွေလည်း ရှိကြပါတယ်။ ကိုဗစ်-၁၉ ကာလမှာ ကြုံတွေ့ရတဲ့ အခက်အခဲတွေကနေ သင်ခန်းစာဖော်ထုတ်နေသူတွေရှိသလို ညည်းတွားနေသူတွေလည်း ရှိကြပါတယ်။**

### ဘယ်လိုဖြတ်သန်းသွားမလဲ

သာဓကအနေနဲ့ ကိုဗစ်-၁၉ ကာလမှာ အိမ်တွင်းမှာနေရချိန်များတဲ့အခါ တချို့ကတော့ စာအုပ်ဖတ်ခြင်း၊ တရားထိုင်ခြင်း၊ ကျန်းမာရေးလေ့ကျင့်ခန်း လုပ်ဆောင်ခြင်း၊ ချက်ပြုတ်၊ လျှော်ဖွပ်ခြင်း၊ သန့်ရှင်းရေးလုပ်ခြင်း၊ စားသုံးသီးနှံစိုက်ပျိုးခြင်း စတဲ့ နည်းလမ်းတွေနဲ့ အဓိပ္ပာယ်ရှိစွာ ဖြတ်သန်းနေကြပါတယ်။ တချို့ကတော့ မိုးလင်းမိုးချုပ် ရုပ်သံဇာတ်လမ်းတွဲတွေ ကြည့်ရှုခြင်း၊ လူမှုကွန်ရက် အသုံးပြုခြင်း၊ ဂိမ်းဆော့ခြင်းတွေနဲ့ ဖြတ်သန်းနေကြပါတယ်။ တချို့ကတော့ သောက်စားပျော်ပါးခြင်း၊ လောင်းကစားပြုလုပ်ခြင်းနဲ့ ဖြတ်သန်းနေကြပါတယ်။ အဆိုးရွားဆုံးကတော့ ကိုဗစ်-၁၉ ကာလအတွင်းမှာ နိုက်ကလပ်၊ အနှိပ်ခန်း၊ စားသောက်ဆိုင်တွေ မသွားရတော့ အိမ်မှာပဲ အရက်သေစာသောက်စားရင်း စိတ်ထွက်ပေါက်ရှာနေကြတဲ့သူတွေ ရှိနေခြင်းပါပဲ။ စိတ်မကောင်းစရာပါပဲ။ အဆွေ စာရှုသူအနေနဲ့ကတော့ နေ့စဉ်ဘဝကို စိတ်ခွတ်ကြံ့ခိုင်စွာနဲ့ မိသားစုနဲ့အတူ အကျိုးရှိရှိ ဖြတ်သန်းနေမယ်လို့ ယုံကြည်မိပါတယ်။

### ဆုတ်ယုတ်စေနိုင်

"မသောက်မစား လူ့ငနွား၊ သောက်သောက်စားစား လူ့မင်းသား" လို့ ဆိုကြပေမယ့် "တန်ဆေး လွန်ဘေး" ဆိုသလို အရက်ဟာ သောက်သုံးတဲ့ပမာဏအပေါ်မူတည်ပြီး အားဆေးဖြစ်နိုင်သလို အဆိပ်အတောက်လည်း ဖြစ်နေပါတယ်။ စင်စစ်အားဖြင့် မြတ်ဗုဒ္ဓကလည်း "သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ" ဆိုတဲ့ သီလတစ်ပိုဒ်ကို ငါးပါးသီလထဲမှာ ထည့်သွင်းဟောကြားခဲ့ပါတယ်။ ဒါ့ကြောင့်တတ်နိုင်ပါက အရက်ကို လုံးဝရှောင်ကြဉ်သွားသင့်ပါတယ်။ အရက် သောက်သုံးခြင်းဟာ ကောင်းကျိုးထက် ဆိုးကျိုးများစွာကိုသာ ဖြစ်ပေါ်စေပါတယ်။ ဒါပေမယ့် လူငယ်အများစုဟာ အရက်စွဲလမ်းသူတွေ ဖြစ်နေကြတဲ့အတွက် များစွာစိတ်မကောင်းဖြစ်ရပါတယ်။ သာဓကအနေနဲ့ အင်္ဂလန်မှာဆိုရင် လူအများစုဟာ အလုပ်ကိစ္စကိုအကြောင်းပြပြီး အရက် ပိုမိုသောက်သုံးလာကြတယ်လို့ ဆိုပါတယ်။ အကျိုးဆက်အနေနဲ့ နောက်ဆက်တွဲရောဂါများ ဖြစ်ပွားပြီး ကုန်ထုတ်လုပ်မှု ကျဆင်းလာပါပြီ။ ဆိုရလျှင် ကမ္ဘာ့ထိပ်တန်းနိုင်ငံကြီးတွေရှိ တချို့သောသူတွေပင်လျှင် အရက်၏ကျေးကျွန် ဖြစ်လာကြရပါပြီ။ စာရေးသူတို့နိုင်ငံမှာလည်း စာကြည့်တိုက်တွေမှာ စာဖတ်သူမရှိပေမယ့် အရက်ဆိုင်နဲ့ဘီယာဆိုင်တွေမှာဆိုရင် ညဥ့်နက်သန်းခေါင်အထိ လူပြည့်နေတတ်ပါတယ်။ ဆုတ်ယုတ်မှု လက္ခဏာတွေပါပဲ။ ဥပဒေကြောင်းအရ ထိန်းကျောင်းကြပ်မတ်မှုတွေ လုပ်ဆောင်သလို လူမှုကျင့်ဝတ်အရလည်း ဝိုင်းဝန်းထိန်းကျောင်းသွားမယ်ဆိုရင်တော့ ဆုတ်ယုတ်မှုကို အချိန်မီ တားဆီးနိုင်မှာပါ။

### ရောဂါမျိုးစုံဖြစ်စေ

ဆိုရရင် အရက်သောက်သုံးခြင်းဟာ ကြောက်မက်ဖွယ်ကောင်းတဲ့ အလေ့အထများအနက်မှ တစ်ခုဖြစ်ပါ တယ်။ အရက်သောက်သုံးသူဟာ တစ်ကိုယ်ရည်ကျန်းမာရေးမှသည် မိသားစုပြဿနာနဲ့ လူမှုရေးပြဿနာပေါင်းစုံကို ရင်ဆိုင်ရလေ့ရှိပါတယ်။ အရက်သောက်သုံးခြင်းကြောင့် ဖြစ်ပွားရတဲ့ ကျန်းမာရေးပြဿနာတွေကတော့ ခန္ဓာကိုယ်အတွင်း၌ ကင်ဆာဆဲလ်များ ဖြစ်ထွန်းလာခြင်း၊ မှတ်ဉာဏ် ပျောက်ဆုံးခြင်း၊ အသည်းရောဂါဖြစ်ခြင်း၊ စိတ်ကျရောဂါဖြစ်ခြင်း စတဲ့ ရောဂါများစွာကို ဖြစ်ပွားစေပါတယ်။ ဒါ့အပြင် အရက်သောက်သုံးခြင်းဟာ သွေးဖိအားကို မြင့်တက်လာစေတာကြောင့် နှလုံးကြွက်သားများ ပျက်စီးခြင်း၊ ရင်သား၊ အူမကြီးနဲ့ ပါးစပ်တို့မှာ ကင်ဆာဖြစ်ပွားစေခြင်း စတာတွေအပြင် အမျိုးသမီးတွေမှာလည်း အရိုးပွရောဂါ ဖြစ်ပွားစေနိုင်ပါတယ်။

**"အရက်ဆိုတာ ပေါင်းခံချက်လုပ်ထားတဲ့ ဓာတုအရည်တစ်မျိုးဖြစ်တာကြောင့် အရက်သောက်သုံးသူတွေဟာ အဆိပ်အတောက်ဖြစ်စေနိုင်တဲ့ ဓာတုအရည်တွေကို မျိုချနေခြင်းဖြစ်ပါတယ်။ အရက်သောက်သုံးသူဟာ ရေရှည်မှာ အစာချေကိရိယာတွေ ပျက်စီးလာမှာပါ။ လက်ရှိအချိန်မှာ ချက်အရက်အမျိုးမျိုးကို အရောင်အသွေးနဲ့ အနံ့ပေါင်းစုံထည့်ကာ တံဆိပ်အမျိုးမျိုးနဲ့ ထုတ်လုပ်ရောင်းချနေကြပါတယ်။ အဲဒီ ချက်အရက်တွေထဲမှာ ပါဝင်တဲ့ ပစ္စည်းတွေရဲ့ ဘေးကင်းလုံခြုံမှု၊ သန့်ရှင်းလတ်ဆတ်မှုနဲ့ အချိုးအဆ မှန်ကန်မှုတို့ကို မည်သူမျှ အာမခံချက် ပေးမထားပါဘူး"**

### ဆိုးကျိုးများစွာ

အမှန်တော့ အရက်ဆိုတာ ပေါင်းခံချက်လုပ်ထားတဲ့ ဓာတုအရည်တစ်မျိုးဖြစ်တာကြောင့် အရက်သောက်သုံးသူတွေဟာ အဆိပ်အတောက်ဖြစ်စေနိုင်တဲ့ ဓာတုအရည်တွေကို မျိုချနေခြင်း ဖြစ်ပါတယ်။ အရက်သောက်သုံးသူဟာ ရေရှည်မှာ အစာချေကိရိယာတွေ ပျက်စီးလာမှာပါ။ လက်ရှိအချိန်မှာ ချက်အရက်အမျိုးမျိုးကို အရောင်အသွေးနဲ့ အနံ့ပေါင်းစုံထည့်ကာ တံဆိပ်အမျိုးမျိုးနဲ့ ထုတ်လုပ်ရောင်းချနေကြပါတယ်။ အဲဒီ ချက်အရက်တွေထဲမှာ ပါဝင်တဲ့ပစ္စည်းတွေရဲ့ ဘေးကင်းလုံခြုံမှု၊ သန့်ရှင်းလတ်ဆတ်မှုနဲ့ အချိုးအဆ မှန်ကန်မှုတို့ကို မည်သူမျှ အာမခံချက်ပေးမထားပါဘူး။ ဒါပေမယ့် ကျေးလက်ဒေသတွေနဲ့ ဆင်းရဲသားရပ်ကွက်တွေမှာဆိုရင် ဘီအီးဆိုတဲ့ ချက်အရက်ကို ဈေးပေါပေါနဲ့ အလွယ်တကူ ဝယ်သောက်နေကြပါတယ်။ အစားအသောက် ဘေးကင်းလုံခြုံမှု(Food Security) အာမခံချက်မရှိဘဲ သောက်နေကြတာပါ။ ကျန်းမာရေးအတွက် ဆိုးကျိုးများစွာရှိနေပါတယ်။ ဆိုရရင် အရက်ရဲ့ဆိုးကျိုးဟာ များပြားလွန်းတာကြောင့် ရေးသား၍ မကုန်နိုင်ပါဘူး။ ကြောက်စရာ အကောင်းဆုံးကတော့ အဲဒီ အရက်ဟာ လူသားတွေကို အညွန့်တုံးစေတာပါပဲ။

### ကိုဗစ်-၁၉ ကပ်ရောဂါ ကင်းဝေးဖို့ အရက်ရှောင်ကြဉ်ကြပါစို့

အဲဒီလို ဆိုးကျိုးများစွာရှိနေတဲ့ အရက်ကို ရှောင်ကြဉ်နိုင်လေ ကောင်းလေပါပဲ။ ဒါကြောင့် မျိုးဆက်သစ်လူငယ်တွေကို အဲဒီ အရက်နဲ့ ခပ်ဝေးဝေးနေစေဖို့ ပညာပေးစည်းရုံးသွားဖို့ လိုအပ်ပါတယ်။ ဒါမှသာ တိုင်းပြည်အနာဂတ်ကို ပခုံးပြောင်း တာဝန်ယူသွားမယ့် မျိုးဆက်သစ်တွေဟာ ဉာဏ်ရည်ဉာဏ်သွေးတွေ ထက်မြက်ပြီး ကျန်းမာ ကြံ့ခိုင်နေကြမှာပါ။ ဒါ့အပြင် နိုင်ငံသား တစ်ဦးတစ်ယောက်ချင်းစီအနေနဲ့လည်း အဲဒီအရက်ကို တတ်နိုင်သမျှ လျှော့ချ ရှောင်ကြဉ်သွားမယ်ဆိုရင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြံ့ခိုင်လာကြမှာပါ။ စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်ကြတဲ့ နိုင်ငံသားတွေဟာ ကျိုးကြောင်းဆီလျော်စွာ တွေးခေါ်မြော်မြင် ပြုမူဆုံးဖြတ်နိုင်တာကြောင့် ရာဇဝတ်မှုခင်းတွေကိုလည်း လျော့ကျစေနိုင်ပါတယ်။ အဲဒီလို လျှော့ချနိုင်ရေးအတွက် အရက် ထုတ်လုပ်ရောင်းချတဲ့ လုပ်ငန်းတွေအပေါ် အခွန်တိုးမြှင့်ကောက်ခံခြင်း၊ အရက်ပုန်းဆိုင်တွေကို ဖော်ထုတ်အရေးယူခြင်း၊ အရက်ရောင်းချခွင့်ရှိတဲ့အချိန်အပြင် အရက်ဝယ်ယူခွင့်ရှိတဲ့ အသက်အရွယ်ကို ကန့်သတ်ထိန်းချုပ်ခြင်းတွေလည်း ဆောင်ရွက်သွားသင့်ပါတယ်။ သာဓကအနေနဲ့ နိုင်ငံတကာမှာဆိုရင် နေ့ခင်းဘက်တွေမှာ အရက်နဲ့ ဘီယာ ရောင်းချခွင့်မရှိသလို လူငယ်တွေအနေနဲ့ အရက်နဲ့ ဆေးလိပ် ဝယ်ယူခွင့်မရှိပါဘူး။ ကုန်တိုက်တွေကလည်း လူငယ်တွေကို အရက်၊ ဘီယာ၊ ဆေးလိပ် လုံးဝရောင်းချပေးခြင်းမရှိပါဘူး။ ကောင်းမွန်သော အလေ့အထပါပဲ။ မြန်မာနိုင်ငံမှာတော့ ဝိသမလောဘ စီးပွားရေးသမားတွေဟာ လူငယ်တွေကို အရက်နဲ့ ဆေးလိပ်တွေ ရောင်းချပေးလျက်ရှိပါတယ်။ မျိုးဆက်သစ်တွေရဲ့ အနာဂတ်ကို မရိုက်ချိုးသင့်ပါဘူး။

စင်စစ်အားဖြင့် အရက်သောက်သုံးခြင်းဟာ တစ်ကမ္ဘာလုံးဆိုင်ရာ ပြဿနာ ဖြစ်နေပါတယ်။ အရက်ဟာ သောက်သုံးသူရဲ့ စိတ်ပိုင်းနဲ့ ရုပ်ပိုင်းကိုသာမက လူမှုအသိုက်အဝန်းအပေါ်လည်း ဆိုးကျိုးများစွာ သက်ရောက်နေပါတယ်။ အထူးသဖြင့် ကုန်ထုတ်လုပ်မှု ကျဆင်းစေပါတယ်။ အရက်သောက်သုံးမှုကြောင့် ကမ္ဘာပေါ်မှာ နှစ်စဉ် လူ ၂ ဒသမ ၅ သန်းကျော် သေဆုံးလျက်ရှိပါတယ်။ ဒါ့အပြင် သန်းပေါင်းများစွာသော လူတွေကိုလည်း နောက်ဆက်တွဲ ရောဂါမျိုးစုံ ဖြစ်ပေါ်စေလျက်ရှိပါတယ်။

အဆိုးရွားဆုံးမှာ အရက်သောက်သုံးမှုကြောင့် နှစ်စဉ် လူငယ် သုံးသိန်းကျော် သေဆုံးနေရပါတယ်။ ဒါ့ကြောင့် လူတိုင်း သက်ရှည်ကျန်းမာရေးအတွက် ကောင်းကျိုးမပေးတဲ့အရက်ကို ရှောင်ကြဉ်သွားစေလိုပါတယ်။ အထူးသဖြင့် လူမှုစီးပွားဘဝ အကျပ်အတည်းတွေနဲ့ ကြုံတွေ့နေရတဲ့ ယခုလို ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေတဲ့ အကျပ်အတည်းကာလအတွင်းမှာ အရက်သောက်သုံးခြင်းကြောင့် နောက်ဆက်တွဲ ပြဿနာတွေကို ထပ်မံဖြေရှင်းနေကြရပါတယ်။ ဒါကြောင့် ဆိုးကျိုးတွေကိုသာ ဖြစ်ပေါ်စေတဲ့ အဲဒီအရက်ကို တတ်နိုင်သမျှ လျှော့ချ သောက်သုံးသွားသင့်ပါတယ်။ အထူးသဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ ကင်းဝေးရေးအတွက် အရက်ကို လုံးဝရှောင်ကြဉ်သွားသင့်ကြောင်း စေတနာနဲ့ အကြံပြုတိုက်တွန်းလိုက်ရပါတယ်။ ။

---

## ဝန်းသိုမြို့နယ်အတွင်းမှ ပျက်စီးနေသည့် ကျေးရွာလမ်းပိုင်းနှစ်ခုကို ဌာနဆိုင်ရာများနှင့် ပြည်သူများစုပေါင်း၍ ပြန်လည်ပြုပြင်လျက်ရှိ

**ဝန်းသို ဇူလိုင် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ်အတွင်းမှ (အာမခံ-ကင်းမြင်သာ-ဂျိုးတောင်)လမ်းပေါ်ရှိ ပျက်စီးနေသော အာမခံရွာနှင့် ပန်းတိမ်ကုန်းရွာကြား လမ်းအပိုင်းနှင့် ခပ်ချိုရွာနှင့် ကင်းမြင်သာရွာကြား လမ်းအပိုင်းတို့တွင် ပြုပြင်ရေးလုပ်ငန်းများကို ဝန်းသိုမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် အဖွဲ့ဝင်များက ဦးဆောင်၍ ဇွန် ၂၉ ရက်မှ စတင် ဆောင်ရွက်လျက်ရှိသည်။

လမ်းပြုပြင်ရေးလုပ်ငန်းခွင်တွင် မြို့နယ် လမ်းဦးစီးဌာနမှ AE ဦးမင်းသန့်စိုးနှင့် မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ AE ဒေါ်ချိုချိုနွယ်တို့က လိုအပ်သည်များကို ပါဝင်ကူညီဆောင်ရွက်ခဲ့ကြပြီး တပ်မတော်သားများ၊ ထွေအုပ်ဝန်ထမ်းများ၊ ဒေသတွင်း ကျောက်ထုတ်လုပ်ငန်းများမှ လုပ်ငန်းရှင်များ၊ မော်တော်ယာဉ်ပိုင်ရှင်များနှင့် ဒေသခံပြည်သူများကလည်း လမ်းပြုပြင်ခြင်းလုပ်ငန်းတွင် ပါဝင်ကူညီ ဆောင်ရွက်ပေးနေကြကြောင်း သိရသည်။

ခင်မောင်ဆွေ(မော်လူး)

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
### သတင်းထုတ်ပြန်ချက်
### အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

**❒ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

---

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာ လက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဇူလိုင် ၄**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟီရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေး ရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ



## ဒေသတွင်း ငါးစားသုံးမှုဖူလုံရေးနှင့် ရေချိုငါးသယံဇာတများ တိုးပွားရေး မေယုမြစ်ဖျားသဘာဝရေပြင်အတွင်း ရေချိုငါးသားပေါက် စိုက်ထည့်

ဘူးသီးတောင် ဇူလိုင် ၄

ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၏ ညွှန်ကြားမှုနှင့်အညီ ဘူးသီးတောင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသယံဇာတများ စဉ်ဆက်မပြတ် ရေရှည်ထိန်းသိမ်းနိုင်ရေးနှင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေရရှိရေးတို့အတွက် မေယုမြစ်ဖျား သဘာဝရေပြင်အတွင်းသို့ နှစ်စဉ် မျိုးစိုက်ထည့်ပေးလျက်ရှိရာ ၂၀၂၂ ခုနှစ် မိုးရာသီကာလအတွင်း ငါးမျိုးစိုက်ထည့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက ဘူးသီးတောင်မြို့နယ် (ပန်ဇင်းချောင်း တံတားအောက်) မေယုမြစ်ဖျားအတွင်းသို့ ငါးမျိုးများစိုက်ထည့်ခြင်း အခမ်းအနားကို ကိုဗစ်-၁၉ ညွှန်ကြားချက်နှင့်အညီ ကျင်းပသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်ဦးက ငါးမျိုးများ စိုက်ထည့်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပြီးနောက် တက်ရောက်လာကြသူများအား ငါးသားပေါက်များကို ပေးအပ်ခဲ့ပြီး တာဝန်ရှိသူများက လက်ခံရယူသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသည့် ဘူးသီးတောင်မြို့နယ် တပ်နယ်မှူး ဗိုလ်မှူးကြီး တင်မိုးနိုင်နှင့် တာဝန်ရှိသူများက (ပန်ဇင်းချောင်းမြစ်ဖျား) သဘာဝရေပြင်အတွင်းသို့ ငါးသားပေါက်များကို စိုက်ထည့်ပေးကြသည်။

ယနေ့ပြုလုပ်သည့် ငါးသားပေါက်လွှတ်ပွဲတွင် ထိုင်းငါးခုံးမကြီးကောင်ရေ တစ်သိန်းနှစ်သောင်းနှင့် ရွှေဝါငါးကြင်းကောင်ရေ သုံးသောင်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ တစ်သိန်းငါးသောင်း ရှိကြောင်း မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်း ထံမှ သိရသည်။

မြို့နယ် (ပြန်/ဆက်)

## ငါးမွေးမြူရေးကန်များရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါ အချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -

- ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသောနိမ့်သော နေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့်ကာရံထားပါရန်၊
- ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီးဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- လိုအပ်ပါကငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေပါရန်၊
- ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ် မိုးလေဝသ သတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ် နေ့စဉ်သတင်းစာများတွင် ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

### စားသုံးဆီကိုတတ်နိုင်သမျှ လျှော့စားဖို့ဘာကြောင့်လိုအပ်တာလဲ?

- စားသုံးဆီများတွင် အခြေခံအားဖြင့် **ကျန်းမာရေးအရသင့်တင့်စွာစားသုံးနိုင်သည့်မပြည့်ဝဆီများ (Unsaturated Fats)၊ တတ်နိုင်သမျှလျှော့၍စားသုံးသင့်သည့်ပြည့်ဝဆီများ(Saturated Fats)**နှင့် **လုံးဝမစားသုံးသင့်သောအသွင်ပြောင်းဆီများ(Trans Fats)** ဟူ၍ (၃)မျိုးရှိပါသည်။
- **မပြည့်ဝဆီသင့်တင့်စွာစားသုံးခြင်းဖြင့် ခန္ဓာကိုယ်အတွက်ကောင်းမွန်သော သွေးတွင်းအဆီဓါတ်(HDL) တို့ကိုမြင့်တက်စေပြီး မကောင်းသောအဆီဓါတ်(LDL)တို့အားလျှော့ချပေးခြင်း**ဖြင့် နှလုံးရောဂါနှင့်အမျိုးအစား(၂)ဆီးချိုရောဂါစသည့် **မကူးစက်နိုင်သည့်ရောဂါများဖြစ်ပွားနိုင်ခြေကိုလျော့နည်းစေပါသည်**။(ဥပမာ-မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ ငါးမှရသော အဆီများ)
- **ပြည့်ဝဆီစားသုံးခြင်း**ကြောင့် **မကောင်းသောသွေးတွင်းအဆီဓာတ် (LDL)များ လွန်ကဲစွာမြင့်တက်စေ၍ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊** သွေးကြောနံရံတွင်အဆီများကပ်ခဲ၍သွေးကြောများကျဉ်းကာ **နှလုံးသွေးကြောပိတ်ရောဂါနှင့်လေဖြတ်ခြင်း**တို့ကိုဖြစ်စေနိုင်ပါသည်။ (ဥပမာ-စားအုန်းဆီ၊ ဆီကြော်အစားအစာများ၊ တိရိစ္ဆာန်မှရသောအဆီများ)
- **အသွင်ပြောင်းဆီ**သည်အစားအသောက်များပိုမိုတာရှည်ခံ၍အရသာရှိစေရန် ပုံမှန်အသုံးပြုသောဆီတွင် ဟိုက်ဒရိုဂျင်ဓာတ်ထည့်ပေါင်းထားသောဆီဖြစ်ပြီး **ပြည့်ဝဆီစားသုံးခြင်း၏ဆိုးကျိုးများအပြင်သွေးတွင်းဆီ (Triglycerides)များကိုပိုမို၍တက်စေခြင်း၊ ကောင်းမွန်သောသွေးတွင်းအဆီဓါတ်(HDL)ကို ကျစေခြင်းနှင့် ခန္ဓာကိုယ်တွင်းရောင်ရမ်းမှုများဖြစ်စေခြင်း**ကြောင့်အထက်ဖော်ပြပါရောဂါများအပြင် **အမျိုးအစား(၂)ဆီးချိုရောဂါကိုပါပို၍ဖြစ်ပွားစေနိုင်ပြီးနောက်ဆက်တွဲဆိုးကျိုးများစွာခံစားရနိုင်ပါသည်။** (ဥပမာ- အသင့်စားအစားအစာများဖြစ်သည့်အာလူးကြော်၊ ကြက်ကြော်၊ ကိတ်မုန့်ပေါင်မုန့် စသည်တို့တွင်ပါဝင်သည့်ဆီ၊)

**ပြည့်ဝဆီများကိုတတ်နိုင်သမျှလျှော့စား၍**
**အသွင်ပြောင်းဆီများစားသုံးခြင်းကိုလုံးဝရှောင်ကြဉ်ရမည်ဖြစ်ပါသည်။**



မပြည့်ဝဆီ





ပြည့်ဝဆီ



အသွင်ပြောင်းဆီ

ရည်ညွှန်းကိုးကား-(၁) WHO. Healthy diet fact sheets. (accessed as of 10.6.2020)
(၂) MAYO CLINIC. Dietary fats: Know which types to choose. (accessed as of 10.6.2020)

### မိုးတွင်းကာလအတွင်း မိုးကြိုးအန္တရာယ်ကို ဘယ်လိုကာကွယ်ကြမလဲ?

- မိုးကြိုးပစ်ခံရပါက ပြင်းထန်စွာဒဏ်ရာ ရရှိနိုင်ပြီး အသက်ဆုံးရှုံးသည်အထိ ဖြစ်နိုင်ပါသည်။
- မိုးကြိုးနှင့် မိုးကြိုးမုန်တိုင်းအန္တရာယ်ရှိနိုင်ကြောင်း မိုးလေဝသသတင်းကြေညာချက်ရှိပါက လွင်တီးခေါင်ပြင်များတွင် အလုပ်လုပ်ခြင်း၊ ခရီးသွားခြင်းနှင့် လူစုလူဝေးပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ။

**လျှပ်စီးလက်၍ မိုးထစ်ချုန်းနေစဉ် လွင်တီးပြင်တွင်ရှိနေပါက လိုက်နာရန်-**

- အနီးပတ်ဝန်းကျင်ရှိ လုံခြုံစိတ်ချရတဲ့အဆောက်အဦအတွင်းသို့ ချက်ချင်းဝင်ရောက်ပါ။
- အကယ်၍ နီးစပ်ရာတွင် လုံခြုံစိတ်ချရတဲ့ အဆောက်အဦမရှိပါက ခြေထောက်နှစ်ဖက် ကိုစု၍ ဆောင့်ကြောင့်ထိုင်ချပါ။ ဦးခေါင်းကို ဒူးပေါ်သို့မှောက်ချပြီး လက်နှစ်ဖက်ဖြင့် နားကို အုပ်ထားပါ။ မြေကြီးနှင့် ထိတွေ့နိုင်မှု အနည်းဆုံးဖြစ်အောင် နေပါ။
- တစ်ဦးနှင့် တစ်ဦး ပူးကပ်နေထိုင်ခြင်း မပြုရပါ။
- မြေပြင်ပေါ်သို့လှဲချခြင်း၊ အပင်မြင့်များအောက်တွင်နေခြင်း၊ မြင့်မားသောအဆောက်အဦ၏ အုတ်နံရံများကို မှီခြင်း၊ ရေကူးကန်များနှင့် ရေကန်များအနီး နေထိုင်ခြင်း မပြုပါနှင့်။
- ရေထဲတွင်ရောက်ရှိနေပါကကုန်းပေါ်သို့တက်ပြီး အဆောက်အဦအတွင်းသို့ချက်ချင်းဝင်ပါ။

**လျှပ်စီးလက်၍ မိုးထစ်ချုန်းနေစဉ် နေအိမ်အတွင်းရှိနေပါက လိုက်နာရန်-**

- တီဗွီ၊ ကွန်ပျူတာ၊ အဝတ်လျှော်စက်၊ မီးဖို စသည့် လျှပ်စစ်ပစ္စည်းများကို မီးပလပ် ဖြုတ်ထားပါ။ ရေဒီယိုဖွင့်ခြင်း၊ ဖုန်းပြောခြင်း(အထူးသဖြင့် ကြိုးဖုန်း) ရှောင်ကြဉ်ပါ။
- ပြတင်းပေါက်များ၊ တံခါးပေါက်များ၊ ဆင်ဝင်များအနီးနေထိုင်ခြင်း၊ ကွန်ကရစ်ခင်းများပေါ်တွင် လဲလျောင်းခြင်းတို့ကို ရှောင်ကြဉ်ပါ။



လွင်တီးခေါင်ပြင်တွင်ရှိစဉ် မိုးကြိုးအန္တရာယ်မှ ကာကွယ်ရန် နေထိုင်ရမည့်ပုံစံများ

**မိုးကြိုးပစ်ခံရသောလူနာအား အရေးပေါ်ကယ်ဆယ်နည်းများပြုလုပ်ပြီး ဆေးရုံ/ဆေးခန်းများသို့ အမြန်ဆုံးပို့ဆောင်ပါ။**

ရည်ညွှန်းကိုးကား- US CDC.Lightning.(accessed as of 5-6-2020)

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၁ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှန်ခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၀ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋီတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) မွှာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုမ္မောဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၁၄၁၀၂၀၁၇၀၀၂၈၇၀၀၁** သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇေ ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

**၂၀၂၁ ခုနှစ်၊ ဇွန်လ အလှူရှင်စာရင်း**

| | | |
|---|---|---|
| ၅၃၄။ ဦးဝဏ္ဏမောင်လွင်နှင့်မိသားစု ပြည်ထောင်စုဝန်ကြီး(နိုင်ငံခြားရေးဝန်ကြီးဌာန) | နေပြည်တော် | ၅၀၀၀၀၀ |
| ၅၃၅။ ဝါကြိတ်စက်ရုံ(မြစ်သား)မှဝန်ထမ်းများ (မစက) | ရန်ကုန်မြို့ | ၃၆၄၅၀၀ |
| ၅၃၆။ ဦးမျိုးဝင်းကျော် | သရက်မြို့ | ၁၀၀၀၀၀ |
| ၅၃၇။ ဒေါ်ယုယုကျော် | နတ်တလင်းမြို့ | ၁၀၀၀၀၀ |
| ၅၃၈။ ဦးမြင့်နိုင် | ရန်ကုန်မြို့ | ၁၁၀၀၀၀ |
| ၅၃၉။ ဦးစောဘလှိုင်နှင့်မိသားစု အဖွဲ့ဝင်(ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်) | နေပြည်တော် | ၂၀၀၀၀၀ |
| ၅၄၀။ ဦးစိုးသိန်း+ဒေါ်ခင်လေးရီ | မော်လမြိုင်မြို့ | ၁၀၀၀၀၀ |
| ၅၄၁။ ဦးတင်ဦး+ဒေါ်သီတာဌေး မိသားစု (အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်) | နေပြည်တော် | ၃၀၀၀၀၀၀ |
| (လမ်းမီးတိုင် ၃ တိုင်လှူဒါန်း) | | |
| ၅၄၂။ ဦးသော်သော်+ဒေါ်အေးဇာမွန် | နေပြည်တော် | ၁၀၀၀၀ |
| ၅၄၃။ ဗိုလ်မှူးချုပ်အန့်ဇော်(ငြိမ်း)+ ဒေါ်ကေသွယ်မျိုးတင့် | နေပြည်တော် | ၃၀၀၀၀၀ |
| ၅၄၄။ ဦးဉာဏ်လင်းထက် | ရန်ကုန်မြို့ | ၂၀၀၀၀၀ |
| ၅၄၅။ ဦးဇော်လင်း | ရန်ကုန်မြို့ | ၁၀၀၀၀၀၀ |
| ၅၄၆။ ဒေါ်အိရွှေစင်ထွန်း | ပြင်ဦးလွင်မြို့ | ၁၀၀၀၀ |
| ၅၄၇။ ဒေါ်ညွန့်အေး | မြစ်ကြီးနားမြို့ | ၂၀၀၀၀ |
| ၅၄၈။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် မှဝန်ထမ်းများ | နေပြည်တော် | ၄၇၀၀၀၀ |
| (စကျင်ကျောက်ပြား(၁)ကျင်းလှူဒါန်း) | | |
| ၅၄၉။ ဦးကျော်မျိုးထွဋ်နှင့်မိသားစု ဒုတိယဝန်ကြီး(နိုင်ငံခြားရေးဝန်ကြီးဌာန) | နေပြည်တော် | ၄၀၀၀၀၀ |
| ၅၅၀။ အမှတ်(၂)ဘီလပ်မြေစက်ရုံ(တန်-၄၀၀၀) စက်ရုံမှဝန်ထမ်းများ(မစက) | မြိုင်ကလေးမြို့ | ၆၅၈၅၀၀ |
| ၅၅၁။ ဦးဇော်မင်းသန့် | တောင်ငူမြို့ | ၁၁၀၀၀၀ |
| ၅၅၂။ တပ်အထည်ချုပ်စက်ရုံ(မင်္ဂလာဒုံ) (ဝါယာလက်)ချုပ်လုပ်ငန်း(၁၀)မှဝန်ထမ်းများ | ရန်ကုန်မြို့ | ၇၆၀၀၀ |
| ၅၅၃။ ဦးညိုဝင်း+ဒေါ်ခင်ဌေးမိသားစု | ရန်ကုန်မြို့ | ၉၀၀၀၀ |
| ၅၅၄။ ဦးခင်မောင်ဦးနှင့်မိသားစု အဖွဲ့ဝင်(ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်) | နေပြည်တော် | ၂၀၀၀၀၀ |
| ၅၅၅။ ဗိုလ်ကြီးရဲမင်းသန့်+ဒေါ်သဲဆုလွင် (သမီး)မကြည်စင်ရှင်းသန့်မိသားစု | နေပြည်တော် | ၅၀၀၀၀ |
| ၅၅၆။ ဒေါ်မြင့်ဦး(၅၇)နှစ်ပြည့်မွေးနေ့အလှူ | နေပြည်တော် | ၃၀၀၀၀ |
| ၅၅၇။ ဦးပြုံး+ဒေါ်ဌေးမိသားစု | နေပြည်တော် | ၁၀၀၀၀ |
| ၅၅၈။ ဒေါ်မေဇွန်မိုး | မြစ်ကြီးနားမြို့ | ၁၈၀၀၀ |
| ၅၅၉။ ဦးကျော်သီဟ+ဒေါ်လွင်လွင်မွန် | ရန်ကုန်မြို့ | ၃၀၀၀၀ |
| ၅၆၀။ ဦးစန်းဝင်း | မအူပင်မြို့ | ၆၀၀၀၀ |
| ၅၆၁။ ဦးမြင့်စိုး+ဒေါ်ကျော့ကျော့သိန်း | ရန်ကုန်မြို့ | ၁၀၀၀၀၀၀ |
| ၅၆၂။ ဦးမောင်မောင်တင့်+ဒေါ်သန်းသန်းချို (အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်) | နေပြည်တော် | ၃၆၀၀၀၀ |
| (ကွန်ကရစ်(၈)လက်မထု(၁)ကျင်းလှူဒါန်း) | | |
| ၅၆၃။ ဦးညွန့်အောင်နှင့်မိသားစု ဒုတိယဝန်ကြီး(စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန) | နေပြည်တော် | ၈၀၀၀၀၀ |
| ၅၆၄။ ဒေါ်သဲစုလွင် | ရန်ကုန်မြို့ | ၃၀၀၀၀၀ |
| ၅၆၅။ ဒေါ်မြသဇင် | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၅၆၆။ ဓာတ်ငွေ့စက်ရုံ(မန္တလေး) မှဝန်ထမ်းများ(မစက) | မန္တလေးမြို့ | ၃၀၀၀၀၀ |
| ၅၆၇။ ဒေါက်တာသီတာဦးနှင့်မိသားစု ပြည်ထောင်စုရှေ့နေချုပ်(ပြည်ထောင်စုရှေ့နေချုပ်ရုံး) | နေပြည်တော် | ၅၀၀၀၀၀ |
| ၅၆၈။ ဦးဇာနည်အေး | ပြင်ဦးလွင်မြို့ | ၃၀၀၀၀ |
| ၅၆၉။ ကွယ်လွန်သူမိဘများအားရည်စူး၍ ဒုတိယဗိုလ်မှူးကြီးဇော်မျိုးထွန်း+ဒေါ်သန့်ရွှေစင်အောင် | ပြင်ဦးလွင်မြို့ | ၃၀၀၀၀ |
| ၅၇၀။ ဗိုလ်ကြီးနိုင်လင်းအောင်+ဒေါ်အိအိခိုင် | ပြင်ဦးလွင်မြို့ | ၃၀၀၀၀ |
| ၅၇၁။ ဒေါ်ခင်မာကြည် | ပြင်ဦးလွင်မြို့ | ၂၀၀၀၀ |
| ၅၇၂။ ဦးဇော်ထွန်း (နေပြည်တော်သောက်ရေသန့်စက်ရုံ) | နေပြည်တော် | ၃၀၀၀၀ |
| ၅၇၃။ ဦးမင်းအောင် | မြိုင်ကလေးမြို့ | ၆၀၀၀၀ |
| ၅၇၄။ ဦးစိန်မောင်+(ဒေါ်လှခင်) စက်မှုလယ်ယာဇဟိုသင်တန်းကျောင်း | ကျိုင်းတုံမြို့ | ၂၀၀၀၀၀ |
| ၅၇၅။ ဒေါ်ဝတ်မှုံစန်း | ထားဝယ်မြို့ | ၅၀၀၀၀ |
| ၅၇၆။ ဒေါ်ဇာဇာတင် | ရန်ကုန်မြို့ | ၁၂၀၀၀၀ |
| (Garden Light လှူဒါန်း) | | |

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်နုနုဖြိုး ၏ သွင်းကုန်ပါမစ်–ISP IDV8. 2021. 02431(8–1–2021)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၄၃၀၈၇၈၃၀

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်အေးအေးထွေး၏ သွင်းကုန်ပါမစ်–ISP IDV8. 2021. 01816(21–12–2020)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၄၃၀၈၇၈၃၀

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးစိုးတင့်၏ သွင်းကုန်ပါမစ်–ISP IDV8. 2021. 01701(16–12–2020)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၄၃၀၈၇၈၃၀

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၅ယ/၇၁၉၀၂၊ ဟွန်ဒါ Click 150 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုဟိန်း ၆/ထဝန(နိုင်)၁၃၆၅၅၆က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ယ/၄၅၃၅၁၊ ဟွန်ဒါဒရင်း ND125M ယာဉ်လက်ဝယ်ရှိသူ ဦးအီးပေါ် ၆/ထဝန(နိုင်)၀၁၅၇၆၈က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

## ဖခင်အမည်မှန်

မြိတ်မြို့၊ ကန်စွန်းအင်း ကိုယ်ပိုင်အထက်တန်းကျောင်း VII (သင်ရိုးဟောင်း)မှ မသွင်သစ်စံ၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးနိုင်ဝင်း ၆/မအရ(နိုင်)၁၀၇၇၈၉ ဖြစ်ပါကြောင်း။ **ဦးနိုင်ဝင်း**

## ဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ကြည်း– ၆၁၉၄၊ O.T.S(၆)

### ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ရဲကျော်

### စစ်ရေးချုပ်(ငြိမ်း)

### အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားလမ်း၊ (၂)ရပ်ကွက်၊ ကမ္ဘောဇလမ်း၊ အမှတ် (၂၁)နေ ဒေါ်နီနီကျော်၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးဝင်းညွန့် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန)–ဒေါ်သီတာကျော်တို့၏ဖခင် ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ရဲကျော်(ငြိမ်း)သည် ၂–၇–၂၀၂၂ရက်(သောကြာနေ့) နံနက် ၁:၂၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်သင်ဗိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၃) ကျောင်းဆင်း အရာရှိ မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

### ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ရဲကျော်

### စစ်ရေးချုပ်(ငြိမ်း)

### လွှတ်လပ်ရေးမော်ကွန်းဝင် ဒုတိယဆင့်

### ဆောက်လုပ်ရေးဝန်ကြီး(ငြိမ်း)

### အသက်(၉၄)နှစ်

ဆောက်လုပ်ရေးဝန်ကြီး(ငြိမ်း)၊ ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ရဲကျော်သည် ၂–၇–၂၀၂၂ရက်(သောကြာနေ့)နံနက် ၁:၂၄ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**အမြဲတမ်းအတွင်းဝန်နှင့် အရာထမ်း/အမှုထမ်းများ**
**ပြည်ထောင်စုဝန်ကြီးရုံး**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

### ဒုတိယ ဗိုလ်မှူးကြီး တင်မောင်ဝင်း(ငြိမ်း)

### ကြည်း–၆၄၆၉၊ ဗိုလ်သင်တန်း အမှတ်စဉ်(၈)

### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရွှေနှင်းဆီလမ်း၊ ကိုးမိုင်၊ အမှတ် (၁၂/အေ)နေ ဦးကျန်ဘိ–ဒေါ်ဘီးတို့၏သား၊ ဒေါ်ခင်ခင်သန်း၏ခင်ပွန်း၊ ဒေါက်တာညီညီကျော် (အမြဲတမ်းအတွင်းဝန်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)– ဒေါ်ခင်သန်းဝင်း(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန)၏ချစ်လှစွာဖခင်ကြီး ဒုတိယဗိုလ်မှူးကြီးတင်မောင်ဝင်း(ငြိမ်း)သည် ၃–၇–၂၀၂၂ရက်တွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**(သတ္တုရေးရာ) ဝန်ထမ်းမိသားစု**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4G/7159, Mazda Bongo SK 82T P/U (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမင်းသူ ၇/ပခန(နိုင်)၂၆၁၈၈၂ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

# တိုက်ခန်းရောင်းမည်

သိန်း ၈၁၀၊ ၁၄x၅၀ပေ ခေါင်းရင်းခန်း၊ မြေညီ၊
ထပ်ခိုးပြည့်၊ မီးဖိုကြွေပြားကပ်၊ ရေချိုးခန်း၊
အိမ်သာသီးသန့်၊ ဘိုထိုင်
အမှတ်(၆၅၂)၊ ဖက်တန်းလမ်း၊ (၅)ရပ်ကွက်၊ ပုသိမ်မြို့
ဖုန်း–၀၉–၂၁၁၀၈၂၇၊ ၀၉–၇၆၄၂၆၅၈၇၆

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ ဗေဒါလမ်း၊ မြေကွက်အမှတ်( ၁၄၆ )၊အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဒေါ်သင်းသင်းဆွေ( H/RGN - ၀၃၇၄၂၈) အမည်ပေါက်ပါမစ်မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဦးရှိနယ်လျံ (၁၂/ဒဂမ(နိုင်)၀၂၄၃၄၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးခင်မောင်ဦး | ဦးထိန်လင်းသန်း |
| LL.B, D.B.L, D.I.L, | LL.B, D.B.L, D.I.L, D.M.L, |
| တရားလွှတ်တော်ရှေ့နေ (စဉ်–၈၈၅၂) | တရားလွှတ်တော်ရှေ့နေ (စဉ်–၈၈၈၂) |
| Hein Htet San Law Firm | ဖုန်း– ၀၉၅၅၀၆၁၄၆ ၊ ၀၉၅၅၀၄၂၆၅ ၊ ၀၉၄၅၀၀၁၇၁၃၆ |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ သခင်ဗစိန်လမ်း၊ မြေကွက်အမှတ်(၆၂၁)ဟုခေါ်တွင်သော မြေအလျားxအနံ(၄၆'x၆၀')ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် နှစ်ထပ်တိုက်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြို့မြေစာရင်းတွင် အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်ခင်ဝါဝါ ၈/သရန(နိုင်) ၀၀၄၃၆၂ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မိုးဝင်းစန္ဒာ ၁၂/သဃက(နိုင်) ၀၄၇၃၁၃က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီအပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဗိုလ်ဗိုလ်ဇော် (LL.B,D.B.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၆၉၈)**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း–၀၉–၄၅၀၀၃၅၀၇၀**

## ဝမ်းနည်းကြေကွဲခြင်း

### ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ရဲကျော်

### စစ်ရေးချုပ်(ငြိမ်း)

### လွှတ်လပ်ရေးမော်ကွန်းဝင် ဒုတိယဆင့်

### ဆောက်လုပ်ရေးဝန်ကြီး(ငြိမ်း)

### အသက်(၉၄)နှစ်

ဆောက်လုပ်ရေးဝန်ကြီး(ငြိမ်း)၊ ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ရဲကျော်သည် ၂–၇–၂၀၂၂ရက်(သောကြာနေ့)နံနက် ၁:၂၄ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးနှင့် ဇနီး ဒေါ်စိမ့်နီခင်**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

### ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ရဲကျော်

### စစ်ရေးချုပ်(ငြိမ်း)

### လွှတ်လပ်ရေးမော်ကွန်းဝင် ဒုတိယဆင့်

### ဆောက်လုပ်ရေးဝန်ကြီး(ငြိမ်း)

### အသက်(၉၄)နှစ်

ဆောက်လုပ်ရေးဝန်ကြီး(ငြိမ်း)၊ ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ရဲကျော်သည် ၂–၇–၂၀၂၂ရက်(သောကြာနေ့)နံနက် ၁:၂၄နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီး ဦးမင်းထိန်နှင့် ဇနီး ဒေါ်နှင်းသီတာအောင်ထွေး**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်အေးအေးကျော်

### ပါမောက္ခ(ငြိမ်း)(ဓာတုအင်ဂျင်နီယာဌာန)

### YIT/ MIT

### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ ၅လမ်း(မြောက်)၊ အမှတ် ၈၈(စီ)နေ (ဦးအုန်းကျော်–ဒေါ်ခင်စန်းချစ်) တို့၏ ဒုတိယသမီး၊ ဒေါ်သီသီကျော်၏ညီမ၊ ဒေါ်မြမြကျော်၊ (ဦးတင်မောင်ကျော်)၊ ဒေါ်အုန်းအုန်းကျော်–ဦးမြင့်ဝင်းကျော်၊ ဒေါ်ယဉ်ယဉ်ကျော် –ဦးသန်းဆွေ၊ ဒေါ်ခိုင်ခိုင်ကျော်–ဦးနိုင်မင်းထွဋ်တို့၏အစ်မ၊ ဦးဇေကိုကိုကျော်၊ ဦးဇေညီညီကျော်၊ ဦးသူရိန်အောင်၊ မထက်မွန်မွန်ဦး၊ မဖူးပေမာန်ကျော်၊ မဆုသီရိစိုးစံတို့၏ အဒေါ်သည် ၃–၇–၂၀၂၂ရက်(စနေနေ့)ည ၉:၂၀နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅–၇–၂၀၂၂ရက်(တနင်္လာနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ် သင်္ဂဟများအားအသိပေး အကြောင်းကြား အပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၉–၇–၂၀၂၂ရက် (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း

ညောင်ရွှေမြို့၊ တီးလောကျေးရွာအုပ်စု၊ ပေါရိသလမ်းရှိ ကွင်းအမှတ်(၄)၊ ဦးပိုင်အမှတ် ၄၉/၃ရှိ မြေကွက် ၁၄ ဒသမ ၈၇ ဧကရှိ ငါးကန်မြေကွက်အား ဒေါ်နန်းကောင် ၁၃/ကတန(နိုင်)၀၅၈၆၅၇မှ မိမိပိုင်မြေအား အမည်ပေါက်လျှောက်ထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဒေါ်နန်းကောင်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက် အတွင်း ခိုင်လုံသောအထောက်အထားမူရင်း အပြည့်အစုံဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဆက်သွယ်စုံစမ်းရန်–**
**ဦးကြည်မိုး**
**မင်္ဂလာအောင်မြေ(၂)၊ ရွှေညောင်မြို့**
**ဖုန်း–၀၉–၄၅၄၇၇၃၀၅၆၊ ဖုန်း–၀၉–၄၄၄၈၈၉၇၄၃**

## အထွေထွေကိုယ်စားလှယ်လွှဲစာအား နှစ်ဦးနှစ်ဖက်သဘောတူ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း

တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ နန္ဒဝန်ရပ်၊ အကွက်(၂)၊ နန္ဒဝန်လမ်း၊ အိမ်အမှတ်–၈၄(ခ)နေ ကျွန်တော် ဦးမျိုးမင်းဇော်(ဘ)ဦးကျော်စိန် ၁၃/ညရန(နိုင်)၀၅၇၂၈၉သည် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်၊ အရှေ့ဗဟိုလမ်း၊ အမှတ်–၂၈(ခ)နေ ဒေါ်အေးအေးမြင့်(ဘ) ဦးလှမြင့် ၁၂/ဗဟန(နိုင်)၀၄၂၆၆၄ထံသို့ ညောင်ရွှေမြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ မှတ်ပုံတင်စာချုပ်အမှတ် (၅/၂၀၂၀) ဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာကို ၁၆–၁–၂၀၂၀ရက်က လွှဲအပ်ပေးထားခဲ့ပါသည်။

ယခုအခါတွင် လွှဲအပ်ထားသော ကိစ္စရပ်များညှိနှိုင်းပြီးဆုံးပြီဖြစ်သဖြင့် ကျွန်တော် ဦးမျိုးမင်းဇော်သည် ဒေါ်အေးအေးမြင့်ထံ လွှဲအပ်ပေးထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအား နှစ်ဦးနှစ်ဖက် သဘောတူ ပြန်လည်ရုပ်သိမ်းကြပါသည့် အကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးမျိုးမင်းဇော်** | **ဒေါ်အေးအေးမြင့်** |
| **အထွေထွေကိုယ်စားလှယ်လွှဲစာအား** | **အထွေထွေကိုယ်စားလှယ်လွှဲစာအား** |
| **ပေးအပ်ခဲ့သူ** | **လက်ခံခဲ့သူ** |

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ အုတ်ကျင်းလမ်း၊ အမှတ်(ဆ/၂၁၁၈) နေ ဒေါ်မာမာသန်း ၁၂/အလန(နိုင်)၀၀၉၀၈၂ ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မာမာသန်း ၁၂/အလန(နိုင်)၀၀၉၀၈၂ နှင့် ဦးချစ်ထွေး ၁၂/ပဘတ(နိုင်)၀၀၈၁၀၃ တို့သည် အလုံမြို့နယ်တရားရုံး၊ မြို့နယ်တရားသူကြီးရှေ့မှောက်၌ ၁၇–၆–၂၀၂၂ ရက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။ဒေါ်မာမာသန်းနှင့် ဦးချစ်ထွေးတို့၏ နှစ်ဦးပိုင်လက်ထက်ပွားပစ္စည်းများကိုလည်း နှစ်ဦးသဘောတူအညီအမျှ ခွဲဝေခဲ့ကြပြီး ဖြစ်ပါသည်။

သို့ပါ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မာမာသန်းနှင့်ဦးချစ်ထွေးတို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ သက်ဆိုင်ခြင်း လုံးဝမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဇော်ကိုကိုဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၄၇၄)**
**တိုက်(၁)၊ အခန်း(B–6)၊ ကွမ်းခြံ(၂)လမ်း၊(၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း–၀၉–၄၂၁၁၆၉၄၆၀**

## ဝမ်းနည်းကြေကွဲခြင်း

### ဒုတိယဗိုလ်မှူးကြီး တင်မောင်ဝင်း(ငြိမ်း)

### အသက်(၈၉)နှစ်

ဒေါက်တာညီညီကျော်( အမြဲတမ်းအတွင်းဝန်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)– ဒေါ်ခင်သန်းဝင်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန)၏ ချစ်လှစွာသောဖခင်ကြီးဒုတိယဗိုလ်မှူးကြီး တင်မောင်ဝင်း (ငြိမ်း) သည် ၃–၇–၂၀၂၂ရက် (စနေနေ့) ညနေ ၃:၄၀တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးရုံး၊ ဝန်ထမ်းများ**
**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန**
**(ရုံးအမှတ်–၂၈)**

## ဝမ်းနည်းကြေကွဲခြင်း

### ဒုတိယဗိုလ်မှူးကြီး တင်မောင်ဝင်း(ငြိမ်း)

### အသက်(၈၉)နှစ်

ဒေါက်တာညီညီကျော်( အမြဲတမ်းအတွင်းဝန်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)–ဒေါ်ခင်သန်းဝင်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန)၏ ချစ်လှစွာသောဖခင်ကြီး၊ဒုတိယဗိုလ်မှူးကြီး တင်မောင်ဝင်း (ငြိမ်း) သည် ၃–၇–၂၀၂၂ရက် (စနေနေ့)ညနေ ၃:၄၀တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၄ခုနှစ်၊ သစ်တောဘွဲ့ရသူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

### ဒုတိယဗိုလ်မှူးကြီး တင်မောင်ဝင်း(ငြိမ်း)

### ကြည်း–၆၄၆၉၊ ဗိုလ်သင်တန်းအမှတ်စဉ်(၈)

### အသက်(၈၉)နှစ်

ဒေါက်တာညီညီကျော်( အမြဲတမ်းအတွင်းဝန်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)– ဒေါ်ခင်သန်းဝင်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန)တို့၏ ဖခင်ဖြစ်သူ ဒုတိယဗိုလ်မှူးကြီး တင်မောင်ဝင်း (ငြိမ်း) သည် ၃–၇–၂၀၂၂ရက် (စနေနေ့)ညနေ ၃:၄၀တွင်အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့်ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်း ကြေကွဲရပါသည်။

**သစ်တောဦးစီးဌာန၊ဝန်ထမ်းမိသားစုများ**
**ဦးစီးရုံးချုပ်နေပြည်တော်**

## အလ္လာဟ်အရှင်မြတ် အမိန့်တော်ခံယူခြင်း

### (အလ်ဟဂျ်ဟာဂျီ ဦးခင်မောင်ထွန်း)

### တရားလွှတ်တော်ရှေ့နေ

### အသက်(၆၆)နှစ်

ရန်ကုန်မြို့နေ ဟာဂျီဦးချစ်ထွန်း (MEPE ငြိမ်း)–ဆရာမကြီး ဒေါ်တီတီတို့၏သား၊ မော်လမြိုင်မြို့နေ ဟာဂျီဦးထန်ဒါး–ဟာဂျီမ ဒေါ်ကရီမာတို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၁၃၄လမ်း၊ အမှတ်(၃၀)၊ ၅ လွှာနေ ဟာဂျီမဒေါ်မြရီ(အလယ်တန်းပြ–ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ မပိုးဖြူပြာထွန်း–ကိုမိုးသူရ၊ မအိဇာဖြူထွန်းတို့၏ ချစ်လှစွာသော ဖခင်သည် ၂–၇–၂၀၂၂ ရက် သောကြာနေ့ ညနေ ၃ နာရီတွင် အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၃–၇–၂၀၂၂ ရက် စနေနေ့ နံနက် ၁၁ နာရီတွင် ရေဝေး ကဗရ်စတာန်ဥယျာဉ်တော်၌ ဒါဖနာပြီးစီးပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မြိတ်မြို့၊ မြိတ်တောင်ရပ်ကွက်၊ တိုင်းရင်းဆေးရုံရှေ့လမ်း၊ အမှတ်–၄ နေ ဒေါ်မျိုးသူဇာလွင် (ဘ)ဦးစန်းလွင် ၆/မအရ(နိုင်)၀၉၅၁၂၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေအပ်ပါသည်။

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကန်ကြီးရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်–၁(က)၊ ကန်ကြီး၊ ဦးပိုင်အမှတ်–၁၁/၉၂၊ ဧရိယာ ၀.၀၅၄ ဧကရှိ ဦးသန်းမြမောင်–ဒေါ်ခင်ဆွေ အမည်ထွက်ရှိနေသော နှစ် ၃၀ မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ အပိုင်ရောင်းချခွင့်ရှိသူ ဦးကျော်သိန်းမှ တရားဝင်လက်ရှိပိုင်ဆိုင်ကာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကြေညာ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်မိတ်ဆွေ ဒေါ်မျိုးသူဇာလွင်အား ကမ်းလှမ်းအဆိုပြုလာရာ ဒေါ်မျိုးသူဇာလွင်မှ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းဖိုးငွေများ ပေးချေ၍ ဝယ်ယူလက်ရောက်ရရှိထားပြီးဖြစ်ပါသည်။ သို့ပါ၍ ကျွန်ုပ်မိတ်ဆွေ ဒေါ်မျိုးသူဇာလွင်မှ အထက် ဖော်ပြပါ မြေကွက်နှင့်နေအိမ်တို့၏အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများတွင် အမည်ပေါက်လျှောက်ထားခြင်း၊ မြေငှားဂရန် အမည်ပြောင်းလျှောက်ထားခြင်းများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်ကြောင်း အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မျိုးသူဇာလွင်၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဆွေဇင်သန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၄၅၈)**
**အမှတ်(၁၀)၊ မေတ္တာလမ်း၊မြို့သစ်တံတားဦးရပ်၊ မြိတ်မြို့**
**ဖုန်း–၀၉–၂၅၂၀၈၃၈၉၈**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ဇီးကုန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ သမာဓိလမ်းနေ ဦးမင်းလွင် ၇/ဇကန(နိုင်)၀၁၀၁၃၇၏ သမီးဖြစ်သူ မမေသဇင် (ခ)မေသဇင်လွင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖြည့်စွက်ဖတ်ရှုပါရန်

၂၈–၂–၂၀၂၀ရက် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာပါ ကန့်ကွက်နိုင်ကြောင်းကြော်ငြာ၊ ဒဂုံတောင်မြို့နယ်၊ ဦးအောင်ကြီး+၃၏ ဂရန်သစ်တွင်(၄) မရွှေယမင်းဦး ၁၂/သဃက(နိုင်) ၁၈၄၂၅၅ ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၃၁၈ ဦး တွေ့ရှိ

### ထပ်မံသေဆုံးသူ ၃၅ ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၃၄၁၉ ဦးရှိ

(၄-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၃-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၄-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၀,၃၇၈)ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂,၃၁၈) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၇၇၂,၃၆၁) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၁၆၅,၄၀၅) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၆၈၉) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၈,၇၁၅) ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၃၅) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၃,၄၁၉) ဦး ရှိပါသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ ❑

## ယနေ့ သတင်းအညွှန်း

ရေကြည်မြို့နယ် ရင်းရှည်ကျေးရွာအုပ်စုတွင် ဝဝန်မြစ်ကမ်းပါး အလျား ပေ ၄၀၀ ခန့် ပြိုကျမှုဖြစ် စာမျက်နှာ » ၁၀

တိုကျိုအနီး ကြောက်မက်ဖွယ်ရွံ့နွံ ပြိုဆင်းပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများ ပြန်လည်စတင် စာမျက်နှာ » ၁၃



အာဖဂန်မြေမှ အရှည်ကြာဆုံးစစ်ပွဲ အမေရိကန်တို့ ဘယ်လို အဆုံးသတ်မလဲ စာမျက်နှာ » ၁၄

ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ စာမျက်နှာ » ၂၀

## ဟယ်ရီကိန်း ခြေစွမ်းပြမှုနှင့်အတူ ယူကရိန်းကို အနိုင်ယူပြီး ယူရိုပြိုင်ပွဲ ဆီမီးဖိုင်နယ် တက်လှမ်းနိုင်ခဲ့သည့် အင်္ဂလန်

ယူရို ၂၀၂၀ ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဇူလိုင် ၄ ရက် နံနက်ပိုင်းက ယူကရိန်းအသင်းနှင့် အင်္ဂလန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အသင်းခေါင်းဆောင် ဟယ်ရီကိန်း ခြေစွမ်းပြမှုနှင့်အတူ အင်္ဂလန်အသင်းက လေးဂိုး - ဂိုးမရှိဖြင့် အနိုင်ယူပြီး ယူရိုပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။

အင်္ဂလန်အသင်းသည် ယနေ့ပွဲစဉ်တွင် အဓိက ကစားသမားအများစုဖြင့် ယူကရိန်းအသင်းကို ရင်ဆိုင်လာခဲ့သလို ယူကရိန်းအသင်းကလည်း အားထားရသည့် ကစားသမားအများစုဖြင့် ပွဲထွက်လာခဲ့သည်။ ယူကရိန်းနှင့် အင်္ဂလန်အသင်းတို့သည် ယနေ့ပွဲစဉ်တွင် ခြေစွမ်းအရ သိသိသာသာ ကွာခြားခြင်း မရှိသော်လည်း အဆုံးသတ်ပိုင်းသေချာသည့်

စာမျက်နှာ ၁၈ ကော်လံ ၁ ✪

# ရန်ကုန်-မန္တလေး အမြန်လမ်း၌ လက်နက်၊ ခဲယမ်းများ ဖမ်းဆီးရမိ



ရန်ကုန်-မန္တလေး အမြန်လမ်း၌ သိမ်းဆည်းရမိသည့် လက်နက်၊ ခဲယမ်းများကို တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၄**

နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားထိခိုက်စေရန် ရည်ရွယ်၍ လူငယ်များကို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များထံတွင် အကြမ်းဖက်သင်တန်းများ တက်ရောက်စေပြီး အများပြည်သူလူထု သွားလာလှုပ်ရှားလျက်ရှိသည့်နေရာများကို မိုင်းထောင်တိုက်ခိုက်ခြင်း၊ ကလေးသူငယ်များ၏ ပညာရေးကို ထိခိုက်စေရန် စာသင်ကျောင်းများကို မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်တိုက်ခိုက်ခြင်းများကို လူသားချင်းစာနာထောက်ထားမှုမရှိဘဲ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထိန်းသိမ်းနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၆ ရက်တွင် ရန်ကုန် - မန္တလေး အမြန်လမ်း၊ မိုင်တိုင်အမှတ် (၁၃၅) အနီး၌ လက်နက်၊ခဲယမ်းများ သယ်ဆောင်လာသူ ကျော်ဇေဟိန်း၊ (၁၉) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်နေသူနှင့် သိန်းသန်းမိုး၊ (၂၁)ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်နေသူတို့ နှစ်ဦးကို ပရိုဘောက်အမျိုးအစား တက္ကစီယာဉ်ပေါ်မှ AK-47 လေးလက်၊ M-16 နှစ်လက်၊ Glock အမျိုးအစား ၉ မမ ပစ္စတို နှစ်လက် စုစုပေါင်း လက်နက်ငယ်မျိုးစုံ ရှစ်လက်၊ ကျည်အိမ် ငါးခု၊ MG 2 အီနာဂါ ဗုံးသီး ၁၀ လုံး၊ ၅ ဒသမ ၅၆ ကျည် ၃၁၃ တောင့်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

တရားခံများ၏ ထွက်ဆိုချက်အရ ဇွန် ၂၇ ရက်တွင် ဆက်စပ်တရားခံ ဟန်မောင်မောင်ချို (ခ) ပေါင်ပေါင် ကို

စာမျက်နှာ ၁၂ ကော်လံ ၁ ❈